www.burmeseclassic.com

BURMESE CLASSIC .com

မိုး မိုး ၈၇ ၆ ၀

# အကြည်ဝေါက်
# ပြုံးတော့မှ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၀၇၁၁၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၉၂၁၁၀ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၀၊ စကားဝါလမ်း၊ အုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ - ၈၃
အကြည်တော်
ပြုံးတော်မူ / အကြည်တော် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၂၄ - စာ ၊ ၁၃.၅ x ၂၀.၅ စင်တီ။
(၁) ပြုံးတော်မူ



# မာတိကာ


| | |
|---|---|
| ၁။ ဆယ်ပြားအောင်မြင့် | ၆ |
| ၂။ သူကြီးလက်ဖွဲ | ၁၆ |
| ၃။ ပြုံးတော်မူ | ၅၆ |
| ၄။ ရှဲ | ၇၂ |
| ၅။ ခုန် | ၉၆ |
| ၆။ နာရေး | ၁၁၆ |





www.burmeseclassic.com

www.burmeseclassic.com







ဆယ်တွား ဝေါင်ဖြိုး





www.burmeseclassic.com

www.burmeseclassic.com



## ဆယ်ပြား
## အောင်မြင့်

နာမည်ရင်းက အောင်မြင့်။ ဒါပေမယ့် သူ့ကိုသိတဲ့လူတိုင်း ဆယ်ပြားအောင်မြင့်လို့ပဲ ခေါ်ကြတယ်။

ဆယ်ပြားအောင်မြင့်ဆိုတာနဲ့ ခင်ဗျားတို့ စိတ်ထဲမှာ သမိန်ပေါသွပ်လို ဆယ်ပြားစေ့မျက်နှာနဲ့ လူတစ်ယောက်ကို ပြေးမြင်ရင်မြင်လိမ့်မယ်။ မဟုတ်ဘူး။ ဒီလူ့မျက်နှာက ဆယ်ပြားစေ့မျက်နှာလိုလည်း မဟုတ်ဘူး။ နောက်ပြီး ဆယ်ပြားလိုနေတာတို့၊ ဆယ်ပြားပိုနေတာတို့လို ကျပ်မပြည့်တာလည်းမဟုတ်ဘူး။ ဒီလူက ကျပ်လည်းပြည့်တယ်။ လူကလည်း နှုတ်ခမ်းမွေးစစ ဗလကောင်းကောင်းနဲ့ လူချော၊ ဒါဆို သူ့ကိုဘာလို့ ဆယ်ပြားအောင်မြင့်လို့ ခေါ်လည်းသိချင်ကြမယ်။





ဒီလူက ပွဲစား၊ ပွဲစားကမှ တစ်ပွဲစား ပွဲစားမျိုးမဟုတ်ဘူး။ ပွဲပေါင်းမြောက်မြားစွာစားခဲ့တဲ့ ပွဲစား။ ဒါပေမယ့် သူက ပွဲတိုင်းကို တခြားပွဲစားတွေလို ပွဲခအများကြီးစားတဲ့ ပွဲစားမျိုးမဟုတ်ဘူး။ ကတိသစ္စာရှိရှိ ဆယ်ပြားပဲစားတဲ့ ပွဲစား။ နောက်ပြီး သူက ဒီပြင့်ပွဲစားတွေလို လိုင်းစုံပွဲစားလုပ်တဲ့လူမဟုတ်ဘူး။ တစ်ခုပဲလုပ်တယ်။ သူလုပ်တာက ဆိုင်ကယ်ပွဲစား၊ ဆိုင်ကယ်ပွဲစားကမှ ဆိုင်ကယ်အများကြီး အရောင်းအဝယ်လုပ်တဲ့ ပွဲစားမျိုးလည်းမဟုတ်ဘူး။ ဆိုင်ကယ်တစ်စီးထဲကိုပဲ ပွဲစားလုပ်နေတဲ့ တကယ့်ဆိုင်ကယ်တစ်စီး ပွဲစား၊ ဒီလိုပြောလိုက်လို့ အံ့သြချင် အံ့သြကြလိမ့်မယ်။ မအံ့သြနဲ့ သူ့အကြောင်း မကြာခင်သိရမယ်။

ဒီလူ ဘယ်လိုပွဲစားလောကထဲ ရောက်လာတယ်ဆိုတာကိုတော့ ကျွန်တော်မသိဘူး။ ကျွန်တော် သူ့ကိုသိတဲ့အချိန် ဒီလူ ပွဲစားလောကမှာ နာမည်ကြီးလူသိများတဲ့ ပီဘိပွဲစားတစ်ဦးဖြစ်နေပြီ။ ပွဲစားလောကမှာလည်း အပြောအကောင်းဆုံး၊ ပုံမှန်ဝင်ငွေအရှိဆုံးလူဆို သူ့ကိုပဲ ပြရမှာပဲ။ ဒါ့အပြင် ပွဲစားလောကမှာ အရောင်းအဝယ် အကောင်းဆုံး အလုပ်အဖြစ်ဆုံးလူဆို သူပဲ။ ဒါပေမယ့် သူရောင်းနေဝယ်နေတာက များများမဟုတ်ဘူး။ စူပါကပ် ခိုပြာရောင်(၉၀)ဆိုင်ကယ်တစ်စီးတည်းရယ်။

ဆိုင်ကယ်တစ်စီးတည်းကို နှစ်ပေါင်းမြောက်မြားစွာ ရောင်းနေ ဝယ်နေတယ်ဆိုကတည်းက သူ့ရဲ့အပြောစွမ်းရည်ကို သတိထားမိကြမယ်ထင်တယ်။ သတိမထားမိရင်လည်း ကျွန်တော်သူနဲ့ကြုံဖူးသလောက် သူပြောတာ ကြားဖူးသလောက် ပြောပြမယ်။

အဲဒီတုန်းက ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ဆယ်ပြားအောင်မြင့်ဆီက တစ်စီးထဲသောဆိုင်ကယ်ကို ဝယ်ချင်တယ်။ ဝယ်ချင်တာကလည်း ဒီဆိုင်ကယ်က ရုပ်သန့်တယ်။ (အောင်ဒီ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



**သူ့ဆိုင်ကယ်က စက်နှိုးရ လွယ်တယ်ပေါ့။ ဘယ်လောက်ထိ စက်နှိုးရလွယ်သလဲဆို ခုနက ပြောသလို၊ ကစ်(စ်)စတာပေါ် ကြွက်ခုန်ချရင်တောင် စက်နိုးတယ်ပေါ့။**

နိုင်တယ်ပေါ့ဗျာ) ဈေးလည်းသက်သာတယ်။ နောက်ပြီး ပွဲစားခက လည်း သူများတွေလို အများကြီးပေးရမှာ မဟုတ်ဘူး။ ဆယ်ပြားတည်း ရယ်၊ ဝယ်သူအနေနဲ့ ဘယ်လိုတွေးတွေး တန်နေတယ်ပေါ့။ ဒါနဲ့ အဲဒီဆိုင်ကယ်ကိုဝယ်ဖို့ ကျွန်တော်နဲ့ သူငယ်ချင်းလည်း အောင်မြင့် ချိန်းထားတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်မိကြရော။

ချိန်းထားတဲ့ အချိန်ရောက်တဲ့အထိ ဆယ်ပြားအောင်မြင့် ရောက်မလာဘူး။ ဒါနဲ့ ကျွန်တော်တို့လည်း အရောင်းအဝယ်မဖြစ် တော့လို့ မလာတော့တာ ဖြစ်မယ်ဆိုပြီး ထပြန်မလို့တောင် စဉ်းစား လိုက်ကြတယ်။ အဲဒီအချိန်ကျမှ ဆယ်ပြားအောင်မြင့် ဆိုင်ကယ်ကြီး ကို တဒုန်းဒုန်းစီးပြီး ရောက်လာတယ်။

ကျွန်တော်တို့ကိုလည်းတွေ့ရော ဆိုင်ကယ်ပေါ်ကဆင်းလာ တယ်။ မျက်နှာလည်း သိပ်မကောင်းဘူး။ ဘာဖြစ်လာတာရယ်လည်း မသိဘူး။ ဒါပေမယ့် သူ့ပုံက အိပ်ရေးပျက်ထားတဲ့ပုံ၊ ကျွန်တော်တို့ လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သူ့ကိုဘယ်ကစ ပြောရမယ်မှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်နေကြရတယ်။ ပြီးတော့ သူ့ဆီက တောက်ခတ်သံလည်းကြားရတယ်ဆိုတော့ အိမ်မှာပဲ အဆင် မပြေလာလို့လား၊ ဒါမှမဟုတ် လမ်းမှာတစ်ခုခုများ ပြဿနာတက်





လာလားပေါ့။ သူ့ပုံကလည်း စိတ်ပျက်နေတဲ့ပုံ၊ အတော်ကြာတော့ ကျွန်တော်လည်း မနေနိုင်တော့ဘဲ

"ကိုအောင်မြင့်ကြီး ဘာဖြစ်လာရတာတုန်း"

ဆိုတော့ သူကသက်ပြင်းရှည်ကြီးချပြီး. .

"မပြောချင်ပါဘူးဗျာ အိမ်မှာ ကြွက်တွေ သောင်းကျန်းနေ လိုက်ပုံများ"

ကျွန်တော်တို့လည်း သူ့ဘာမဆိုင်ညာမဆိုင် စကားကြောင့် အံ့အားသင့်သွားပြီး. .

"ဟင်. . ကြွက်တွေက ဘာဖြစ်လို့လဲ"

သူ ကျွန်တော့်စကားကို မျက်မှောင်ကြုတ်လိုက်ပြီး. .

"ဘာဖြစ်ရမှာလဲဗျ၊ ညက ကြွက်တွေသောင်းကျန်းပြီး ဆိုင် ကယ်ကစ်(စ်)စတာပါပေါ် ခုန်ချနေတော့ ဆိုင်ကယ်ကလည်းစက် နိုးလျှင်တယ်လေ၊ တစ်ညလုံးကို မအိပ်ရဘူးဗျာ၊ အိပ်မယ်ကြံလိုက် စက်ထနိုးလိုက်၊ အိပ်မယ်ကြံလိုက် သူတို့က ကစ်(စ်)စတာပေါ်ခုန်ချ လိုက်၊ စက်က ဝုန်းဆိုထနိုးလိုက်နဲ့ တစ်ညလုံးကို အိပ်ရေးပျက်ရော"

အဲဒီတော့မှ သူ့ဆိုလိုရင်းကို ကျွန်တော်တို့သဘောပေါက် တယ်။ သူဆိုလိုချင်တာက သူ့ဆိုင်ကယ်က စက်နှိုးရလွယ်တယ်ပေါ့။ ဘယ်လောက်ထိ စက်နှိုးရလွယ်သလဲဆို ခုနကပြောသလို၊ ကစ်(စ်) စတာပေါ် ကြွက်ခုန်ချရင်တောင် စက်နိုးတယ်ပေါ့။

သူ့အပြောကို ကျွန်တော့်သူငယ်ချင်းက သဘောကျသွား တယ်။ တကယ် စက်နှိုးကြည့်တော့လည်း အဟုတ်ဗျာ၊ ကစ်(စ်)စတာ ပါပေါ် ခြေထောက်တောင်တင်လို့မရဘူး။ စက်ကိုနှိုးပြီးသား၊ စီး ကြည့်တော့လည်း မဆိုးဘူး။ ဒါနဲ့ ကျွန်တော့်သူငယ်ချင်းက ဆိုင်ကယ် ကိုကြိုက်ပြီး ချက်ချင်းငွေချေလိုက်တယ်။ ပြီးတော့ အောင်မြင့်ကို လည်း ပွဲစားခဆယ်ပြားစားပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ကြွက်ခုန်ချတာလောက်
## မပြောနဲ့၊
## ပန်းပဲမောင်တင့်တယ်
## တက်နင်းခိုင်းရင်တောင်
## နိုးမှာမဟုတ်ဘူး။

ဒါပေမယ့် မကြာပါဘူး။ ကျွန်တော့်သူငယ်ချင်းကို သူကြိုက်လှချည်ရဲ့ဆိုတဲ့ဆိုင်ကယ်ကြီး တွန်းလာတာ တွေ့ရတယ်။ ဒါနဲ့ ကျွန်တော်လည်း သိချင်တာနဲ့. .

"ဟေ့ကောင်. . ဘာလည်း ဆိုင်ကယ်ဆီကုန်သွားလို့လား"

ဆိုတော့ သူငယ်ချင်းက မျက်နှာကို ရှုံ့မဲ့ပြီး. .

"ဘယ့်နှယ်ဆီကုန်ရမှာလဲ စက်နှိုးလို့မရလို့ဟေ့ စက်နှိုးလို့မရလို့၊ တောက် ဘယ်လိုဖြစ်တာလဲမသိဘူး။ ဝပ်ရှော့လည်း စုံနေပြီ။ ဘယ်ဆရာနဲ့မှ မကောင်းဘူး။ ပြန်ရောင်းလိုက်တာပဲ အေးမယ်ထင်တယ်ကွာ။ မစီးရမယ့် အတူတူ"

သူ့စကားကို ကျွန်တော် အံ့အားသင့်သွားပြီး. .

"ဟ. . ဒါနဲ့ ပွဲစားအောင်မြင့်ပြောတော့ ကြွက်ခုန်ချရင်တောင် နိုးတယ်ဆို အခုဘယ်လိုဖြစ်ရတာတုန်း"

ကျွန်တော့်စကားကို သူငယ်ချင်းက ခေါင်းယမ်းပြီး. .

"ငါလည်း မပြောတတ်တော့ပါဘူးကွာ၊ ကြွက်ခုန်ချတာလောက်မပြောနဲ့၊ ပန်းပဲမောင်တင့်တယ် တက်နင်းခိုင်းရင်တောင် နိုးမှာမဟုတ်ဘူး"

"ဟ. . ဒါဆို သူ့ကိုပြန်ပြောသင့်တာပေါ့ကွာ"

"အေး. . ဟုတ်တယ် သူ့ကို သွားပြန်ပြောရမယ်၊ မရရင်





လည်း ပြန်ရောင်းခိုင်းလိုက်မယ်ကွာ"

ဆိုပြီး ဆယ်ပြားအောင်မြင့်ဆီ နှစ်ယောက်သား ချီတက်လာခဲ့ကြတယ်။ အခန့်သင့်ပါပဲ၊ အိမ်ရှေ့မှာ ပက်လက်ကုလားထိုင်နဲ့ ဇိမ်ယူနေတဲ့ ပွဲစားဆယ်ပြားအောင်မြင့်ကို တွေ့တယ်။ သူ့ကိုတွေ့တယ်ဆိုရင်ပဲ ကျွန်တော့်သူငယ်ချင်းက ဒေါသတကြီးနဲ့. .

"ဟေ့လူ. . ခင်ဗျားဆိုင်ကယ် ကစ်(စ်)စတာတာပေါ် ကြွက်ခုန်ချရင်တောင် စက်နိုးတယ်ဆို အခုဘယ်လိုမှနှိုးမရပါလား"

ဆိုတော့ ဆယ်ပြားအောင်မြင့်က အပြုံးမပျက်ဘူး။ ဘာပြန်ပြောတယ်ထင်သလဲ။

"အေးဗျ. . ကျုပ်တို့အိမ်ကကြွက်က အကောင်နည်းနည်းကြီးတယ်ဗျ၊ နောက်ပြီး ဒီကြွက်က ဝပ်ရှော့ဆရာသေလို့ ဝင်စားလားတော့မသိဘူး။ သူထခုန်လိုက်ရင် ဆိုင်ကယ်စက်က နိုးတာပဲ". . တဲ့။

ကဲ. . သူငယ်ချင်းကလည်း စိတ်ဆိုးတာပေါ့။ ခင်ဗျားကျုပ်ကို သက်သက်အချဉ်ဖမ်းတယ်၊ လိမ်ရောင်းတယ် စသည်ဖြင့်စွပ်စွဲပါလေရော၊ အောင်မြင့်ကတော့ အပြုံးမပျက်၊ အလျှော့လည်းမပေးဘူး။ ခင်ဗျားကြိုက်လို့ ခင်ဗျားဝယ်ထားတာပဲ။ ဘာမှအချဉ်ဖမ်းစရာအကြောင်းမရှိဘူး။ ကျွန်တော် ခင်ဗျားကို ဇွတ်အတင်း မဝယ်ခိုင်းခဲ့ဘူး စသည်ဖြင့် စကားများကုန်ကြရော။ နောက်ဆုံး သူငယ်ချင်းကစိတ်ညစ်သွားပြီး. .

"ပြန်ရောင်းမယ်ဗျာ"

"ရတယ်လေ. . ကျွန်တော်ပြန်ရောင်းပေးမယ်၊ ပွဲခ ဆယ်ပြားပဲပေး"

အောင်မြင့်ရဲ့ စကားကို သူငယ်ချင်းက စိတ်ဆိုးသွားပြီး. .

"ဟ. . ဘာလို့ ပေးရမှာလဲ ဝယ်တုန်းကလည်း ခင်ဗျားဆယ်ပြားစားယူပြီးပြီ၊ အခုပြန်ရောင်းတော့လည်း ခင်ဗျားကဆယ်ပြားစား



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ‘ဂ’တစ်ခုကိုယူပြီး
ဆိုင်ကယ်ကိုဟိုလှည့်
ဒီဖြုတ်လုပ်နေတယ်။
ကြွက်တစ်ကိုယ်လုံးလည်း
စက်ဆီတွေပေလို့။

ထပ်ယူဦးမယ်ဆို မလွန်လွန်းဘူးလား”

“ဒါဆို မရောင်းနဲ့လေ”

အောင်မြင့်ရဲ့စကားကြောင့် သူငယ်ချင်း ငိုင်ကျသွားတယ်။ ဟုတ်တယ်လေ။ သူ့ခမျာ မရောင်းရင်လည်း ဘယ်လိုလုပ်မလဲ၊ ဒီဆိုင်ကယ်ကြီး ဒီအတိုင်းပုံကျသွားရုံပဲရှိမယ်၊ စီးလို့လည်း မရတဲ့ဟာ။

“ရောင်းမယ်ဗျာ ခင်ဗျားဆယ်ပြားစားယူ၊ ဒါပေမယ့် အမြန်ဆုံးရောင်းပေး”

ဆိုတော့ ဆယ်ပြားအောင်မြင့်က ခန့်ခန့်ကြီးပြုံးပြီး. .

“အခု အရောင်းအဝယ်ဖြစ်ပြီလို့ သဘောထားလိုက်၊ ပေးဆယ်ပြားစား”

ကျွန်တော့်သူငယ်ချင်းခမျာလည်း ဘာမှမတတ်နိုင်တော့တဲ့ အခြေအနေမို့ အောင့်သက်သက်နဲ့ ဆယ်ပြားစားပေးလိုက်ရတယ်။ ဆယ်ပြားအောင်မြင့်ကတော့ သုံးရက်လောက်အတွင်းမှာကို အသွားအပြန် ဆယ်ပြားစားစီ ပြားနှစ်ဆယ်ရသွားပြီ။

ဆယ်ပြားစားဆိုတာ အားလုံးသိမှာပေါ့။ ဥပမာ တစ်သောင်းတန်ပစ္စည်းဝယ်မယ်ဆိုရင် ဆယ်ပြားစားနဲ့ပေါင်းရင် တစ်သောင်းတစ်ထောင်ပေးရပြီး ပြန်ရောင်းမယ်ဆိုရင် ဆယ်ပြားစား





နှုတ်ပြီး ကိုးထောင်ပဲရတယ်။ အသွားအပြန်ဆို အရောင်းအဝယ်ဖြစ်တာနဲ့ ကိုယ်ကနှစ်ထောင်ရှုံးနေပြီ။ ပွဲစားကြေး ဝင်သွားတာပေါ့။

ဒီလိုနဲ့ စိတ်ညစ်ညစ်နဲ့ အဲဒီည ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း အရက်သောက်ဖြစ်ကြတယ်။ အရက်သောက်တော့လည်း သူငယ်ချင်းက အဲဒီအကြောင်းပဲ ကြိတ်မနိုင်ခဲမရ တဖျစ်တောက်တောက်ပြောနေတယ်။ ဆယ်ပြားအောင်မြင့် လူပါးဝတယ် ဘာညာပေါ့။ ဒီလိုနဲ့ ညအတော်နက်တော့ ကျွန်တော်တို့နှစ်ယောက်လည်း ခပ်ထွေထွေနဲ့ အိမ်ပြန်လာကြတယ်။

ဒီလိုနဲ့ ဆယ်ပြားအောင်မြင့် အိမ်ရှေ့ရောက်တော့ ‘ဝုန်းခနဲ’ ဆိုင်ကယ်စက်နှိုးသံကြားရတယ်။ ကျွန်တော်တို့နှစ်ယောက်လည်း ရုတ်တရက် အံ့အားသင့်ပြီး လှည့်ကြည့်မိတော့. .

“ကြွက်”

ဆယ်ပြားအောင်မြင့် အိမ်အောက်ဆိုင်ကယ်ဘေးမှာ ရိပ်ခနဲ ရိပ်ခနဲ ကြွက်၊ ကြွက်က ဆိုင်ကယ်ကစ်(စ်)စတာတာပေါ့ ထပ်ခုန်ချတယ်။ ဆိုင်ကယ်စက်က ဝုန်းခနဲထနိုးပြန်တယ်။ ကြွက်ကမှ အကောင်ကြီးကြီး။ ပြီးတော့ ‘ဂ’တစ်ခုကိုယူပြီး ဆိုင်ကယ်ကို ဟိုလှည့် ဒီဖြုတ်လုပ်နေတယ်။ ကြွက်တစ်ကိုယ်လုံးလည်း စက်ဆီတွေပေလို့။

ဟုတ်ကဲ့။ တကယ့်ကြွက်စစ်စစ်ပါ။ ကြွက်ကမှ ဝပ်ရှော့ဆရာသေလို့ ဝင်စားသလား အောက်မေ့ရတဲ့ကြွက်၊ အဲဒီ ကြွက်က. .။

ဆယ်ပြားအောင်မြင့်ဆိုတဲ့ ဆိုင်ကယ်တစ်စီးစားကြွက်။

ဒါကြောင့် ဒီကြွက် အိပ်ရေးပျက်နေတာ. .။

■



www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com



# သူကြီးလက်ဖွပ်

စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာဟူသော စာပေနယ်အခေါ် ဘာလေးဘာကာလသည် အနုပညာသမားများ လက်ရှောင်သော ကာလဖြစ်၏။

ထိုကာလများ၌ ကလေးစာမေးပွဲများ၊ အခြားသောပွဲများ စဉ်ဆက်မပြတ် ကျင်းပတတ်သောကြောင့် အရောင်းအဝယ်ပါးသော ကာလလည်း ဖြစ်သည်။

ထိုကာလများ၌ အယ်ဒီတာများ၊ စာရေးဆရာများ ငွေပြတ်သောကာလည်း ဖြစ်ပါသည်။





ယခုလဲကြည့်ပါလေ။ မည်သူတွေ ငွေပြတ်နေပါသနည်း။

ရတီအယ်ဒီတာ တစ်ရာဖိုးသုံးထည်ဟုဆိုသော သျှိုသူအောင်၊ မန္တလေးအာရုံဦးမှ လွမ်းဝေနိုင်၊ ကျော်သီဟ၊ **First** ဂျာနယ်မှမုဒိန်းမှုမှုပိုင်ဆွဲထားသော အောင်စိုးသူ၊ ပေါ်ပြူလာဂျာနယ်အယ်ဒီတာ ကိုမျိုး(မြန်မာစာ)(သူ့အကြောင်းရေးရင် မိန်းမ,မကြောက်တတ်ဘူးထည့်ရေးပါတဲ့)၊ အယ်ဒီတာဖြစ်လိုက်၊ စာရေးဆရာဖြစ်လိုက်၊ ကျူရှင်ဆရာလုပ်လိုက်၊ အစုံလုပ်ပဋ္ဌမ်ဒီရိုင်း၊ မျိုးကိုမျိုးနှင့် သူများယောင်လျှင် လိုက်ယောင်တတ်သော ကျွန်တော်အပါအဝင်ဖြစ်၏။

ဆုံတဲ့နေရာကလဲ သိတယ်မဟုတ်လား။ ယမကာဆိုင်မှာ။

"မလျှုတတ်လို့ အရက်သောက်နေတာကွ"

လွမ်းဝေနိုင်စကား။ အသံက သူ့အသားလို ပြာနေပြီ။ ဒီလူကြီး အသားမဲပုံက ထူးဆန်းတယ်ဗျ။ ဥပမာဗျာ။ ပိတ်စအမဲပေါ် သပိတ်တင်ရင် ဘယ်ဟာမြင်ရမလဲ။ မထူးဘူးမဟုတ်လား။ သူ့ကို ပိတ်စအမဲပေါ်တင်ရင် ဘယ်ဟာမြင်ရမယ်ထင်လဲ။ သူ့ကိုမြင်ရတယ်ဗျ။ ခေါင်းဖြူနေလို့လေ။ ကျန်တာက မထူးခြားပေမယ့် ခေါင်းကတော့ ထူးတယ်။

"မင်းတို့စဉ်းစားကြည့်လေ၊ အရက်သမားလောက် အလှူပေးရတာ တစ်ယောက်မှ မရှိဘူး။ ကန်စွန်းရွက်တစ်စည်းကို ဈေးမှာဝယ်ရင် ငါးဆယ်ကွာ၊ ဒီမှာ ယမကာနဲ့တွဲရောင်းတော့ ရှစ်ရာဆိုလဲစားရ၊ ထောင့်နှစ်ရာဆိုလဲပေးရ၊ လေးထောင်ဆိုလဲ လက်ခံရတာပဲ။ နောက်သောက်နေတဲ့ အရက်ကွာ၊ ဆိုင်မှာဝယ်ရင် ထောင့်ခြောက်ရာ၊ ဆိုင်ရောက်သွားရင် သုံးထောင်ဆိုလဲပေးရ။ လေးထောင်ဆိုလဲ ပေးရတာပဲ။ ရေကအစကွာ၊ ဈေးကြီးပေးပြီး သောက်ရတဲ့အပြင်၊ ဘယ်မှာမှမရှိတဲ့**Table Charges** မြန်မာလိုခေါ်ရင် ဖင်ထိုင်ကြေး အရက်ဆိုင်တစ်မျိုးပဲပေးရတာ။ ကဲ. . ငါတို့လောက် သောက်သုံးမကျလောက်

www.burmeseclassic.com



အောင် အလှူပေးနေတာ ဘယ်သူရှိမလဲ”

သူပြောလိုက်မှ

“ဩော်. . ငါတို့ဟာ ဒါနရှင်အစစ်ကြီးတွေပါလား”

ဟု သုံးသပ်မိသည်။ သူ့စကားကို ကျော်သီဟကပါ

“ဒါတင်ပဲလား ကိုလွှမ်းရ၊ အရက်များလို့ လမ်းဘေးအန်ရင်တောင် ခွေးပျော်တာပဲ။ ဒါလဲ လှူဒါန်းခြင်းတစ်မျိုးပဲလေ”

အရက်မူးလို့ မိန်းမထောင်းတာတောင် အလှူပေးနေတာလားမသိ။

“နောက်ပြီး ကျေးဇူးတုံ့ပြန်မှု အရှိဆုံးဟာလဲ အရက်ပဲဗျ။ တော်ကြာ အဖုံးထဲကံစမ်းမဲပေးလိုက်၊ စွပ်ကျယ်ပေးလိုက်၊ ဟော မိုးတွင်းကျတော့ ထီးဗျာ။ သူတို့တွေပဲ ပုံမှန်လက်ဆောင်ပေးတာ”

ကျွန်တော်သာ ကုမ္ပဏီပိုင်ရှင်ဆိုလျှင် ဒီလူတွေကို ကိုယ်စားလှယ်ခန့်တယ်။ သူရာမေရိယကို အကောင်းပြောတာဆိုလို့ ကျွန်တော်တို့တစ်ဖွဲ့သာ ကမ္ဘာမှာရှိမည်ထင်သည်။

“နေကြစမ်းပါဗျာ။ အရက်သောက်ပြီး ငွေပြတ်နေရတဲ့ကြားထဲ ခင်ဗျားတို့က ကောင်းကြောင်းပြောနေသေး။ ငွေဘယ်ကရနိုင်မယ်ဆိုတာ စဉ်းစားကြပါဦး”

ထာဝရငွေပြတ်နေသော ပဥ္စမံက ပါဝါမပါသော ပါဝါမျက်မှန်ဟန်ဆောင်ထားသော မျက်မှန်ကိုပင့်ရင်းပြောသည်။

ပဥ္စမံဆိုသောသူကလဲ လူထူးလူဆန်းပင်။ ပါဝါမရှိသောမျက်မှန်ကို ပါဝါရှိချင်ယောင်ဆောင်တပ်ထားကတည်းက သူ့အခြေအနေကို ရိပ်မိလောက်သည်။ ထူးခြားသည်က သူ့ထံငွေရှိတယ်ဟူသောစကား ဘယ်အခါမှ မကြားခဲ့ဘူးခြင်းပင်။

“ကျွန်တော်လဲဗျာ။ မိန်းမကလေးမွေးပြီးကတည်းက ဘိုင်ပြတ်နေတာ ပိုက်ဆံကလဲ မရှိရတဲ့ကြားထဲ မိန်းမက အိမ်ကနှင်





ချတယ်ဆိုတော့ အဟင့်”

မျိုးကိုမျိုး၏ ကြည်လဲ့သော မျက်ကွင်းညိုကြီးများမှ မျက်ရည်ကြည်များဝေ့လာသည့်အပြင် နဂိုထော် ကြက်တူရွေးနှုတ်သီးမှပို၍ ထော်တက်လာသည်။

“ဟေ့ကောင်တွေ စကားချည်းများမနေနဲ့ လုပ်စရာရှိအပြတ်သာလုပ်။ ငါကတော့ ခပ်ပြတ်ပြတ်သမား”

**First**ဂျာနယ်၏ ပိုင်ရှင်လဲဖြစ်၊ အယ်ဒီတာလဲဖြစ်သော အောင်စိုးသူ ခပ်ပြတ်ပြတ်ပြောသည်။ မှန်၏။ အောင်စိုးသူမှာ ခပ်ပြတ်ပြတ်သမား။ အရပ်ကိုက ခပ်ပြတ်ပြတ်ပင်။ ဘယ်မျှထိ အရပ်ကပုပြတ်သလဲဆိုလျှင် ဘောင်းဘီတိုဝတ်ပေး၍ အနောက်ကကြည့်လျှင် လေးတန်းကျောင်းပင် အပ်လို့ရသေး၏။ သက်တော်ဆယ်နှစ်ခန့်ကတည်းကစ၍ အသက်သာဆက်ကြီးလာသည်။ အရပ်ခမျှာ မကြီးလာ။ အနှိုးနှင့်ထုပ်၍ လမ်းဘေးချထားလျှင်ပင် ငွေအတော်ရမည့်မျက်နှာ။

“ဒီလိုရှိတယ်ဗျ။ ဒါဝင်ရဲ့ သီအိုရီအရ လူဆိုတာ မျောက်က ဆင်းသက်လာတယ်တဲ့။ မျောက်တွေကသာ ဆင်းသက်လာရင် လူဆိုတာ ငွေကို သိမှာမဟုတ်ဘူး။ မိန်းမတွေကိုလဲ ဘုံပိုင်သဘောမျိုးယူ ကောင်းယူကြမယ်။ ဆိုလိုတာကဗျာ မိသားစုရှိလာလို့ လူပီသလာတယ်။ အဲဒီမိသားစုရှိလို့ ငွေလဲလိုလာကြတယ်။ ဟုတ်တယ်နော်”

ကိုမျိုး(မြန်မာစာ)စကား။ သူက အင်တာဗျူးလုပ်သက်ကြာလာတော့ မေးခွန်းတွေစုံနေအောင် သိသည်။ သူကသာ အရှည်ကြီးမေးနေတာ။ ဖြေတဲ့သူက ‘ဟုတ်တယ်၊ မဟုတ်ဘူး’ထိုနှစ်ခွန်းသာရွေးရန်ကျန်၏။

“အဲဒီတော့ ငွေမရှိတဲ့သူဟာ အမှားတွေကို ကျူးလွန်မိကြတယ်။ ဒါကလဲ လောကကြီးက အမွေပေးတာမဟုတ်ပေမယ့်၊ လူတွေက အမွေတစ်ခုလို လက်ခံခဲ့ကြတယ်။ ဟုတ်တယ်မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ခေါင်းခါ လုပ်ရန်ကလွဲပြီး ဘာမှမရှိ။ သူမေးသောမေးခွန်းမှာ သူ့အဖြေက တစ်ခါတည်းပါပြီးသား။ ဒါကိုက ကိုမျိုး (မြန်မာစာ)ရဲ့ အင်တာဗျူးစတိုင်။

"ကဲ ကိုကိုကြီး မင်းမှာရော ဘာပြောစရာရှိလဲ"

လွမ်းဝေနိုင်အမေး။ ကျွန်တော်က

"လူရှင်တော်ကျော်ထူးကတော့ သူ့ခယ်မနဲ့ကျွန်တော့်ကို ပေးစားမယ်ပြောတယ်"

ကျွန်တော့်စကားကို အားလုံးစိတ်ဆိုးပြီး

"ဟော့ကောင် ဒီပွဲက မင်းကို မိန်းမရှာပေးနေတဲ့ပွဲ မဟုတ်ဘူးကွ။ ငါတို့အားလုံး ငွေရှာရမယ့်ပွဲ"

"နေဦးဗျ၊ ခင်ဗျားကိုကျော်ထူးခယ်မနဲ့ ပေးစားမယ်ဆိုတာ ဟိုးအဝေးကြီးကလာတဲ့ မော်တော်ကားကို ဒီကနေလက်ပြတားလို့ သူကရပ်ချင်မှရပ်မယ်"

"နေပါဦး ကိုမျိုးရာ။ မင်းမေးခွန်းကို ခေါင်းညိတ်ခေါင်းခါ လုပ်ရတာ ပင်ပန်းပါပြီ။ ဒီမှာငွေရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ သာပြောပါ"

ဘာတစ်ခွန်းမှ ဝင်မဆွေးနွေးသော သျှီသူအောင်က ဖြတ်ပြောသည်။

"ဓားပြတိုက်ကြကွာ"

ခပ်ပြတ်ပြတ်အောင်စိုးသူစကား။ အားလုံးခေါင်းထောင်သွားသည်။ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ ရုပ်တွေက လုပ်လျှင်ဖြစ်နိုင်သည့်ရုပ်ချည်း။

"နေဦးဗျ။ ဓားပြတိုက်တာတော့ ဟုတ်ပါပြီ။ ဘယ်မှာတိုက်ရမှာလဲ"

ကျွန်တော့်အမေး။ ဒါကို မျိုးကိုမျိုးက





"လုပ်တာတော့ လုပ်ရဲတယ်ဗျ။ ဒါပေမယ့် မြို့ပေါ်တိုက်ရင်မိကိုမိမှာ။ မိသွားရင် ကျွန်တော့်မိန်းမက သွေးနုသားနုနဲ့ အဟင့်"

ဂေါက်သီးကို ဆေးခြယ်ထားသလောက် ကြီးသောမျက်ဝန်းမှ မျက်ရည်များ ဝေ့လာပြန်လေပြီ။ ဒါကို အောင်စိုးသူက

"အာ မင်းတို့ကလည်း သူများတွေကို သွားတိုက်ရင်အမှုဖြစ်မှာပေါ့ကွ။ မိသွားရင်လည်း အမှုမလုပ်နိုင်တဲ့ အချင်းချင်းတွေ တိုက်ကြပေါ့"

ချက်ချင်းဓားဆွဲပြီး တစ်ယောက်နှံကြားတစ်ယောက်ထောက်ပြီး 'ရှိတာအကုန်ထုတ်' လုပ်ရမည့်ပုံ။

"နေဦးဗျ။ အချင်းချင်းတော့ မလုပ်ပါနဲ့"

မနည်းတားယူရသည်။ ကျော်သီဟက အရက်ပုလင်းဆွဲ၍၊ လွမ်းဝေနိုင်က ဖင်ထိုင်ခုံကိုင်လိုက်၍ဖြစ်၏။ သူတို့နှစ်ယောက်က ထရိုက်မည်တော့မဟုတ်။ ကျော်သီဟက ညှော်ခံပွဲတက်နေကျထုံးစံအတိုင်း အိတ်ထဲပြန်ထည့်သွားရန်ဖြစ်ပြီး၊ လွမ်းဝေနိုင်က ခုံမပြေးဖို့သာဖြစ်နိုင်သည်။ တော်ကြာဝယ်ထားတာလေး မသောက်လိုက် မစားလိုက်ရ ဖြစ်သွားနိုင်သည်ပဲ။

"မဟုတ်ဘူး။ အချင်းချင်းဆိုတာ ဒီမှာရှိနေတဲ့ကြံဖော်ကြံဖက်တွေကို တိုက်ရမှာမဟုတ်ဘူး။ ကိုယ့်အသိထဲက ပိုက်ဆံအနည်းငယ် ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတဲ့သူကို တိုက်ရမှာ”

အားလုံးငြိမ်ကျသွား၏။

“ဘယ်သူ့ကို တိုက်ရပ်”

“ဘယ်ကောင်ကများ ချမ်းသာလို့လဲ”

စဉ်းစား၍မရ။ ခင်မင်သူတွေထဲ ချမ်းသာသူတစ်ယောက်မှ မရှိ။ ထိုစဉ်. .

“ဟော့လူတွေ ရှာလိုက်ရတာဗျာ”

အမြဲတမ်းရေးကြီးသုတ်ပျာဖြစ်နေသော မော်နီတာဂျာနယ် အယ်ဒီတာ ဖေယျာမြတ်ခိုင်က ထုံးစံအတိုင်း ရေးကြီးသုတ်ပျာနှင့် ရောက်လာ၏။ သူလဲ တခြားဝိုင်းကကောင်းလာပုံရ၏။

သူ့ကိုမြင်တော့ အားလုံးမျက်မှောင်ကြုတ်သွားပြီး

“ဟော့ကောင် ဘာဖြစ်လာပြန်ပြီလဲကွ။ အလန့်တကြား”

အောင်စိုးသူမေးသည်။ ဒါကို ဖေယျာက

“ခင်ဗျားတို့ လိုက်ခဲ့စမ်းပါဗျာ။ ကျုပ်ကို စော်ကားလိုက်လို့”

“ဟေ မင်းကို စော်ကားလိုက်လို့”

စာနယ်ဇင်းသမား အစော်ကားခံလိုက်ရသည်ဆိုတော့ အားလုံး အလန့်တကြားဖြစ်ကုန်၏။

“ဘယ်ကောင် စော်ကားလိုက်တာလဲကွ။ မင်းသားလား၊ မင်းသမီးလား၊ အဆိုတော်လား ပြောစမ်း”

အောင်စိုးသူက ထသောင်းကျန်းပြီ၊ လူကသာလေးပေမပြည့်တာ။ ဒေါသကတော့ မြင့်၏။

“ပြောစမ်း ဟော့ကောင်၊ ငါတို့စာနယ်ဇင်းကို စော်ကားတာ ဘယ်ကကောင်လဲ။ ချက်ချင်းဖြေရှင်းမယ်”

လွှမ်းဝေနိုင် နဂိုနက်အသားက ဒေါသဖြင့် ပိုနက်သွား၏။

“အာ ဘယ်အသိုင်းအဝိုင်းကမှ မဟုတ်ဘူးဗျ။ ဈေးသည်





အဒေါ်ကြီးတစ်ယောက်”

“ဈေးသည် အဒေါ်ကြီး”

အားလုံးဇဝေဇဝါဖြစ်ကုန်၏။ ဈေးသည်က စာနယ်ဇင်းကို စော်ကားရန် ဘာအကြောင်းမှမရှိ။

“နေပါဦးကွ။ အဲဒီအဒေါ်ကြီးက မင်းကိုဘာပြောလိုက်လို့လဲ”

ဖေယျာက ဒေါသတကြီး လုံချည်ကိုဆွဲမြှောက်လိုက်ပြီး၊

“ခင်ဗျားတို့ စဉ်းစားကြည့်ပါဗျာ။ ကျုပ်ဘာသာကျုပ် ကိုယ့်လမ်းကိုယ်လျှောက်တာ အနောက်ကနေလိုက်အော်တယ်”

“ဘာအော်လို့လဲ”

အားလုံး သံပြိုင်ဖြစ်သွား၏။ သိချင်စိတ်က ငယ်ထိပ်ဆောင့်နေပြီကိုး။

“မြတ်ခိုင်သား ပုပုလေးတဲ့”

“ဟယ်”

အားလုံးမျက်လုံးပြူးသွား၏။ မှန်ပေသည်။ လျှပ်တစ်ပြက် ဂျာနယ်အယ်ဒီတာချုပ် ပွဲတိုင်းကျော်(သူကြီး)ဦးမြတ်ခိုင်က အရပ်မြင့်သလောက်၊ ဒီကောင်ဖေယျာအရပ်က အောင်စိုးသူလောက်သာ ရှိနေသည်။

“နေပါဦးကွ၊ အဲဒီ ဈေးသည်အဒေါ်ကြီးက မင်းကိုဦးမြတ်ခိုင်သားမှန်း ဘယ်လိုလုပ်သိလဲ”

“မသိဘူးဗျ။ ကျုပ်လည်းစဉ်းစားလို့မရဘူး။ ကျုပ် သူ့ရှေ့ဖြတ်သွားတိုင်း၊ မြတ်ခိုင်သားပုပုလေး. . မြတ်ခိုင်သားပုပုလေးဆိုပြီး အော်အော်နေတာဗျ။ တောက် ရင်နာတယ်ဗျာ။ ကျုပ်ဘာသာကျုပ် အရပ်ပုတာ သူ့မအော့လင်မို့လား”

ကောင်လေးက ယဉ်ကျေးတယ်။ စာနယ်ဇင်းလုပ်သက်



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ စကားအပြောအဆို သိပ်နူးညံ့တာ။ ပီယဝါစာလဲသိပ်ပြော တတ်တာ။

"ကဲ ဒါဖြင့်သွားမယ်ကွာ။ တို့ခေါ်ပြမတိုက်ခင် အရင်လက် သွေးကြည့်ရအောင် သွေးပူပေါ့"

အားလုံးကလဲ လိုမိုက်ဘဝစုတေပြီး၊ စာနယ်ဇင်းလောကထဲ ရောက်လာကြသည်မို့ လက်ယားသွားကြသည်။

"ချမယ်ဗျာ။ ပွဲကြီးမနွှဲခင် ပွဲလေးတော့ အရင်နွှဲလိုက်ကြရ အောင်"

အားလုံး တက်ကြွသွားကြသည်။

"ကဲ ဒါဆို ကျုပ်နောက်လိုက်ခဲ့။ တွေ့ကြပြီပေါ့ကွာ။ မြစ် ခိုင်သားပုပုလေးမှာ ဘယ်လောက်ကြီးတယ်ဆိုတာ ပြရသေးတာပေါ့"

ဆိုကာ ဗေယျာမြစ်ခိုင်မှာ အရှေ့မှ ပုတုပုတုလေးနှင့် ဦး ဆောင်သွား၏။ သူ့နောက်ကမှ အောင်စိုးသူက မြောင်းထဲကျပြီး ရေမနစ်အောင် အရပ်ထောက်ပြီး ပုတုပုတုနှင့်လိုက်သွား၏။ သူတို့ နောက်ကမှ နှစ်ယောက်ပေါင်းမှ နှစ်လုံးပဲကောင်းသော(မျက်လုံး) လွှမ်းဝေနိုင်နှင့်ကျော်သီဟမှာ သူတို့၏ ကိုးလလွယ်ဆယ်လဖွား ကိုယ် ဝန်များကို ရှေ့ထုတ်၍ ချီတက်ပြန်၏။ သူတို့နောက်ကမှ မျက်လုံး နှင့်ဖြခြောက်ရုံနှင့် သေသွားလောက်သော မျိုးကိုမျိုး။ ထိုနောက်ကမှ ကျွန်တော်အပါအဝင် ကျန်သူများ။ (ဟီဟိ ကိုယ့်အကြောင်းတော့ မကောင်းဘယ်ရေးမလဲ။)

အောင်မာ ကျန်တဲ့သူတွေက မိန်းမသာကြောက်တာ။ ပတ် ဝန်းကျင်လဲ မကြည့်ရဲဘူး။ အာဂသတ္တိတွေ။

"ဟိုးမှာတွေ့လား။ အဲဒီအဒေါ်ကြီးပဲ။ ကျုပ်ကိုစော်ကား တာ"

သူပြရာလှမ်းကြည့်လိုက်တော့ အဒေါ်ကြီးတစ်ယောက်။





ဆိုင်းထမ်းတစ်ခု အိုးတစ်လုံးနှင့် လူပြတ်သော လမ်းတွင်အေးအေးလူလူ ယပ်တောင်လေးယပ် ရင်း ဝယ်သူကိုမျှော်ကြည့်နေပုံရ၏။

ထိုအဒေါ်ကြီးကိုကြည့်၍ အားလုံး ဇဝေဇဝါဖြစ်ကုန်ကြ၏။

"ဟေ့ကောင် ဟုတ်ရဲ့လား။ အဒေါ်ကြီး ကြည့်ရတာ အေးဆေးပါပဲ"

"ဩော် ခင်ဗျားတို့ကလည်း ကျုပ်လေး ငါးခေါက် ဖြတ်ပြီးပါပြီဗျ"

"မသေချာဘဲ လုပ်လိုက်ရင် မကောင်း ဘူးနော်။ တော်ကြာ လက်လွန်ကုန်မှဖြင့်"

"ဩော် ကဲ ခင်ဗျားတို့မယုံရင် ကျုပ် ဖြတ်လျှောက်ပြမယ်။ သူအဲသည်လို မအော်ရင် ကြိုက်သလိုပြော"

ဆိုကာ ရှေ့မှထွက်သွားသည်။ ကျန်သူ များက နောက်မှလိုက်၍၊

မှန်ပေသည်။ သူလဲ ဆိုင်ရှေ့လည်း ရောက်ရော

"……."

အဒေါ်ကြီး၏ ထအော်သံ။ ငတိလူ အုပ်များပြီး လုပ်လို့ရပြီထင်၍ထင့်။ ဒေါသတွေ လှိမ့်ထွက်လာ၏။

"တွေ့လား ခင်ဗျားတို့ကြားတယ်နော်။ ပြောနေကြာတယ် ဒီအိုးကြီးငါကန်ခွဲလိုက်မှ"

ဆိုကာပြေးဝင်သွား၍ သူ့ကိုအတင်း



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းထားရသေးသည်။ နောက်မှ ကျွန်တော်မှပင် ရှေ့ထွက်၍

"အဒေါ်ကြီး ခုနက ဘာအော်လိုက်တာလဲ"

ဆိုတော့ အဒေါ်ကြီးက ခေါင်းမှပဝါကိုချွတ် ချွေးသုတ်ရင်း၊

"မုန့်ဟင်းခါး ပူပူလေးလို့ အော်လိုက်တာပေါ့ သားရယ်။ အရောင်းအဝယ်ကပါးတော့ လူဖြတ်တိုင်း ဝယ်စားနိုးအော်နေရတာ။ ခုန ဒီသားလေး ဒီရှေ့က ဖြတ်တုန်းကတောင် ဝယ်စားနိုးနဲ့အော်လိုက်ရတာ။ အားပေးကြပါဦး သားရယ်"

"တောက်"

အားလုံးတောက်ခတ်မိသည်။ ဇေယျာကိုပါ။

အမှန်တော့။ ဟိုကတိုင်းရင်းသူ။ အသံကိုလဲ ကျယ်အောင် အော်ရတော့"မုန့်ဟင်းခါး ပူပူလေး"ကို မြည်သံစွဲဖြင့်၊

"မြခင်းသား. . ပုပုလေး"

ဆိုပြီး အသံထွက်သွားခြင်းဖြစ်၏။ ဒါကို ဇေတိက သူ့အရပ်ပုတာ စော်ကားတယ်ထင်ပြီး၊

"မြတ်ခိုင်သား ပုပုလေး"

ဟု ထင်ရာမြင်ရာ ကြားနေရခြင်းပင်။

"မင်းကွာ လုပ်လိုက်မှဖြင့် တလွဲချည်းပဲ"

"သိဘူးလေဗျာ။ ကျုပ်လဲ ဘိုင်ပြတ်လို့ လမ်းလျှောက်နေတုန်း အဲဒီအော်သံကြားတော့ နားမှားတော့တာပေါ့"

လာပြန်ပြီ။ ကျွန်တော်တို့လို ဘိုင်ပြတ်နေသူတစ်ယောက်။

"နေပါဦး ခုနက ကျုပ်လာတော့ ခင်ဗျားတို့ ဘာတိုင်ပင်နေတာလဲ"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ပြောသင့်မပြောသင့်က စဉ်းစားရသေးသည်။

"ဓားပြတိုက်ဖို့ဆိုလား"





အားလုံး မျက်နှာပျက်သွားမိ၏။ ဒီကောင်သိလျှင် တစ်တိုင်းတစ်ပြည်လုံး သိပြီ။ ထို့ကြောင့် မထူးတော့ဘူးဟုဆုံးဖြတ်ပြီး စည်းရုံးရတော့၏။

"ဟုတ်တယ်ကွ။ ငါတို့အားလုံးဘိုင်ပြတ်လို့ အဲဒါဓားပြဘယ်သူ့ကို တိုက်ရင်ကောင်းမလဲ စဉ်းစားနေတာ။ မသိတဲ့သူဆိုလဲ အမှုဖြစ်မှာစိုးရတယ်။ သိတဲ့သူထဲက ဘယ်သူ့ကိုတိုက်ရင်ကောင်းမလဲ"

"ဒါမျိုးဗျာ ရှည်ရှည်ဝေးဝေး စဉ်းစားနေရသေးတယ်"

အားလုံးစိတ်ဝင်စားကုန်၏။

"ဘယ်သူ့ကို တိုက်ရမလဲ"

"ကျုပ်အဖေကိုတိုက်"

"ဘယ်လို"

"ဟင်"

သူ့စကားကြောင့် အားလုံး အံ့အားသင့်သွားကြသည်။ မွေးရကျိုးနပ်သော သားငယ်လေးကို တအံ့တဩပြန်ကြည့်မိသည်။ တကယ့်သားလိမ္မာလေးပင်။ တစ်လောကလည်း အမွေပေးထားသော ကင်မရာကို ယူပေါင်ပြီးပြီ။

"ဟုတ်တယ်ဗျ။ ခင်ဗျားတို့ တခြားသူတိုက်ရင် အမှုဖြစ်လိမ့်မယ်။ ကျုပ်အဖေဆို သိသွားလဲ ဆဲရုံ၊ ဆိုရုံနဲ့ပဲ ပြီးသွားမှာ။ သူက အသေချာဆုံးပဲ။ ကျုပ်လဲ ဘိုင်ကျလို့ဒါကိုကြံစည်နေတာကြာပြီ။ ခင်ဗျားတို့နဲ့တွေ့မှပဲ ဟီဟီ"

ဘနဖူးသိုက်တူးတယ်ဆိုတာ ဒီလိုကောင်မျိုးပင်ဖြစ်မည်။

"ဒါနဲ့ နေပါဦး။ မင်းအဖေကို ဓားပြတိုက်တော့၊ မင်းအဖေမှာက ပိုက်ဆံရှိလို့လား"

ကျွန်တော့်အမေး။ ဒါကို ဇေတိက မျက်မှောင်ကြုတ်ပြီး၊

"သိပ်တော့ရှိပုံမရဘူးဗျ။ အဲ ဒါပေမယ့် လက်စွပ်တော့ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ လက်စွပ်"

"လက်စွပ်"

အားလုံး စိတ်ဝင်စားကုန်၏။

"ဟုတ်တယ်ဗျ။ သူဝတ်ထားတဲ့ နဝရတ်ကိုးသွယ်လက်စွပ်ကြီးလေ။ ကျုပ်ကို အမွေမပေးလို့ အမြင်ကပ်နေတာကြာပြီ ဟီဟိ"

ဖခင်ဆီက အမွေခွဲမရ၍ ဓားပြတိုက်သည့်သား၊ ပြတိုက်မှာတောင်ထားရမည်။ အဲဒါကြောင့်ပြောတာ ဒီကောင်က အကျင့်နဲ့ရုပ်ရည်ကလွဲပြီး ဘာမှပြောစရာမရှိဘူး။ ဆဲစရာပဲ ကျန်တယ်။

အားလုံးမျက်ဝန်းထဲတွင် သူကြီးလက်စွပ်ပြူးပြူးကြီးကို မြင်ယောင်မိကြသည်။ မှန်ပေသည်။ ဦးမြတ်ခိုင်(အများအခေါ် သူကြီး)တွင် လက်စွပ်ပြူးပြူးကြီးတစ်ကွင်း ရှိလေသည်။

"မင်းအကြံမဆိုးဘူးကွ။ သူလဲ လက်စွပ်တစ်ကွင်းတည်းဆိုတော့ ရဲတိုင်မှာမဟုတ်လောက်ဘူး"

အားလုံး သဘောကျသွားကြသည်။

"ကဲ ဒါဖြင့်လဲ အသေးစိတ်တိုင်ပင်ရအောင်"


"ယမကာဆိုင် ကွကြစို့"

အားလုံးက မသောက်မစားတတ်မို့လေ။ သိတယ်မဟုတ်လား။

× × ×







"ဒီလိုလုပ် တို့တွေကခာတ်သိခြင်း ဓားပြဝင်တိုက်ရမှာဆိုတော့ ရုပ်ဖျက်သွားဖို့လိုမယ်"

"ရုပ်ဖျက်ဖို့တင်လား။ နာမည်ပါ ဖျက်ဖို့လိုမယ်။ တော်ကြာနာမည်ရင်းတွေခေါ်မိလို့ ချက်ချင်းသိသွားမယ်။ အဲလိုသိသွားရင်လူသတ်မှုထိဖြစ်နိုင်တယ်နော"

လွမ်းဝေနိုင်စကား။ သူ့စကားက သဘာဝကျနေသည်မို့အားလုံးလက်ခံလိုက်သည်။

"နာမည်ဖျက်မှာဆိုတော့ ဘယ်လိုအမည်မျိုးဖျက်ရမလဲ"

ကိုမျိုးကမေးသည်။ အောင်စိုးသူက

"အိုကွာ တို့တွေဗြောင်လုပ်မယ့်ကိစ္စပဲ။ အဖွဲ့နာမည်လိုလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ကြီးလို့ပဲ နာမည်ပေးတာပေါ့"

သူ့နာမည်ကာရိုက်တာနှင့် လိုက်ဖက်နေသည်မို့ သဘောကျသွားကြသည်။ ဒါကို ကျော်သီဟက

"ပြောင်ကြီးတော့ ဟုတ်ပါပြီ။ အားလုံးပြောင်ကြီးချည်းပဲ လုပ်လို့မရဘူးနော်။ ဘယ်သူ့ကို ပြောတာလဲ။ သင်္ကေတလေးတော့ ပါဦးမှပေါ့"

"ဒါများကွာ ပြောင်ကြီး တစ်နှစ်သုံးလေး လုပ်လိုက်ပေါ့။ ရှင်းရှင်းလေး"

"ကဗျာမဆန်လိုက်တာဗျာ။ နောက် လူနာမည်နဲ့လဲမတူဘူး ဒီလိုလုပ်"

"ဘယ်လိုလဲ"

လွမ်းဝေနိုင်စကားကြောင့် ခေါင်းတွေရှေ့ရောက်ကုန်၏။

"ငါ့နာမည်ကို အဖွဲ့အစည်းနာမည်လဲပါအောင် ပိုမိုပြောင်ကြီးလို့ မှည့်လိုက်မယ်။ လူရှေ့သူရှေ့ ငါ့ကိုခေါ်ရင် ပိုမိုလို့ခေါ်"

အောင်မာ ရုပ်နဲ့နာမည် လမိုင်းမကပ်ပုံ။ ဒါကို အောင်စိုးသူကလဲ အားကျမခံ

"ဒါဆို ငါကလဲ ရဲရဲတင်းတင်းသမားမို့ ငါ့နာမည်ကိုရဲရဲပြောင်ကြီးလို့ မှည့်လိုက်မယ်။ လူရှေ့ခေါ်တော့ ရဲရဲလို့ခေါ်"

ပဉ္စမံက

"ဒါဆို ကျုပ်လဲ ကျုပ်နာမည်ကို"

စကားစကိုဖြတ်၊ အောင်သူစိုးကို လက်ညှိုးထိုးရင်း

"သူ့ထက်ပြောင်ကြီး"

ကျော်သီဟက

"ဒါဆို ကျုပ်ကလဲ အားလုံးထက်ဉာဏ်ပညာရော၊ ဗိုက်ရောသာလွန်တဲ့အတွက် သာလွန်ပြောင်ကြီး"





ကိုမျိုးက

"ဒါဆို ကျုပ်ကလဲ အထင်ကရပြောင်ကြီးဗျာ"

သျှီသူအောင်ကလဲ အားကျမခံ၊

"အဓိပတိပြောင်ကြီးဗျာ"

နောက်ဆုံး အဖွဲ့ဝင်ဇေယျာက၊

"မတော်တရော် ပြောင်ကြီးဗျာ"

"ထွီ ခေါ်လို့မကောင်းဘူး ပြန်ပြောင်း"

"ဉာဏပြောင်ကြီးဗျာ"

"ခေါင်းထဲက ဘာမှမရှိတဲ့သဘောလား"

"မဟာပြောင်ကြီးဗျာ"

မျိုးကိုမျိုးကလဲ

"ကျုပ်က ဝေးဝေးကကြည့်ရုံနဲ့ ထင်သာ မြင်သာရှိတာမို့ အတိုင်းထက်ပြောင်ကြီး"

နောက်ဆုံးကျန်သော ကျွန်တော်ကသာ၊

"ဒါဆိုလဲ ကျုပ်က အဓိကပြောင်ကြီး"

အားလုံး အမည်ပေးကင်ပွန်းတပ်ပွဲ ပြီးသွားသည်။

"ကဲ နာမည်ပေးပြီးသွားပြီမို့ ကိုယ့်နာမည်ကိုမှတ်မိအောင် နာမည်တပ်ပြီး ပြောကြည့်ရအောင်"

လွမ်းဝေနိုင်၏ လောဆော်မှု။ အောင်စိုးသူက ခေါင်းညိတ်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒီအကြံမဆိုးဘူး။ စလိုက်ကြရအောင်"

သူ့စကားဆုံးသည်နှင့် လွမ်းဝေနိုင်က

"ပိုမိုတို့ကလေ လုပ်မယ်ဆိုလဲပွင့်ပွင့်ပဲ၊ ခံစရာရှိလဲပွင့်ပွင့်ပဲ"

ရုပ်နှင့်အသံ၊ အသံနဲ့နာမည် အတော်ကလေးကို လမိုင်းမကပ်။ သို့သော် အဆင်ပြေ၏။

"ရဲရဲတို့ကလဲ ရဲရဲပဲ။ စိတ်ကသာ လက်တစ်ဆစ်။ အဝှာက လက်လေးသစ် အရပ်ကိုပြောပါတယ် ဟီဟိ"

"အောင်မာ အောင်မာ သူ့ထက်ပြောဖို့လဲ ချန်ထားပါဦးနော်။ သူ့ထက်တို့က လုပ်စရာရှိရင်သာ နေ့ရွှေ့ညရွှေ့၊ ခံစရာရှိလို့ကတော့ အံကြိတ်ခံလိုက်တာ"

"ဟယ် အဲလိုပြောကြေးဆို သာလွန်တို့ကံကောင်းပုံများ ကန်စောင်းကမြက်ပင်တောင် မထောင်သေးဘူး။ ကန်တော်ရှင်မအသိ။ အဟိ"

"ဟွန့် အဲဒါမျိုးဆို အထင်ကရတို့က ခိခိခိဆိုပြီးတောင် ခိုးရယ်လိုက်ဦးမယ်။ အသက်ကသုံးဆယ်၊ လုပ်သက်ကလေးဆယ်။ မြန်မာပြည်မှာ အထင်ကရလောက် အထင်ကရဖြစ်တာ အထင်ကရပဲ ရှိတယ်"

"အမိပတိပြောဖို့လဲ ထားပါဦးနော်၊ ရပ်ကွက်က ကောင်လေးတွေက အမိပတိကိုမြင်ရင် အသည်းယားလို့တဲ့။ အမိပတိကိုတောင် အပြည့်မခေါ်နိုင်ဘူး။ ပတိ ပတိတဲ့။ အမိပတိလဲ ပတိ ပတိ ဖြစ်ရော ဟီဟိ"

"အောင်မာ ဝေးဝေးတို့ကမှ ပြောစရာမကုန်၊ လွမ်းစရာအဖုံဖုံနဲ့၊ တစ်ခါတုန်းကဆိုရင် ဝေးဝေးမျက်လုံးလေးကို ဝေးဝေးကကြည့်ရုံနဲ့ အသည်းယားလို့တဲ့။ ဝေးဝေးရယ် ဝေးဝေးပဲနေပါမယ် တဲ့ ဟီဟိ"





"တို့ကတော့ နာမည်ကိုကကြီးတယ်။ မဟာတဲ့။ သူများတွေကတောင်ပြောသေး။ လူကြည့်တော့ လက်တောက်လောက်၊ လက်တောက်ကြည့်တော့လဲ လက်တောက်လောက်ပဲတဲ့ ဟင်း ဟင်း ကြီးတာဆိုလို့ နာမည်ပဲရှိတယ်။ မဟာတဲ့ အဟိ"

"အမိဂျ,ကတော့ အမိကပါပဲနော်။ အမိကရှိနေရင် အမိကပြီးရော။ အမိကတော့ အမိကပဲလေ"

ဤသို့ဖြင့် ပန်းဆိုးတန်းကုန်းတံကားတစ်ဝိုက်မှာ စားပြတိုက်ရန် ကြံစည်နေခြင်းကို ရုပ်ကြမ်းကြီးနှင့် အခြောက်တစ်အုပ် အရက်မူးပြီး သောင်းကျန်းနေတယ်ဟူ၍။

ဟိုမင်းသား၏ ကြုံးဝါးသံပင် ကြားယောင်မိသေးသည်။

"ဒါမျိုးမကြောက်လို့ ရွာရိုးလျှောက်နေတာ မဟာမျိုးအခြောက်"

× × ×



www.burmeseclassic.com

www.burmeseclassic.com





အားလုံးကွက်တိ ချိန်ထားပြီးသားဖြစ်နေသည်။

ဇေယျာခေါ် မဟာပြောင်ကြီးမှာ သူ့အဖေတစ်ယောက်တည်း ရှိချိန်ကို ချောင်းမည်။ သူကြီးက သူ့ဂျာနယ်ဖောင်ပိတ်ရက်ဆိုလျှင် ရုံးမှာ တစ်ယောက်တည်းအိပ်ပြီး အလုပ်လုပ်သည်ဆိုပဲ။

ထိုနေ့ညမျိုး၌ ဘယ်သူမှမရှိတော့၍ ကျွန်တော်တို့ ပြောင်ကြီးအဖွဲ့ အလွယ်တကူတက်ပြီး ဓားပြတိုက်ရုံသာ။ ဇေယျာကလဲ အသေအချာ တံခါးဖွင့်ပေးမည်။ ဘာမှမလွယ်ကူတာမရှိ။ အသာလေး သူကြီးလက်စွပ်တက်ချွတ်ရုံသာ ရှိသည်။

သို့သော် မဖြစ်မနေလုပ်ရမည့် အဓိက အခက်အခဲတစ်ခု ရှိသေး၏။





ရုပ်ဖျက်ရန် လိုခြင်းပင်။

နှစ်ရှည်လများ ပေါင်းသင်းလာသူများမို့ သူကြီးချက်ချင်း မှတ်မိသွားနိုင်သည်။

"လွှမ်းဝေနိုင်နဲ့ကျော်သီဟက အသားဖြူအောင်မိတ်ကပ်လူးခဲ့။ အောင်စိုးသူနဲ့ဇေယျာက အရုပ်ပုမှန်းမသိအောင် ကုလားမခြေထောက်တပ်ခဲ့။ မျိုးကိုမျိုးကမျက်လုံးမှေးထား။ ပဥ္စမံနဲ့ကိုမျိုး(မြန်မာစာ)က အသံမထွက်နဲ့။ သျှီသူအောင်က အဟမ်းတို့၊ နှာမှုတ်တာတို့မလုပ်နဲ့။ အဲဒါတွေ သတိထား"

"မင်းကရော ဘာမှမချွတ်ယွင်းဘူးလား"

"ကျွန်တော်က မျက်နှာလေးတင် ချွတ်ယွင်းတာ၊ မျက်နှာအုပ်သွားရင်ပြီးပြီ"

အားလုံးလက်ခံလိုက်ကြသည်။ ကြို တင်မစီစဉ်၍မဖြစ်။

လွှမ်းဝေနိုင်နှင့်ကျော်သီဟတို့က နှစ်ရှည်ငါးပိကောင်ကို နေလှမ်းထားသည့် အသားအရေမို့ ချက်ချင်းမှတ်မိနိုင်သည်။ အောင်စိုးသူနှင့်ဇေယျာတို့မှာလဲ အဝတ်အစားဝယ်လျှင်တောင် ဆိုင်မှာနမူနာချိတ်ဆွဲထားသော အရုပ်မှ အင်္ကျီဘောင်းဘီကိုသာ ရွေးဝတ်ရသူတွေ။ ဆိုဒ်ကလဲကလေးဆိုဒ်လဲမဟုတ်၊ လူကြီးဆိုဒ်လဲမဟုတ်။ ဆိုဒ်ပျက်တွေ။ အရုပ်ဆိုဒ်တွေ။

တစ်ခါ ပဥ္စမံနဲ့ကိုမျိုးကလဲ အသံကသိ



www.burmeseclassic.com

www.burmeseclassic.com



သာသည်။ ပဥ္စမံအသံ က မောင်းကွဲကိုသံတုတ်နှင့် ခြစ်သည့်အသံ။ ကိုမျိုးကလဲ စကားပြော ၍မရ။ စကားပြောလိုက်သည်နှင့် ဒီမေးခွန်း ဘယ်သူ့မေးခွန်းဆိုတာ ချက်ချင်းသိနိုင်သည်။

နောက် မျိုးကိုမျိုးမျက်လုံး။ ဒီမျက်လုံးကလဲ ထူးခြားသည်။ အရွယ်အစားက တစ်လုံးထက်တစ်လုံးကို ဂေါက်သီးလောက်ရှိပြီး အပြင်သို့ ဂေါက်သီးအရွယ် ပြူးထွက်နေသေး၏။

သျှီသူအောင်က တစ်မျိုး။ စကားပြောလျှင် ချောင်းမဟန့်တာ၊ နှာမမှုတ်တာ မလုပ်လျှင်ပြောလို့မရ။ ကျွန်တော်ကတော့ ဘာမှပြောစရာမရှိ၊ မျက်နှာတစ်ခုအုပ်လိုက်လျှင် ကျန်တာ အလုံးလဲမလျော့၊ အရပ်လဲမလျော့။ (ဟီဟိ)

ထို့ကြောင့် သေချာအကွက်ချစီမံပြီး ဇေယျာဆက်သွယ်ချိန်ကို စောင့်နေလိုက်တော့၏။

ငွေရပေါက်ချောင်တော့မှာကို။

× × ×







"ပြောင်ကြီးတပ်ဖွဲ့ လာလို့ရပြီ။ ဂျာနယ်တိုက်မှာ တစ်ယောက်တည်း"

တယ်လီဖုန်း အသီးသီးဆီဝင်လာသော အတွင်းစကားကြောင့် အားလုံးတက်ကြွသွားသည်။ နောက် အချင်းချင်း တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီး

"ကဲ အားလုံးကိုယ့်အစီအစဉ်နဲ့ ကိုယ်လာကြ။ သူကြီးဂျာနယ်တိုက်ရုံးခန်းရှေ့မှာ အားလုံးစုပြီး တစ်ခါတည်းဝင်တိုက်မယ်"

အားလုံးတက်ကြွနေကြသည်။ ငွေရပေါက်ချောင်ပြီကိုး။

ဤသို့ဖြင့် သူကြီးဂျာနယ်တိုက်ရှေ့သို့ ဦးစွာရောက်ခဲ့ရလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





"ဟဲ့ ပလုတ်တုတ် ဘာကြီးလဲ"

ဂျာနယ်တိုက်အောက် ပြေးဝင်လာသော လူဖြူဖြူကြီးနှစ်ယောက်ကိုမြင်တော့ လန့်အော်မိသည်။ အသေအချာကြည့်မှ ကျော်သီဟနှင့်လွမ်းဝေနိုင်။

"အာ ဘယ်လိုဖြစ်လာရတာလဲ"

"မင်းတို့ပဲ ပြောတယ်။ ဖြူအောင်လုပ်လာဆို။ အဲဒါမိန်းမမိတ်ကပ်ခိုးမရတာနဲ့ ထုံးတစ်အိုးဝယ်ပြီး သုတ်လာတယ်"

မှန်ပေသည်။ ခြေအစ ခေါင်းအဆုံး ထုံးသုတ်လာသောကြောင့် နှစ်ယောက်လုံး ဖြူဖွေးနေသည်။ ရှိတာလုပ်လာတာဆိုတော့ ဘယ်လိုမှ အပြစ်ပြောလို့မရ။

ထိုစဉ် တခွပ်ခွပ်ကြားရသော ဒေါက်ဖိနပ်သံ။





တစ်ယောက်ယောက်ဆီကများ ဒီသတင်းပေါက်ကြားပြီလားဟူသောစိတ်နှင့် တထိတ်ထိတ်။

ကြည့်လိုက်တော့ အောင်စိုးသူနှင့်ဇေယျာမြတ်ခိုင်။ အရပ်တွေက မြင့်လာသလို။

"ကုလားမခြေထောက်တပ်ရတာ အဆင်မပြေလို့ မိန်းမဒေါက်ဖိနပ်တွေ ခိုးစီးလာတာ ဟီဟိ"

နှစ်ယောက်လုံးက မိန်းမစီးဒေါက်ဖိနပ်များနှင့်။ ဒေါက်ဖိနပ်စီးလိုက်တော့ ဖင်ပါ ကောက်လာသယောင်။

သိပ်မကြာပါ။ တဒုံဒုံနှင့် နံရံကိုတိုက်ပြီး ဝင်လာသောအသံများ။

လူတစ်ယောက်။

ရင်းရင်းနှီးနှီး မြင်ဖူးသောမျက်နှာ။ သို့သော် မျက်လုံးလေးက မှေးနေသည်။ တရုတ်မမျက်လုံးမျိုး။

"မျိုး. . မျိုးကိုမျိုးလား"

ထိုသူကပြုံးပြီး

"ဟုတ်ပါ့ ဘာလဲအံ့ဩနေလား"

"တကယ် အံ့ဩတာဗျ။ မျက်လုံးက ဘယ့်နှယ်မှေးသွားတာလဲ"

မျိုးကိုမျိုး နှစ်ခြိုက်စွာပြုံးပြီး၊

"ဒါက မျက်ခွံပေါ် မျက်လုံးပုံဆွဲလာတာ။ ဟောဒီမှာအပြူး"

"အောင်မလေးဗျ ဘာကြီးလဲ"

မျက်လုံးဖွင့်ပြလိုက်တော့ သူ့နဂိုအပြူးကြီးမြင်ပြီး လန့်အော်မိကြသည်။ သူက မျက်လုံးပြန်မှိတ်လိုက်သည်။ မျက်ခွံပေါ် ရေးထားသော မျက်လုံးအမှေးလေး ပြန်ပေါ်လာ၏။ ယခုမှ စဉ်းစားမိသည်။ မျက်လုံးမှေးချင်ယောင်ဆောင်၍ မျက်လုံးမှိတ်ခဲ့၍ ခုနက နံရံမှာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဝင်တိုက်သံ တဒုံးဒုံးကြားနေရခြင်းပင်။

“အပြုံးနဲ့အမေး နှစ်မျိုးခံစားလို့ရတာပေါ့ ဟီဟိ”

သူ့လုပ်ရပ်ကို အူမြူးနေသေး၏။

သိပ်မကြာပါ။ သျှီသူအောင်၊ ကိုမျိုးနှင့်ပဥ္စမံတို့ ပါးစပ်ကို အဝတ်ဆို့ပြီး ပလာစတာနှင့်ပိတ်၍ ရောက်လာကြသည်။

“ကဲ လူစုံပြီ။ တစ်ယောက်မှမမှားစေနဲ့နော်။ ဟိုရောက်တာနဲ့ ဝုန်းဒိုင်းကြဲပြီးဝင်မယ်”

“ကဲ ရုပ်ဖျက်ကြရအောင်”

အားလုံးပါလာသောလုံချည် မျက်နှာပေါ်အုပ်စည်းလိုက်သည်။ နဂိုပြောင်ကြီးများမို့ မျက်နှာတွေလုံသွားကြသည်။

“ဟီဟိ”

လွမ်းဝေနိုင်နှင့်ကျော်သီဟမှာ တစ်ကိုယ်လုံးထုံးသုတ်ခဲ့သော်ငြား ထိုတစ်ကွက်ကို မေ့ကျန်ရစ်၍ ထိုနေရာကွက်ကွက်ကလေးသာ စား၍မကုန်ဘဲ ချန်ထားရစ်ခဲ့သော ကောက်လှိုင်းတီမုန့်အသိုးလို မဲကျန်ခဲ့လေသည်။

“ကဲ တစ်နှစ်သုံးဆို ဝင်မယ်. . သုံး”

တစ်နှစ်က စမရေဘဲ၊ သုံးဆိုတာနှင့် ပြေးဝင်သွားသောကြောင့် မနည်းလိုက်ပြီး ပြေးဝင်သွားကြသည်။

“ဒုန်း”

“ဝုန်း”

“ဟဲ့ ဘာကြီးလဲဟ”

ကျန်တဲ့သူက ကိစ္စမရှိ။ မျက်စိမှေးချင်ယောင်ဆောင်ပြီး မျက်ခွံပေါ် မျက်စိပုံဆွဲလာသော မျိုးကိုမျိုးက နေရာစုံဝင်တိုက်သဖြင့် အခန်းတွင်းတစ်ယောက်တည်းရှိနေသော သူကြီးထခုန်သည်။

“တစ်ယောက်မှ မလှုပ်နဲ့”





“တစ်ယောက်တည်း ရှိတာပါကွယ်”

“တစ်ယောက်တည်းရှိလဲ အဲဒီတစ်ယောက် မလှုပ်နဲ့”

သူကြီးဇဝေဇဝါနှင့် လိုက်ကြည့်သည်။

“ဘာ ဘာလုပ်တာလဲဟင်”

“စာမူလာပို့တာ။ အဲ ဓားပြလာတိုက်တာ။ ဓားပြလာတိုက်တာဗျ။ ဟားဟား”

သူကြီးဇဝေဇဝါနှင့် တစ်ယောက်စီလိုက်ကြည့်သည်။

“ဓားပြလာတိုက်တာ ဒေါက်ဖိနပ်နဲ့”

အောင်စိုးသူနှင့်ဇေယျာစီးလာသော ဒေါက်ဖိနပ်ကိုမြင်တော့ အံ့အားသင့်သွားသည်။ အောင်စိုးသူကတော့ ခပ်တည်တည်ပင်။

“ဒေါက်ဖိနပ်က အရပ်ပုတာ လူသိမှာစိုးလို့ မိန်းမဆီက ခိုးစီးလာတာဗျ ဟားဟား ဘယ့်နှယ်လဲ မြင့်ပြီမဟုတ်လား။ အဲ မြင့်ပြီမဟုတ်လား”

သူကြီး ဇဝေဇဝါဖြစ်သွားပုံရ၏။ ပြီးမှ

“အသံက ဂျစ်ကလေး(အောင်စိုးသူနာမည်ပြောင်)အသံနဲ့တူလိုက်တာ”

“ဘယ့်နှယ် ဂျစ်ကလေးရမှာလဲ။ အောင်စိုးသူဗျ အောင်စိုးသူ”

“အောင်စိုးသူ”

ထိုတော့မှ အောင်စိုးသူ မှားသွားမှန်းသိပြီး၊

“အဲ ဘယ်ကအောင်စိုးသူလဲ ဘယ်အောင်စိုးသူမှမသိဘူး။ ကျုပ်နာမည် ကျုပ်နာမည် အဲ ငါ့နာမည် ဘာလဲဟေ့ကောင်”

အရေးထဲပေးထားသော နာမည်ကမေ့နေသေး၏။ ဒါကို ဂယောင်ကျွန်တော်က ခေါင်းကုတ်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်ကြီးတော့ ပါတယ်။ သာလွန်လား ပိုမိုလား"

ဒါကို နံဘေးနားက လူများက

"သာလွန်ကငါ၊ ပိုမိုကသူ၊ အဓိပတိထင်တယ်"

"အဓိပတိက ငါပါဟ"

အရေးထဲ စကားများနေရသေး။ နောက်မှ အောင်စိုးသူက

"အဲ. . မှတ်မိပြီ။ ရဲရဲပြောင်ကြီးကွ၊ ရဲရဲပြောင်ကြီး မသိရင် မှတ်ထား ဟား ဟား ဟား"

သူကြီး ခေါင်းကုတ်သွား၏။

"ရဲရဲပြောင်ကြီး နေစမ်းပါဦး။ အခုလာတာက"

"စာမူလာပို့တာ။ အဲ မေးပြလာတိုက်တာလို့ ပြောပြီးသား ကို"

"မေးပြက ဒေါက်ဖိနပ်နဲ့"

"ဒါက အရပ်ပုတာ လူမြင်သွားရင် အောင်စိုးသူနဲ့ဇေယျာ မှန်းသိသွားမှာစိုးလို့ အဲ. . အဲလေ ရဲရဲပြောင်ကြီးနဲ့မဟာပြောင်ကြီး မှန်းသိသွားမှာစိုးလို့။ အဲ. . အဲဒါ ဘယ်လိုပြောရမလဲပေါ့နော် ခစ် ခစ်ပေါ့နော်"

အောင်စိုးသူနှင့်တော့ အလုပ်မဖြစ်တော့။ သူကကြောက် တတ်သူသာ ဖြဲခြောက်ရဲတာ။ သူ့ကို ပြန်ဖြဲလို့ကတော့ ပြဲပြီသာမှတ်။

ဒါကို ရိပ်မိသော ပဥ္စမံက သူ့ပါးစပ်က ပလာစတာကိုဆွဲ ဖြုတ်လိုက်သည်။ ပါးစပ်အတွင်းမှ မိန်းမထိုးထည့်ပေးလိုက်သော လက်နှီးစုတ်တွေ တစ်ထွေးကြီးထွက်လာ၏။ နောက် သူကအခမ်းအနား မှူးလုပ်နေကျမို့ အကျင့်ပါကာ ချောင်းဟန့်ရင်း

"အဟမ်း အဟမ်း ကျုပ်တို့က ခင်ဗျားကိုဖြဲခြောက်နေတာ မဟုတ်ဘူး။ တကယ်လုပ်မှာ"

သူ့အသံကြားသည်နှင့် သူကြီးက၊





"ရဲကျော်မြင့်ထင်တယ်"

ရဲကျော်မြင့်ခေါ် ပဥ္စမံဒီရိုင်း ရှုံးတိုးရှုန်းတန်းဖြစ်သွားပြီး

"ဘယ်ကရဲကျော်မြင့်လဲ ရဲကျော်မြင့်လဲမသိဘူး။ ပဥ္စမံဒီရိုင်း လဲမသိဘူး ဟယ် ဟယ် "

ပြောပြီးမှမှားသွားမှန်းသိပြီး ပါလာသော လက်နှီးစုတ်ကို ပါးစပ်ထဲထိုးထည့်ပြီး ပလာစတာနှင့်ပြန်ပိတ်ထားလိုက်သည်။

အခြေအနေမကောင်းတော့မှန်းသိ၍ထင့် ကိုမျိုးကသူ့ပလာ စတာကို ဖြုတ်လိုက်သည်။ ထူးဆန်း၏။ ပါးစပ်ထဲမှ သူ့မိန်းမ၏ ညဝတ်ဂါဝန်ကြီးတစ်ထည်လုံး ထွက်ကျလာသည်။ ဂါဝန်ကိုပါဖြန့်ပြ နေသေး၍ အားလုံးကြောင်ကြည့်နေမိသည်။ နောက်မှသတိရပြီး

"တောက် ဒီမိန်းမကတော့ကွာ။ ကလေးအနှီးထည့်ပေးဆို တာကို"

ဆိုကာ တယုတယ ပြန်ခေါက်သေး၏။ ပြီးမှ သူ့မေးခွန်းကို စလိုက်သည်။

"သူကြီးက စာနယ်ဇင်းမှာကြာပြီဆိုတော့ အတွေ့အကြုံ လည်း ရင့်ပြီပေါ့။ စာနယ်ဇင်းအပေါ်မှာ ဖြတ်သန်းရတဲ့အခါမှာ ချို မြိန်တာတွေရော၊ ခါးသီးတာတွေရော ကြုံရမှာပဲ။ အဲဒီလို ကြုံတွေ့ရ တဲ့အခါမှာ ပျော်ရွှင်မှုရှိရင် ဘာကြောင့်၊ ကြေကွဲမှုရှိရင် ဘာကြောင့် လို့ထင်လဲ"

"ကိုမျိုး(မြန်မာစာ)မေးခွန်းလိုပဲ"

သူကြီး တစ်ချက်ထောက်လိုက်သည်နှင့် ကိုမျိုးမှာ ရိပ်မိပြီး သူ့မိန်းမဂါဝန်ကို ပါးစပ်ထဲပြန်ထိုးထည့်လိုက်ပြီး ပလာစတာနှင့်ပြန် ကပ်ထားလိုက်သည်။ နောက် သျှီသူအောင်ကိုလှမ်းကြည့်သည်။ သျှီ သူအောင်က ပလာစတာကပ်ထားသော သူ့ပါးစပ်ကို သူ့လက်နှင့် ပြန်ပိတ်ပြီး ခေါင်းခါပြသည်။ သူ့ပါးစပ်ထဲလဲ မတော်တရော် ဘာတို့



www.burmeseclassic.com

www.burmeseclassic.com



ထားမှန်းမသိ။

အားလုံး အခြေအနေမဟန်မှန်းသိ၍ မျိုးကိုမျိုး ရှေ့တက်လိုက်သည်။

"ဒုံ"

မျက်ခွံပေါ်မှ မျက်လုံးပုံကို အသားပေးထား၍ ညို့သကြီးက ခုံစောင်းနှင့်ဝင်တိုက်သည်။

"အားလားလား"

ရုတ်တရက်နာပြီး မျက်လုံးဖွင့်မိတော့ သူကြီးမှာအံ့အားသင့်သွားသည်။

"ဟာ နှစ်လုံးပြူး"

မျိုးကိုမျိုးရိပ်မိပြီး ချက်ချင်းမျက်လုံးပြန်မှိတ်လိုက်သည်။

"ဘယ်မှာ ပြူးလို့လဲ မှေးမှေးလေး"

မှန်ပေသည်။ မျက်ခွံပေါ်ဆွဲထားသော မျက်လုံးမှေးမှေးလေး ပြန်ပေါ်လာသည်။

"ဟင် ခုန ခုနကမျက်လုံးကြီးက"

"ခုနက မျက်လုံးကြီးက အို ပြောရမှာရှက်ပါတယ်လေ ဟီဟိ"

သူ့ဘာသာသူ ရှက်ရယ်ရယ်၏။ ဒါကို သူကြီးက

"နေပါဦး ခုနကအပြူးမျိုး ငါဘယ်မှာတွေ့ဖူးပါလိမ့်။ နှစ်လုံးလုံးပြူးတဲ့အပြူး တွေ့ခဲ့ပါတယ်"

မျိုးကိုမျိုးလဲ မနေနိုင်တော့။ မျက်လုံးပိတ်ထားတော့ ဘာမှလဲ မမြင်ရသေးဘဲကိုး။ ဒါကြောင့် မျက်လုံးတစ်လုံးကိုဖွင့်ပြီး

"ဘယ်မှာ နှစ်လုံးပြူးလို့လဲ တစ်လုံးတည်းပြူးတာ တစ်လုံးပြူး"

"ဟယ်"

မျက်လုံးတစ်လုံးက လိုသည်ထက် ပိုပြူးပြီး တစ်လုံးက လိုသည်ထက် သေးမြှောင်နေ၍ သူကြီးအံ့အားသင့်သွားသည်။ ဒီလိုတစ်





လုံးပြူး၊ တစ်လုံးမှေးမျိုး ဘယ်သူမှမတွေ့ခဲ့ဘူးပဲကိုး။ မျက်လုံးအစစ်က အပြူး၊ မျက်ခွံပေါ် ရေးထားသည်ကအမှေး။ တူးဖီး(လ်)ကြီး။

"ဒီမှာ ကျုပ်တို့အဖွဲ့က တကယ်ဘိုင်ပြတ်လို့ စားပြလာတိုက်နေတာ။ နေဦး။ ဒီမျက်လုံးညောင်းလို့ ပြောင်းလိုက်ဦးမယ်"

ဆိုကာ မျက်လုံးကို ပြောင်းမှိတ်လိုက်သည်။

"ဟယ်"

မျက်လုံးက နောက်တစ်ဖက်ပြူးပြီး၊ နောက်တစ်ဖက် မှေးနေပြန်၏။ သူ့မျက်လုံးကို သူကြီးမပြောနှင့် ကျွန်တော်တို့အချင်းချင်းပင် အံ့သြလွန်း၍ ငေးနေရသည်။

"အဲဒါ ရှိတာအကုန်ပေး မပေးရင်"

"မသိတာရှိရင် မေးလို့ရမလား"

သူကြီးက ရိရိကျိုးကျိုးမေးသည်။ မျိုးကိုမျိုး ရင်ကော့ပြီး

"မေး"

"နှစ်လုံးပြူးလို့ မရဘူးလား"

"ဟမ်"

"တစ်လုံးစီပြူးနေရလို့လေ"

"မရဘူး။ ကျုပ်က တစ်လုံးပြူးပဲ။ တစ်လုံးပြူးမှမရရင် ခြောက်လုံးပြူး"

"ဘယ်မှာပြူးတာလဲဟင်"

"ဒူးခေါင်းက နှစ်လုံးပြူး၊ မျက်လုံးကနှစ်လုံးပြူး၊ နောက်နှစ်လုံးပြူးက၊ နောက် နှစ်ပြူးက အဲ ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်ဗျာ။ နေဦး မျက်လုံးကညောင်းလာပြီ၊ ဒီဘက်ပြောင်းလိုက်ဦးမယ်"

"ဟယ်"

အကူးအပြောင်းမှာ အပြူးအပြောင်းမြန်သော သူ့ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



၍ အားလုံးထံမှအာမေဍိတ်သံ ထွက်သွားရသည်။ သူ့ခမျာ မျက်လုံးနှစ်လုံးလုံးကို မှိတ်ထားရင်လဲ ဘာမှမမြင်ရ၊ နှစ်လုံးလုံးဖွင့်လိုက်လျှင်လဲ ဒီမျက်လုံးမြင်လျှင် မျိုးကိုမျိုးမှန်းသိသွားမှာ ကြောက်၍ တစ်လုံးစီသာ အသုံးပြုနေရခြင်းဖြစ်သည်။

နောက်ဆုံး ဘယ်လိုမှ အခြေအနေမကောင်း၍ ကျွန်တော်မှပင် ရှေ့ထွက်၍

"ကဲ ဘာမှမပြောမနေနဲ့တော့၊ ဗီဒီယိုဈေးကွက်လဲပျက်ပြီ။ စာအုပ်တွေလဲ တန့်နေတယ်. . အဲဒီတော့"

"ကိုကိုကြီးထင်တယ်"

"ဟုတ်ကဲ့ အဲ ဟုတ်ဘူး။ ကျုပ်နာမည် အဓိကပြောင်ကြီး၊ ကျုပ်တို့ပြောင်ကြီးအဖွဲ့. ဘိုင်ကျလို့ ဓားပြတိုက်တာ ရှိတာအကုန်ထုတ်"

သူကြီးမှိုင်ကျသွားသည်။ ပြီးမှ

"စားစရာထမင်းဖိုးတောင် မရှိတော့လို့ ရုံးပေါ်တက်နေတာပါကွယ်. . ပိုက်ဆံကလေးများ ပိုလျှံရင် ထမင်းလေးပြန်ဝယ်ကျွေးသွားပါလား။ သက်သတ်လွတ်ပဲ စားတာပါကွယ်. . ဈေးပေါပါတယ်"

သူ့စကားကြောင့် ကျွန်တော်တို့လဲ သဘောထားနူးညံ့သော အနုပညာသမား ဓားပြများမို့ သနားသွားပြီး ကိုယ့်အိတ်ကိုယ်နှိုက်ကာ

"ကျွန်တော့်မှာတော့ နှစ်ရာပါတယ်"

"ငါ့မှာ ကားခလေးချန်ထားတဲ့ ငါးဆယ်ရှိတယ်"

"ကျွန်တော့်မှာလဲ မိန်းမမသိအောင် ဖွက်ထားတဲ့ငါးရာရှိတယ်"

အားလုံး ကယောင်ကတမ်းနှင့် ပိုက်ဆံများစုနေမိသည်။ ဒါကိုဇေယျာကကြားဝင်ပြီး





"ဟား ဘာလုပ်နေကြတာလဲ။ ဒါ ဓားပြတိုက်နေတာဗျ။ ဓားပြတိုက်နေတာ သနားစရာမလိုဘူး။ ဘာမှမရှိရင် အားလုံးတိုင်ပင်ထားတဲ့အတိုင်း"

ဇေယျာက သူကြီးလက်စွပ်ကို မျက်စပစ်လိုက်သေး၏။ ပြီးမှ တစ်ခွန်းချင်း ပြောချလိုက်သည်။

"အဖေ အဖေ့လက်စွပ်ချွတ်"

"ဟင် ဓားပြက ငါ့ကိုအဖေခေါ်တယ်"

သူကြီး၏ အံ့ဩတကြီးစကား။ ထိုတော့မှ ဇေယျာလဲ မှားမှန်းသိသွားပြီး ရောချလိုက်သည်။

"ဟုတ်တယ်။ ကျွန်တော်က ဓားပြသာတိုက်ပေမယ့် ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်တဲ့အတွက် ယဉ်ကျေးတယ်။ မေမေမရှိကတည်းက ကိုယ့်ထက်အသက်ကြီးသူကို အဖေခေါ်လာတာ။ ဒီတော့ အဖေ အဖေ့လက်စွပ်ကို အခုချွတ်ပေး။ အခုမချွတ်လဲ ကျွန်တော်အမွေခွဲတဲ့အခါ ချွတ်ပေးရမှာပဲ"

"ဘာ ဓားပြက ငါ့ကိုအမွေခွဲဦးမှာ"

ပြောရင်းမှားလေ။ မှားရင်းပြောလေဖြစ်လာ၏။ ဒါကို တေကမလျှော့။

"ဟုတ်တယ် ကျွန်တော်က ဓားပြသာတိုက်နေပေမယ့် အဖေလို့ခေါ်မိရင် အမွေလဲခွဲတယ်။ အို ပြောနေကြာတယ်။ အဖေ့လက်စွပ်သာ အသာတကြည်ချွတ်လိုက်ပါ။ တော်ကြာနေ ကျွန်တော် လက်ပါပြီး ကန်တော့မိမှာစိုးလို့"

"ဟင် ဓားပြက ငါ့ကိုကန်တော့ဦးမှာ"

"အင်း အဲ ငရဲမကြီးချင်ရင် လက်စွပ်ကို အမြန်ချွတ်လိုက်"

ပြောသာပြောနေရတာ။ ဘယ်သူမှလဲ ဝင်မချွတ်ရဲ။ တော်ကြာ တစ်ခုခုဖြစ်သွား၍ အမှုကြီးနေဦးမည်။ ဒါကို သူကြီးလဲ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိပြီး

"ဒီ ဒီလက်စွပ်တော့ မလုပ်ပါနဲ့ကွာ။ ဒီလက်စွပ်ကလေးက ငါလက်တိုအောင်ရေးပြီး စုထားတဲ့စာမူခလေးနဲ့ စုပြီးဝယ်ထားတာ မို့ ဒါလေးတော့ ချမ်းသာပေးပါ။ ဒါမှမဟုတ် ထမင်းလေးကျွေးပြီး ပြန်ကြပါ။ သက်သတ်လွတ်ပဲ စားမှာဆိုတော့ ဈေးပေါပါတယ်"

"ဘာလို့ကျွေးရမှာလဲ။ ကိုယ့်မှာတောင် စားစရာမရှိလို့ ဓား ပြတိုက်နေတာ။ အခု ချွတ်မလား၊ မချွတ်ဘူးလား ပြော"

"မချွတ်တော့ ဘာလုပ်မှာလဲပြော"

"ဟာ"

သူကြီးကရိပ်မိပြီး ပို၍မာလာသည်။ သူမချွတ်တော့ ဘာ တတ်နိုင်မည်နည်း။

"တကယ် မချွတ်ဘူးလားပြော"

"မချွတ်ဘူး"

သူကမာနေတော့ ဘာလုပ်ရမှန်းမသိ။ စားပွဲပေါ် ဝေ့ကြည့် လိုက်တော့၊

"ဒိုင်ယာရီစာအုပ်"

"ဟုတ်ပြီ။ ဒါနဲ့ အကြပ်ကိုင်ရမယ်"

ဟုစဉ်းစားမိပြီး

"အေး မချွတ်ရင်လဲ ဟောဒီမှာကြည့်"

ဆိုကာ သူ့ဒိုင်ယာရီစာအုပ် ဆွဲယူလိုက်သည်။ ဒိုင်ယာရီ စာအုပ် ကျွန်တော်တို့လက်ထဲမြင်တော့ သူကြီးမျက်နှာပျက်သွားသည်။

"လက်စွပ်ပေးမလား၊ ဒီစာအုပ်ကို မီးရှို့လိုက်ရမလားပြော"

သူကြီး ပို၍မျက်နှာပျက်သွား၏။

"အဲ အဲဒါတော့ မလုပ်ပါနဲ့ကွယ်။ ဒီ ဒီစာအုပ်ကလေးကပဲ မြတ်ခိုင်မှတ်စုဆိုပြီး ဖော်ပြနေရတာ။ အဲဒါလေးသာမရှိရင်"





အညာတော့ကိုင်မိပြီ။

"ဒါကို မီးမရှို့စေချင်ရင် လက်စွပ်အခုချွတ်ပေး ကြာတယ် ကွာ။ သာလွန်ပြောင်ကြီး မီးခြစ်ခြစ်"

"ဟုတ်"

သူကြီးနဖူးပေါ်မှ ချွေးတွေထွက်လာသည်။ တကယ်မီးခြစ် ခြစ်တာမြင်တော့ သက်ပြင်းချသည်။ ပြီးနောက် စာအုပ်ကိုကြည့် လိုက်၊ လက်စွပ်ကိုကြည့်လိုက်လုပ်သည်။ ပြီးမှ လေသံပျော့ပျော့နှင့်၊

"စာအုပ်ကိုတော့ မလုပ်ပါနဲ့ကွယ်။ လိုချင်ရင် လိုချင်ရင်"

လက်စွပ်ကိုချွတ်လိုက်သည်။ လက်စွပ်က ဝတ်ထားတာကြာ ၍ ကြပ်နေပြီး မနည်းချွတ်ယူရသည်။

"လက်စွပ်သာ ယူသွားကြပါ"

ဆိုကာ လက်စွပ်ကို ကျွန်တော်တို့လက်ထဲ ထည့်ပေးလိုက် သည်။

"ဟေး"

ပျော်လိုက်သည့်ဖြစ်ခြင်း။ ထို့ကြောင့်၊

"လက်စွပ်ပေးတဲ့အတွက် ကျေးဇူးပဲ။ နောက်မှပဲ စာမူလာ ပို့ဦးမယ်"

"ဟင် ဓားပြက စာမူလာပို့မယ်"

ပြောရင်းစကားကမှားပြီမို့ ဇေယျာနည်းအတိုင်း ရောချ လိုက်သည်။

"ဟုတ်တယ်ဗျ။ ကျုပ်တို့က စားစရာရှိရင် စာရေးပြီး၊ စားစရာ မရှိမှ ဓားပြတိုက်တာ။ ကဲ ပြောင်ကြီးအဖွဲ့နောက်ဆုတ်"

ဆိုကာ သူကြီးထမအော်မီ ဂျာနယ်တိုက်မှ တဝုန်းဝုန်းနှင့် ပြေးဆင်းလိုက်ကြသည်။


× × ×



www.burmeseclassic.com

www.burmeseclassic.com





ယမကာဆိုင်တွင် ကိုယ့်လုပ်ရပ်ကိုကိုယ် စားမြုံ့ပြန်ပြီး သူကြီးလက်စွပ်ကြီးကို တစိမ့်စိမ့်ကြည့်ကာ အရသာခံနေကြသည်။ မားပြကလဲ တစ်ခါမှ မတိုက်ဖူးတော့ ပြောစရာစကားကမကုန်။ ကြာလာတော့၊

"ကဲ ဒီအတိုင်း စားမြုံ့ပြန်နေလို့ မပြီးဘူး။ ဒါကိုရောင်းပြီး ဝေစုခွဲရအောင်။ ဒီအချိန်ဆို မိန်းမမျှော်နေလောက်ပြီ"

မိန်းမကို ဆယ်မိုင်ပတ်ဝန်းကျင်အကွာအဝေးမှ စကြောက်ရသော ကျော်သီဟက လောဆော်သည်။

"ဟုတ်တယ်။ ညလဲနက်ပြီဆိုတော့ အိမ်ပြန်ဖို့လိုပြီ"





တယ်လီဖုန်းထဲက မိန်းမအသံကြားလျှင်ပင်ကြောက်ပြီး တိုင်ထောင့်ပြေးပုန်းပြီး ရှိရှိသေသေ ဖုန်းပြောတတ်သော ကိုမျိုးက ထောက်ခံသည်။

"ကဲ ဒါဖြင့် ဒါကိုဝယ်နိုင်တဲ့သူ ဖုန်းဆက်ကွာ။ မြန်မြန်အပြတ်ရှင်းတာပေါ့"

ခပ်ပြတ်ပြတ်အောင်စိုးသူစကား။

"ကျွန်တော်သိတယ်"

ဗဟုသုတများသော ကိုမျိုးမှပင် ဖုန်းဆက်သည်။

"ဟယ်လို ကိုကျော်သာလား။ ပစ္စည်းလေးတစ်ခုရောင်းချင်လို့ ခင်ဗျားလာကြည့်ပေးပါဦး။ ပန်းဆိုးတန်းကုန်းတံတားနားမှာ"

သူ့အပိုင်လူကို ဖုန်းဆက်လိုက်သည်။ သူက ဝိုက်ဆံပြတ်တိုင်း မိန်းမနားကပ်ယူပေါင်နေ ရောင်းနေကျကို။

"အတော်ပဲ သူက(၃၆)လမ်းထဲမှာရောက်နေလို့ ချက်ချင်းလာခဲ့မယ်တဲ့။ ငွေကတော့ လိုလဲခဏစောင့်တဲ့"

အားလုံးပျော်သွားကြသည်။ ငွေရပေါက်တွေ့ပြီကိုး။

သိပ်မကြာပါ။ ကိုမျိုးပြောသောသူ ရောက်လာ၏။

"ဘာကိစ္စများလဲ ကိုမျိုးရာ အလောတကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မျက်ကျွမ်းကျင် ကိုကျော်သာက ဆိုသည်။

"ဒီမှာဗျာ။ ကျွန်တော်တို့ ပစ္စည်းလေးတစ်ခု ရောင်းချင်လို့ ဘယ်လောက်တန်လဲ ကြည့်ပေးပါဦး"

ကိုကျော်သာဆိုသူက လက်စွပ်ကိုဆွဲယူပြီး တစ်ချက်ကြည့်သည်။ ပြီးနောက် ပြန်ချပြီး၊

"ကိုမျိုးရာ ခင်ဗျားသိပ်နောက်တာပဲ"

အားလုံးမျက်လုံးပြူးသွားကြသည်။

"ဘာ ဘာဖြစ်လို့လဲ"

အားလုံး၏ အမေး။ ကိုကျော်သာ သက်ပြင်းချပြီး

"ခင်ဗျားဟာ အတုကြီးဗျ"

"ဘာ"

အားလုံး ပါးစပ်အဟောင်းသားနှင့် ပျော့ကျသွား၏။

× × ×







ဤမျှသောက်နှင့် စိတ်နာသင့်သည်။ သို့သော် စိတ်မနာနိုင်သေး။ နောက်တစ်ပတ် လျှပ်တစ်ပြက်ဂျာနယ်ထွက်မှ စိတ်နာမိသည်။ ဂျာနယ်တွင် ရေးထားသည်က၊

"တစ်နေ့သည ဂျာနယ်တိုက်တွင်၊ တစ်ယောက်တည်း အေးအေးလူလူရှိနေစဉ် လူကိုးယောက်ရောက်လာပြီး မားပြလာတိုက်။ ခုခံရင်လဲ ကောင်လေးတွေ နာကုန်မှာစိုးရ။ သူတို့ခမျာ စားစရာမရှိလို့ လုပ်ကြတာဟူ၍ ကရုဏာသက်။ ဘယ်သူတွေလဲဆိုတာ သိသော်လည်း သနားစိတ်နှင့်နှုတ်ပိတ်မိ။

နောက်ဆုံး သနားစိတ်ဖြင့်သာ မိဘဘိုးဘွားပိုင် နဝရတ်ကိုးသွယ် လက်စွပ်ကြီးကို ချွတ်ပေးလိုက်။ တန်ဖိုးကြီးမှန်းသိ။ သို့သော် လူငယ်တို့၏အကျင့်က ပိုတန်ဖိုးကြီးသည် မဟုတ်လား။

လက်စွပ်ကိုရောင်းချ၍ စားကြပါစေ။ အဆင်ပြေပါစေ။ မေတ္တာပို့။ ဘယ်ပစ္စည်းမှမမြဲ။ သေရင်ပြီးပြီ။ သေရင်ပြီးပြီ။

**ရိုးရင်းစွာ နော်တော်များအား ချစ်ခင်သမှုနဲ့ ကျီစယ်ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



# ပြုံးတော်မူ

သူမပြောင်းရွှေ့လာပြီး သုံးရက်မြောက်သောနေ့တွင် ကျွန်တော်တို့အားလုံး သူမကို စတင်သတိထားမိခြင်းဖြစ်၏။

သူမ၏အဒေါ်သည် ကျွန်တော်တို့ လမ်းထိပ်နားက လက်ဖက်ရည်ဆိုင်(ကျွန်တော်တို့ ထိုင်နေကျဆိုင်) နှင့် မျက်နှာချင်းဆိုင် တိုက်ခန်းတွင် အခြေချနေထိုင်နေသူဖြစ်၏။ ဘာအလုပ်လုပ်သည်ကို အတိအကျမသိရသော်လည်း သန့်ပြန့်သော ရုပ်ရည်၊ ပိရိသောအနေအထိုင်ကြောင့် ရပ်ကွက်ထဲမှ လေးစားခြင်းခံရသူဖြစ်သည်။

သူမသည်လည်း ထိုအိမ်ကို စတင်ပြောင်းရွှေ့လာပြီး မကြာခင် (သုံးရက်မြောက်နေ့တွင်) သူတို့အိမ်ရှေ့ လက်ဖက်ရည်ဆိုင်ထိုင်သော ကျွန်တော်တို့အပါအဝင် ပုရိသ အတော်များများ သတိထားမိနေပေပြီ။

သူမကို ချောသည်၊ လှသည်ဟုတော့ ကျွန်တော်မဆိုလို။ (မည်သူမှလည်း မသတ်မှတ်ပါ)။ အသက်လည်း သိပ်ငယ်လှသည် မဟုတ် အပျိုကြီးဟုပင် ဆိုရပေမည်။ သုံးဆယ်အောက်ထစ်တော့ ရှိမည်။ ထူးခြားတာက သူမ၏ ခန္ဓာကိုယ်အချိုးအစားပင်။ သူမ၏ ခန္ဓာကိုယ်အချိုးအစားကို ဥပမာပြုရလျှင် မြောက်ဥက္ကလာမှ စံပြဈေးထိ ပြေးဆွဲနေသော ခြောက်ဆယ့်တစ်လိုင်း ချက်ဗလက်ကားကြီးနှင့်တူသည်ဟု ညွှန်းဆိုရမည်။ အများကတော့ ထိုချက်ဗလက်များကို ဗိုက်ပူဟု ခေါ်ကြပါသည်။ သူမသည်လည်း ချက်ဗလက်ဗိုက်ပူကားနှင့် တူသည့်အပြင် ထိုကားများအတိုင်း ဘော်ဒီဦးတည်နေရာက တစ်နေရာ ဘီးဦးတည်နေရာကတစ်နေရာနှင့် ခန္ဓာကိုယ်မှာ လွန်စွာ အလိုင်းမင်းလွဲနေပေသေး၏။

ကျွန်တော်တို့ကလည်း သူမလမ်းလျှောက်လာတာမြင်လျှင် "ခြောက်ဆယ့်တစ်ကြီးထွက်လာပြီဟေ့ လမ်းဖယ်နေကြ ဘယ်ဦးတည်လို့ ဘယ်သွားမှန်းမသိဘဲ ဝင်တိုက်မိနေကုန်ဦးမယ်" ဟုအမြဲတစေ နောက်ပြောင်တတ်၏။

သူမသည် ကျွန်တော်ပြောသည့်အတိုင်း ခြောက်ဆယ့်တစ်ဗိုက်ပူခေါင်းတိုကြီးဖြစ်၏။ ကိုင်း. . ဤမျှလောက်မလှပသူကို ဘာကြောင့် လူတွေ စိတ်ဝင်စားကြလဲ။

အပြုံးဖြစ်သည်။

သူမ၏ မျက်နှာ၊ ခန္ဓာကိုယ်၊ အသွားအလာ၊ ဘာမှ မလှပပေမယ့် သူမ၏ အပြုံးကတော့ လွန်စွာ နှစ်လိုဖွယ်ရှိသည်ဟုပင် ဆိုရပေမည်။ ထိုအပြုံးသည် သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ပေါက်ရောက်နေသောကြောင့် ခြောက်ဆယ့်တစ်ဗိုက်ပူခေါင်းတိုကြီး ဂိတ်ကထွက်ကာတည်းက လူပြည့်၍ မော်တော်ကားပြုံးပြုံးနေသည်နှင့်ပင် တူသေးတော့၏။

မည်သို့ပင်ဖြစ်စေ သူမသည် အမြဲတစေ ပြုံးနေတတ်ခြင်းပင်။ ဘယ်အချိန် ဘယ်အခါကြည့်ကြည့် သူမ၏ ခေါင်းတိုတိုပေါ်တွင်







www.burmeseclassic.com

www.burmeseclassic.com



**အီကြာကွေးတစ်ချောင်းသာ လက်ဖက်ရည်**
**ထဲနှစ်၍ နေ့စဉ် နှစ်နှစ်ခြိုက်ခြိုက်**
**ငုံကိုက်စားတတ်ခြင်းပင်။**

ထိုအပြုံးကို မပျက်မယွင်းတွေ့ရမြဲ။

အိပ်ယာထလည်းပြုံး၊ ထမင်းစားလည်းပြုံး၊ အပြင်ထွက်လည်းပြုံး၊ အိမ်ထဲနေလျှင်လည်းပြုံး၊ အမြဲတမ်းပြုံးပြုံး ပြုံးပြုံးနှင့်သူမကိုကြည့်ရသည်မှာ လွန်စွာစိတ်ချမ်းသာစရာ ကောင်းတော့သေး၏။ (နောက်မှ သိရသည်မှာ အိပ်နေလျှင်လည်း ပြုံးနေသည်ဟူ၏။)

နောက်ထပ်ထူးခြားချက်တစ်ခုမှာ သူမသည် မနက်လင်းအိပ်ရာမှနိုးပြီးနှင့် အလုပ်မသွားခင်စပ်ကြား ကျွန်တော်တို့ ထိုင်နေကျလက်ဖက်ရည်ဆိုင်တွင် နေ့စဉ် မပျက်မယွင်း ပြုံးစစနှင့် လက်ဖက်ရည် လာသောက်တတ်ခြင်းပင်။ လက်ဖက်ရည်သောက်လျှင်လည်းစားစရာ ဘယ်အခါမှ ပြောင်းစားလေ့မရှိ။ အီကြာကွေးတစ်ချောင်းသာ လက်ဖက်ရည်ထဲနှစ်၍ နေ့စဉ် နှစ်နှစ်ခြိုက်ခြိုက် ငုံကိုက်စားတတ်ခြင်းပင်။

အီကြာကွေးကြိုက်တတ်ပုံကတော့ ထူးဆန်းလွန်းသည်ဟုဆိုရမည်ပင်။ အဘယ်ကြောင့်ဆိုသော် သူမတစ်ယောက်တည်း အီကြာကွေးကို နှစ်နှစ်ခြိုက်ခြိုက် စားတတ်သည်မဟုတ်။ သူမ၏အောက်မှ ညီမငယ်များဖြစ်သော(ကျွန်တော်တို့အခေါ်) ခြောက်ဆယ့်တစ်ခေါင်းရှည်၊ အနီ၊ အစိမ်း စသော ညီမငယ်သုံးယောက်လုံးသည်ပင် နံနက်လင်းသည်နှင့် လက်ဖက်ရည်ဆိုင်တွင် အီကြာကွေးတစ်ယောက်တစ်ချောင်းနှင့် စစ်ခင်းတတ်ကြသည်။

× × ×







မိတ်ဆွေ။

ရိုးသားစွာ စဉ်းစားကြည့်ပါ။

မနက်လင်းသည်နှင့် မျက်နှာကြီးပြုံးပြီး အီကြာကွေးမြုံ့နေသော အပျိုကြီးကို မည်သူက စိတ်မဝင်စားဘဲ နေနိုင်အံ့နည်း။ လူကိုစိတ်မဝင်စားတောင် အီကြာကွေးစွတ်နေသော နှုတ်ခမ်းပြုံးကြီးကိုတော့ စိတ်ဝင်စားသည်။

ကျွန်တော် စိတ်ဝင်စား၏။ ကျော်ကိုက ကြိုက်၏။ မျိုးမြင့်ထွန်းက အသည်းစွဲသည်။ ထွန်းနိုင်က ရလျှင်ခိုးပြေးရန်ကြံသည်။ ဘာမဆိုင်ညာမဆိုင် ကလေးနှစ်ယောက်အဖေ ကျွန်တော့်အစ်ကိုပင်သူမကိုရလျှင် ယခုလက်ရှိ ပေါင်းသင်းနေသော ဗိုက်ပူ ခေါင်းတိုကိုကွာ၍၊ မော်တော်ကားပြုံး ပြုံးနေသော ထိုဗိုက်ပူခေါင်းတိုနှင့်ပင်ပေါင်းသင်းလိုက်ချင်ကြောင်း အာရည်တရွှဲရွှဲနှင့်ပြော၏။

ကိုင်း ကျွန်တော်တို့ တစ်အိမ်တည်းမှာတင် ခြောက်ယောက်မျှပြိုင်ပြီး ကြိုက်ကြသည်ဆိုတော့ သူမ၏ အီကြာကွေးတင်အပြုံး



www.burmeseclassic.com

www.burmeseclassic.com



မည်မျှလောက် စွဲဆောင်မှုကောင်းသလဲ စဉ်းစားသာကြည့်။

ဘယ်မျှထိဆိုရသော် မျိုးမြင့်ထွန်းက အာသာပြေ ကားလိုက်စီးသည်။ ကျော်ကိုက လက်ဖက်ရည်ဆိုင် ချောင်ထိုး၍ ညှို့နေသော သူ့မျက်လုံးကို ကလယ်ကလယ်လုပ်ရင်း ပြောင်ပိုးသည်။ ထွန်းနိုင်ကတော့ အရက်မူးလာလျှင် သူမအိမ်ရှေ့ဂစ်တာပိုက်ပြီး ဘာမဆိုင်ညာမဆိုင် 'ငါ့သမီး စာကျက်နေတယ်' ဟစ်သေး၏။ ကျွန်တော့် အစ်ကိုကတော့ သူ့မိန်းမလစ်လျှင် သူ့သမီးအကြီးကို မြှောက်ပေး၍ "မမလေး' ဟုခေါ်ခိုင်း၏။ ထိုမှတစ်ဆင့် အခြေအနေကောင်းလျှင် 'မေမေလေး' ဟုပြောင်း၍ခေါ်ခိုင်းရန် ကြံထား၏။ (ကိုင်း. . အထုပ်ဖြေပြီ)

ကျွန်တော်ကတော့ သမာဓိပိုးမျှသာ။ လွန်စွာသမာဓိမရှိသော မျက်လုံးကြီးနှင့် စိမ်းစိမ်းကြီးကြည့်ကာ စာအုပ်လက်ဆောင်ပေးဖူး၏။ သူမက ကျွန်တော့်ကို သိဖို့မပြောနှင့် နာမည်လေးသော်မှ မကြားဖူးပေ။ 'အကြည်တော်ဆိုတာ ကျွန်တော်ပဲ'လို့ ပြောတော့ သူမက ဆီးထုပ်ထုပ်တာလားဟု ပြန်မေးပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ထိုကာလ၌ ကျွန်တော်တို့ ရပ်ကွက်ထဲ၌ ခြောက်ဆယ့်တစ်ကား ခေတ်အစားဆုံးဖြစ်သည်။ ကျွန်တော်မှစ၍(တကယ်ပြောတာဗျ)အိမ်ရှိလူအားလုံးကလည်း တညီတညာတည်း ကြိုက်ကြသည်။ တစ်ရပ်ကွက်လုံးလည်း ကြိုက်သည်။

သို့သော် နောက်ဆုံးတော့လည်း မိန်းမရရန် ဘယ်တော့မှ ကံဇာတာမပါသော ကျွန်တော်တို့ အထီးကျန်အဖွဲ့ ထုံးစံအတိုင်း အထီးကျန်ခြင်းသာ အဖတ်တင်ပါသည်။

ဤတွင်

ရှင်းပြရအုံ့။

အထီးကျန်အဖွဲ့ဆိုသည်မှာ တစ်ယောက်တည်းလည်း အထီးကျန်,ကျန်ရစ်သည့်အဖွဲ့ မဟုတ်ဘဲ၊ အမြဲတစေ ကျွန်တော်တို့အိမ်၌





အထီးချည်း ကျန်ရစ်ခဲ့သော ထုံးစံရှိ၍ ထိုအသုံးအနှုန်း သုံးလိုက်ရခြင်းဖြစ်၏။ အိမ်ရှိလူ ဘယ်သူ့ကြည့်ကြည့် အထီးချည်းပဲ။ တိရစ္ဆာန်တွေ ဝယ်မွေးတော့လည်း အမတွေ အကုန်သေ၏။ အထီးချည်း ကျန်ခဲ့သည်။

ဩော် ပြောရဦးမယ်။ ရှက်လည်းရှက်ပါတယ်ဗျာ။ တလောကတော့ ဘယ်ကဘယ်လို မျက်စိလည်ရောက်လာတဲ့ ကြောင်မမှန်းမသိဘူး။ အိမ်ခြံစည်းရိုးထောင့်မှာ ဖအေအကောင်လာဖော်သွားတာ။ ကလေးနှစ်ယောက် မွေးသွားပါတယ်။ ကြောင်မကတော့ မွေးပြီး ဘယ်ပျောက်သွားတယ် မသိဘူး။ ငါ့လက်ကလွတ် သီတင်းကျွတ်လုပ်သွားတာ။ သူလုပ်တာ အကြောင်းတော့ မဟုတ်ပေါင်။ ဟို သူ့ကလေးနှစ်ကောင်က နေစရာမရှိ၊ စားစရာမရှိနဲ့ဆိုတော့ အိမ်ထဲပဲပြေးဝင်လာတာ။ ကိုယ်ကလည်း'ဩော်. . မိဘမဲ့လေးတွေ'ဆိုပြီး အစာတွေကျွေးပြီး မွေးမိသလို ဖြစ်သွားတာပေါ့။ ကြောင်လေးတွေကြည့်တော့ အထီးတစ်ကောင် အမတစ်ကောင်။ ဝမ်းသာလိုက်တာ ပြောမနေပါနဲ့တော့။ 'ဒီတစ်ခါတော့ ငါ့အိမ် အမဝင်ပြီဟဲ့လို့'

ကြောင်ထီးကိုတောင် နာမည်မပေးပါဘူး။ ကြောင်မလေးကျမှ နာမည်ပေးထားတယ်။ 'ဗိုက်ပူမ'တဲ့။ ဗိုက်ကလေးက အစာတွေနင်းကန်စားပြီး ပူနေလို့လေ။ မကြာပါဘူး သေပါရောလား။ ဗိုက်ပူမ,မထင်နဲ့ ဟိုအထီးလေး။ ကိုယ့်မှာတော့ ပျော်လိုက်တာ။ ခါတိုင်းဆို ယုန်မွေး ယုန်မသေ၊ ပူးမွေး ပူးမသေ၊ အမချည်းသေပြီး အထီးချည်း ကျန်ခဲ့တာကိုး။ ဒီတစ်ခါတော့ အ[illegible]ကလေး ကျန်တယ်ဆိုတော့ ကြံဖန်ဝမ်းသာနေတာ။ အိမ်ကကောင်တွေကလည်း ဂရုစိုက်လိုက်တာ ပြောမနေနဲ့၊ မလုပ်စဖူး အလုပ်ထူးပြီး ကြောင်စာပါရှာဝယ်ပြီး ကျွေးပစ်တာ။ ဗိုက်ပူမဆိုတာ လုံးတက်လာတယ်။ ဒါပေမယ့် ဘာကြာလို့လဲ။ သေတယ်ထင်လို့လား မဟုတ်ဘူး။ ကျုပ်တို့လူတွေပဲ ကြက်သေ



www.burmeseclassic.com

www.burmeseclassic.com



**ဘာလို့ကူညီရမှာလဲလုပ်မရသဖြင့် အိမ်တွင်ပိုနေသော ရေသန့်ဘူးတစ်လုံးကို စတိုးဆိုင်တစ်ခုတွင် ပါဆယ် အသေအချာထုပ်၍**

သေကုန်တာ။ အရွယ်ရောက်မှ သတိထားမိပြီး အထီးကြီးဖြစ်နေတာ။ ကြည့်ဦး အမလေးဆိုပြီး ဂရုတစိုက်မွေးထားတာ ဘယ်လောက် အထီးကျန်လည်းလို့။ အဲဒီကတည်းက အိမ်မှာဆို အဲဒီကောင်မြင်တာနဲ့ ကန်ထုတ်ကြတော့တာ။

BURMESE CLASSIC .com

နေဦး

သို့ကလို အထီးကျန်ခြင်းအပေါ် ပါရမီရင့်သန်လှပါသော ကျွန်တော်တို့အဖွဲ့၏ မထူးဇာတ်ဖြစ်သော ကိုယ်ကြိုက်သူ လင်နောက်လိုက်ခြင်းဟူသည် သင်ခန်းစာဟောင်း၊ စာမျက်နှာသစ် ထပ်မံဖွင့်လှစ်ခြင်းခံရသည်ဟုသာ ဆိုပေမည်။

ကျွန်တော်တို့ ကြိုက်နှစ်သက်လှပါသော ခြောက်ဆယ့်တစ်ဗိုက်ပူမှာ ရပ်ကွက်အတွင်းမှ ကွန်ပျူတာစာစီ မောင်ဝေဟောင် မည်သည့် ငတေနှင့် နှစ်ပါးဂဟေဆက် လက်ထပ်ခြင်းသို့ ရောက်သွားရလေသည်။

မောင်ကြည်ကြိုက်လျှင် လင်နောက်လိုက်ရမည်ဟူသော လူ့ဘဝအတွက်အချက်(ကျွန်တော်ကတော့ လူ့သဘာဝအတွက်အချက်လို့ကို မှတ်ထားတယ်)မှန်ကန်ပြီးသကာလ လူတွေထင်လိုထင်ကြခြင်ထောင်သုံးရက်အောင်းပြီး ပြန်အထွက်မှာပင် အနှီတို့မင်္ဂလာဆောင်ခြင်းဟူသော အာဂါဟ၊ ဝိဂါဟ အမှုသတင်း ကြားရပြန်လေပြီ။

ကြံတုန်းကတော့ကြံပြီး မရခဲ့သည်ရှိသော် မရသူတို့၏ ထုံးစံအတိုင်း အသည်းနာနာ အကဲပါပါဖြင့်၊





“ငတုံးမ ဟိုကောင် ကွန်ပျူတာရိုက်တဲ့ကောင်ကိုမှ သွားယူတယ်။ ငါ့ကိုယူတော့ ဘာဖြစ်မှာတုန်း။ အခုတော့ သူ့ဒုက္ခနဲ့သူ လက်တိုအောင် ရိုက်စားပေရော့။ ဒါနဲ့ပဲ တန်တယ်”

ဟူသော စိတ်နာစရာ အတွေးများကို ပိုးမွေးသလိုမွေးပြီး အံကြိတ်၍‘မိုးကြိုးကြီးကြီး ပစ်ပါစေ’ မကြိမ်းရုံတမည်၊ ကိုယ်ကချိန်လိုက် လင်နောက်လိုက်သူများ၏ထုံး နှလုံးမူကာ‘ငါတို့ကတော့ ဟင်ဆိုလှည့်ကြည့်တတ်တဲ့ အစားထဲက မဟုတ်ဘူး’ဟူ၍ တစ်ဘက်လှည့်၍သာ မူထားရလေတော့၏။(အေးလေ လှည့်ကြည့်လည်း ကိုယ်ကမှ မရတော့တာ)။

ရပ်ကွက်အတွင်း မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲ ကျင်းပစဉ်မှာပင် ‘ဆရာတို့ဖြင့်ကြွရောက်ချီးမြှင့်ပေးပါ’ဟူသော ရပ်မိရပ်ဖစကားကြောင့် မစားရသည့်အမဲကို ဆီတရွှဲရွှဲဖြစ်အောင် ပြင်ဆင်ထားသည်ကို စိတ်နာနာနှင့်ကြည့်ခွင့်ရရန် သတို့သား၏ ပြုံးဖြဲဖြဲမျက်နှာနှင့်တွဲလျက် ‘ကျွန်တော်တို့ဒီခုတင်မှာလေ’ ဟူ၍ နှစ်ယောက်အိပ်ခုတင်ကြီးကိုပြ၍သော်လည်းကောင်း ‘ကျွန်တော်တို့ အဝတ်အစားတွေ ဒီဗီရိုကြီးထဲမှာထည့်မှာ’ ဟူ၍ ဗီရိုကြီးကိုလည်းကောင်း၊ ‘ကျွန်တော်တို့တော့ ဒါပဲ’ ဟုအမိပ္ပာယ်သက်ရောက်စေသော အပြင်အဆင်များကို အသည်းနာစရာ ပြင်ဆင်ထားသည့်အပြင် ‘ကျွန်တော်တို့ လင်ယူသားမွေးကိစ္စ အားရှိအောင်ဦးဦးဒေါ်ဒေါ် ကိုကိုမမတို့ ကူညီပါ ဦး’ ဟု အဓိပ္ပာယ်သက်ရောက်စေသော မင်္ဂလာလက်ဖွဲ့ဌာနကြီးတစ်ခုကိုလည်း ကြီးကြီးကျယ်ကျယ် ဖွင့်လှစ်ထားပြန်လေသည်။ ဤကိစ္စများမှာ ကိုယ်မလုပ်နိုင်သည့်ကိစ္စများဖြစ်သော်လည်း လုပ်နိုင်သူများက လုပ်တော့လည်း မုဒိတာက မပွားနိုင်။ သို့ပါ၍လည်း ‘မင်းတို့ဘာသာ မင်းတို့ မနေနိုင်မထိုင်နိုင် ထဆတ်ဆော့တဲ့ကိစ္စ ဘာလို့ကူညီရမှာလဲ’လုပ်မရသဖြင့် အိမ်တွင်ပိုနေသော ရေသန့်ဘူးတစ်လုံးကို စတိုးဆိုင်တစ်ခုတွင် ပါဆယ်အသေအချာထုပ်၍ ‘အစ်



www.burmeseclassic.com

www.burmeseclassic.com



သက်လုံးသောက်၊ ကုန်အောင်သောက် ရေသောက်တိုင်းခွက်နင်ပါစေ'ဟု ဆုတောင်းသမှုပြုပြီးသကာလ ရက်ရက်ရောရောပင် လှူဒါန်းပေးအပ်လိုက်လေသည်။

ဤသို့ဖြင့် ကျွန်တော်တို့၏ ချစ်လှစွာသော ခြောက်ဆယ့်တစ်ဗိုက်ပူကလေးသည် ကတုံးနောက်ဆံထုံးပါ ဆိုသည့်အတိုင်း(သူယောကျ်ားက ကတုံးကြီး)သူ့ယောကျ်ားခေါ်ဆောင်ရာ သာကေတမည်သော ရပ်ကွက်တစ်ခုဆီသို့ လိုက်ပါပြောင်းရွှေ့သွားကြောင်း သတင်းကောင်းကြားရလေသည်။

ရက်တွေ လတွေ ဘယ်လောက်ကြာသွားသည်တော့မသိ။ ကျွန်တော်တို့တည်းဆိုသော လူမျိုးများကလည်း'ဒါမရ ဟိုဘက်လှည့် မဟုတ်'ဟူသော ခံယူချက်ကြီးကြီးမားမား ရှိသူများပေမို့ သူမရတော့လည်း ရနိုင်ချေရှိသူလှည့်ကြံရင်း ကာလယန္တရားကြီးကို မျက်ကွယ်ပြုမိနေပြန်လေသည်။

ဤသို့ဖြင့် မထင်မှတ်သော တစ်နေ့သောအခါ သမယတွင် ယခင်တစ်ခါ ချစ်လှစွာသော မှိုချိုး မျှစ်ချိုးမေတ္တာတွေ တိုးခဲ့ရသည့် ကျွန်တော်တို့၏ ခြောက်ဆယ့်တစ်ဗိုက်ပူခေါင်းတို့၏ ယောကျ်ား မောင်ဝေဟင် ရပ်ကွက်တွင်း ပြန်လည်ရောက်ရှိလာခြင်းပင်။

ထိုနေ့က ထုံးစံအတိုင်း ရပ်ကွက်ကလေးရှိ လက်ဖက်ရည်ဆိုင်တွင် ကော်ဖီမစ္စပလိန္နဟု ကျွန်တော်တို့ ခေါ်တွင်သည့် ကော်ဖီမစ့်ပလိန်းတစ်ခွက်ကို ဇိမ်ကျကျ ထိုင်သောက်ရင်း ဒီနေ့တော့ ဘယ်ကောင်မလေးကို ပိုးရင်ကောင်းရပ့်။ ဘယ်ကောင်မလေးဆို လွတ်ကုန်အံ့ဟု စိတ်ကူးယဉ်နေတုန်း ပြုန်းဆို အနိဌတိ ရောက်လာခြင်းပင်။

"ထိုင်မယ်နော် ဆရာ"

ယခင်ကလည်း သိပ်ခင်မင်သူ မဟုတ်၍ ကျွန်တော် အံ့အားသင့်သွားရသည်။ နှစ်ကာလအတန်ကြာ ကင်းကွာခဲ့သူမို့လည်း





မနည်းပြန်စဉ်းစားယူရသည်။ ကိုယ့်မလဲ တစ်ယောက်မကောင်း တစ်ယောက်ပြောင်းပိုးခဲ့တာ နည်းမှမနည်းကိုး။ စဉ်းစားနေတုန်းမှာပင် ဝေတိက စားပွဲဝိုင်း ဝင်ထိုင်နေလေပြီ။

သူ့ပုံက ယခင်မြင်ခဲ့ရသလိုမဟုတ်။ လန်းဆန်းတက်ကြွမှုများ ပျောက်ဆုံးနေပြီး ဆံပင်များပင် ဖွာလန်ကြဲနေပြီ။

"နို့ နေဦး. . ကိုယ့်လူက ဒီအိမ်ရှေ့က ကောင်မလေးနဲ့"

"ကွာလိုက်ပြီ"

"အမ်. ."

BURMESE CLASSIC .com

ကျွန်တော် စကားစလိုက်သည်နှင့် မောင်ဝေဟင်ဆိုသူမှာ ကြိုသိနေသည့်အလား အလျင်အမြန်ဖြတ်ဖြေလိုက်သည်။ ပြီးနောက် ကျွန်တော့်ကို စကားမဆက်သေးဘဲ အနောက်ဘက်လှည့်၍

"လက်ဖက်ရည် ကျဆိမ့်တစ်ခွက် အကျရည်များများ"

ဆိုကာ လှမ်းမှာလိုက်သေး၏။ ကျွန်တော့်မှာသာ ဒီလောက်သဘောထားကောင်းကောင်းနှင့် ပြုံးရယ်နေတတ်သည့် ကောင်မလေးကို ဘာကြောင့် ကွာလိုက်သလဲ စဉ်းစား၍မရ။ အရင်တစ်ခါ သံယောဇဉ်ရှိခဲ့ဖူးတာလည်း ပါသပေ့ါ။ ဒါကြောင့်. . .

"နေစမ်းပါဦး ကောင်မလေးက ဒီလောက် သဘောထားကောင်းပြီး အမြဲပြုံးပြုံးလေး နေတတ်တဲ့ မိန်းကလေးကို ကိုယ့်လူက ဘာကြောင့် ကွာလိုက်တာတုန်း"

ကျွန်တော့်အမေးကို မောင်ဝေဟင်က ရှုပ်ပွလက်စ သူ့ခေါင်းကို သူ့လက်နှစ်ဖက်နှင့် ခပ်ကြမ်းကြမ်း ထပ်ဖွကာ ငိုမလို မျက်နှာပေးနှင့်

"အဲဒီ ပြုံးနေတာကြောင့် ကွာလိုက်တာပေါ့ဗျ။ ပြုံးနေတာကြောင့် ကွာလိုက်တာ"

"ဟင် ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



သူ့ငိုမဲ့မဲ့ အဖြေစကားကြောင့် ကျွန်တော်ဘယ်လိုမှ စဉ်းစား မရ ပိုဖြစ်သွားမိ၏။ ပြုံးနေလို့ ကွာလိုက်တာတဲ့။ ပြုံးနေတာ ကွာ စရာလား။ ကျွန်တော် သူ့ကို ထပ်မေးမလို့ လုပ်တုန်းမှာပင် သူက. .

"အစကတော့ ကျွန်တော်လည်း အဲဒီလိုလေး ပြုံးနေတာကို အိမ်ကျက်သရေရှိတယ်ဆိုပြီး ယူခဲ့မိတာပါ။ ယူပြီးတဲ့ အခါကျမှ

"မင်း ဟင်းချက်တာ မကောင်းဘူးကွ"

ဆိုလည်း ပြုံးနေတာပဲ။

"ဟော့ ငါအရက်မူးလာတယ်" ဆိုလည်း ပြုံးနေတာပဲ၊ အသုံး မကျတဲ့ကောင်မဆိုလည်း ပြုံးနေတာပဲ။

အဲဒီ အပြုံးကြီးနေ့စဉ်ရက်ဆက်မြင်နေရတော့ ကျွန်တော့် ကို သရော်သလို မဖြစ်နေဘူးလားဗျာ"

"ဟင်"

သူ့စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားရသည်။ သူ ပြောတော့လည်း ဟုတ်နေသလို။ ကိုယ်ဘာလုပ်လုပ် ပြုံးပြီးကြည့်နေ တော့ နေရခက်စရာမဖြစ်ဘူးလား။

"ကျွန်တော့်မှာဗျာ နင်ဘာတွေ သဘောကျနေလဲ နေ့တိုင်း မေးတယ်။ ဘာမှ ပြန်မပြောဘူး။ ပြုံးနေတာပဲ။ စဉ်းစားကြည့်လေ။ ထမင်းစားလည်းပြုံး၊ ရေသောက်လည်း ပြုံး၊ ညအိပ်ရာဝင်လည်း ကျွန်တော့်ကို ပြုံးကြည့်နေတာ ခံရမခက်ဘူးလား ဆရာ"

"အဲ. ."

သူ့ငိုသံစကားကြောင့် ကျွန်တော်ပင် ဘာဆက်ပြောလို့ ပြော ရမှန်းမသိတော့။ သူပြောတော့မှ လူတိုင်းကြိုက်တဲ့ အပြုံးကအပြစ် ဖြစ်နေပြီကိုး။ နောက် အတန်ကြာစဉ်းစားပြီးမှ

"နို့ မင်းအမျိုးသမီးက ပြုံးပဲ ပြုံးနေတာလား ရယ်ရော မရယ်ဘူးလား"





ကျွန်တော်မေးလိုက်မှ ငတိမှာ ပိုငိုချင်သလို ဟန်မျိုးနှင့်

"ရယ်တယ် ဆရာ၊ သုံးခါရယ်တာ ကြားဖူးတယ်"

"ဘယ်လို သုံးခါပဲရယ်တာ ကြားဖူးတယ် ဟုတ်လား"

သူ့စကားကြောင့် ကျွန်တော်အံ့အားသင့်ပြီး မျက်လုံးပင် ပြူးသွားရသည်။ နောက် သိချင်ဇောဖြင့်. .

"ဘယ်. .

ဘယ်လို. . သုံးခါ အဲ. . ဘယ်တုန်းက"

ကျွန်တော့်ရဲ့ ကဘောက်တိကဘောက်ချာ အမေးကို ဝေ ဟင်က ချက်ချင်းပဲ ငိုချတော့မလို မျက်နှာမျိုးနှင့်

"မင်္ဂလာဦးညမှာ ခိခနဲ တစ်ခါရယ်တယ်။ နောက်အိမ်က စက်ဘီးလေး လေထိုးမရလို့ လမ်းထိပ်ဆိုင်က ဘားကျွတ်ကလေး ကျွန်တော်ဝယ်ပြီး ကိုင်လာတာမြင်တော့ ခိခနဲ တစ်ခါရယ်တယ်။ နောက် သားလေး တစ်နှစ်သားအရွယ်"

"ဩော်. . ကလေးတောင် ရမင့်ကိုး"

"ကျွန်တော်က သားလေးကိုချီပြီး ဖေ့သားလေး အဖေတူ သားလေးဆိုတုန်းက ခိခနဲ တစ်ခါရယ်တယ်။ အဲဒီ သုံးခါပဲ ရယ်တာ ကြားဖူးတယ်။

"မင်း. . မင်းကလည်းကွာ သဘောကျ အဲ ပျော်လို့ ရယ်တာ ဖြစ်မှာပေါ့"

"ပျော်လို့ရယ်ရင်လည်း ပွင့်ပွင့်လင်းလင်း ရယ်ပေါ့ဗျာ. . ခု သူရယ်တာက ခိုးရယ်တာကြီးဟာ. . ခိုးတော့ မရယ်နဲ့ပေါ့ဗျာ။ နောက် ဘာဖြစ်လို့ရယ်တာလဲဆိုတော့ မေးမရဘူး။ ပြုံးနေတယ်။ အဲဒါနဲ့ ကျွန်တော်လည်း သံသယဖြစ်လာရော"

"ဟာ. . ဒီ သုံးခါလေးရယ်မိတာ သံသယဖြစ်စရာလား မင်း ဟာက မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သံသယ ဖြစ်စရာပေါ့ဗျ။ ကျွန်တော်နဲ့ မညားခင်ကတည်းက အီကြာကွေးတစ်မျိုးပဲ စားတာရယ်၊ နောက် အချိန်ကောင်း သုံးခါမှာ ရွေးရယ်တာရယ်ကို ဆက်စပ်လိုက်ရင် သံသယဖြစ်စရာပေါ့"

"မင်းဟာက မဟုတ်တာကွာ သံသယဖြစ်ရင်လဲ စုံစမ်းကြည့်ပေါ့"

"စုံစမ်းတာပေါ့ဗျ"

"ဟင် စုံစမ်းတယ် ဟုတ်လား"

သူ့စကားကြောင့် ကျွန်တော် ပိုစိတ်ဝင်စားသွားသည်။ ထို့ကြောင့် သိချင်ဇောဖြင့်

"စုံစမ်းတော့ ဘာတဲ့လဲ"

ကျွန်တော့် အမေးကို ဘယ်သူမှ မသိစေချင်သည့် ပုံစံမျိုးနှင့် ဘေးဘီဝေ့ကြည့်ကာ လေသံတိုးတိုးဖြင့်

"သူ့အဒေါ်က တွံတေးဘက်က ရွာတစ်ရွာကဗျ။ လိမ်လည်မှုနဲ့ ရန်ကုန်ပြေးလာတာ"

"ဟယ်. . ."

ထင်မှတ်မထားသော စကားကြောင့် ကျွန်တော် အံ့အားသင့်သွားရသည်။

ဒါကို ဝေဟင်မှပင် ဆက်၍

"သူရော သူ့ယောက်ျားပါ လူလိမ်တွေ မျိုးရိုးရှိတယ်"

"ဟာ မင်းကလည်းကွာ သူ့အဒေါ်လိမ်ပေမယ့် သူက လိမ်ချင်မှ လိမ်မှာပေါ့ မင်းသူ့အကြောင်းရော မစုံစမ်းဘူးလား"

"စုံစမ်းတာပေါ့ဗျာ၊ ဘယ်နေမလဲ"

"ဘာတဲ့လဲ. . သူကရော ဘာတဲ့လဲ"

"သူ့နာမည် ပြောလိုက်တာနဲ့"

"အင်း"





ကျွန်တော်က သိချင်စိတ်နဲ့ အလျင်အမြန် ထောက်ခံလိုက်သည်။

"တစ်ရွာလုံး ပြုံးပြုံးပဲ"

"ဟင်"

"ဟုတ်တယ် သူ့နာမည် ပြောလိုက်တာနဲ့ တစ်ရွာလုံး ဘာမှ ဆက်မေးလို့မရဘူး အားလုံးပြုံးနေကြတာ"

"ဟာကွာ. . မင်းကလည်း"

ကျွန်တော်လည်း လိုချင်သော အဖြေမသိရ၍ တစ်ကိုယ်လုံးပင် ပျော့ကျသွား၏။ သိချင်သည့်အကြောင်းများက ဝေ့လည်ကြောင်ပတ်နှင့် ဘာမှမသိရဘဲကိုး။ ဒါကြောင့် အဖြေတစ်ခုခု ရလိုရငြား ဆက်မေးလိုက်၏။

"ဒါနဲ့ နေပါဦး အခု မင်းနဲ့ ကွာရှင်းလိုက်တော့ရော သူက ဘာမှ မပြောဘူးလား"

"ပြုံးပြုံးပဲ"

ဩော်. . ဒီအထိ ပြုံးနေပါသေးလားနော်ဟု စိတ်ထဲ တေးမှတ်လိုက်ရသည်။ ဒါကို မောင်ဝေဟင်က ရင်ဖွင့်၍ ဝသွား၍ထင့် ရှေ့မှ ရေနွေးခွက်ကို ဆတ်ခနဲသောက်ပြီး

"ကိုင်း သွားဦးမယ် ဆရာရေ့ ဒီလက်ဖက်ရည်ဖိုး ဆရာပဲ ရှင်းလိုက်တော့"

ဟုဆိုကာ စားပွဲဝိုင်းမှ ထ၍ တစ်လှမ်း နှစ်လှမ်း လှမ်းသွားပြီးမှ နောက်ပြန်လှည့်ကာ. .

"ဩော် ဆရာမယုံရင် သာကေတကို သွားကြည့်၊ ဒီအချိန်ဆို သူတို့လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ အီကြာကွေးတစ်ချောင်း မြဲ့ပြီး ပြုံးနေမှာ သေချာတယ်"




www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com



# ရဲ

သို့ကလို စာပေနယ်ထဲမှာ နာမတော်တစ်လုံးတည်းနဲ့ နှစ်ပေါင်းများစွာ တောက်ကြွားနေရသောကျွန်ုပ်(အများအခေါ် အဘကိုကိုကြီး)သည် စာပေမွန်လက်ရာများကို စဉ်ဆက်မပြတ်ဖန်ဆင်းရင်း လူထု၏ချစ်ခင်နှစ်သက်မှုတွင် ပျော်မွေ့နေပေပြီ။

မည်မျှဆိုသော် ကျွန်ုပ်အား လမ်း၌ ရုတ်တရက်ဆုံတွေ့လျှင်ပင်. .

"ဟိုအဘိုးကြီး အကြွေးမပေးသေးဘူးလား"

"ဒီအရွယ်သေသင့်ပြီနော်"

ဟူသော ပဋိသန္ဓာရစကားများ စဉ်ဆက်မပြတ် နာယူသမှု





ပြုနေရပေပြီ။ သို့ဆိုစေ မေတ္တာအဟုန်ကြီးမားသော ဝမ်းတွင်းရှူးကျွန်ုပ်မှာ ပီတိစား၍အားဖြစ်နေသည်ဆိုသော်ငြား ကျဲပါးလှသော စာပေရေးနှုန်း၊ အသုံးမကျ၍ အပယ်ခံရသော စာမူတို့ဖြင့် သမုဒ္ဒရာဝမ်းတစ်ထွာအရေး ရင်မအေးဖြစ်နေရရှာ၏။

"ဒီစာမူလေးမှ အယ်ဒီတာမရွေးလျှင် နံနက်စာဘယ်သူ့နားကပ်လွေးရပ့်ါ"

ဟူသော အတွေးများဖြင့် ကွေးကွေးလေးပြန်ရသည့်နေ့လည်းရှိ၏။ စားစရာမရှိ၍ ရှိစုမဲ့စုဝတ်ထားသည့် တောင်တို(တောင်ရှည်ကို ပိုက်ဆံမရှိတိုင်း ဖြတ်ဖြတ်ရောင်း၍ တောင်တိုသာ ကျန်တော့၍ဖြစ်၏။) ကိုပေါင်၊ နေပူကျဲတဲ မုံရွာစောင်ကြီးခြုံ၍ လူအများအမြင်တင့်တယ်စေရန် ချွေးထုတ်ချင်ယောင်ဆောင်ရသော နေ့မျိုးလည်းအသချေ်။

ခက်သည်က ငယ်စဉ်ကတည်းက လက်ဆော့၍စာရေးခြင်းအလုပ်သာ လုပ်တတ်သော ကျွန်ုပ်မှာ အသက်ကြီးမှ ဘာစီးပွားရေးမှ မလုပ်တတ်။ အငတ်ငတ်အပြတ်ပြတ်ဘဝနှင့် အနာဂတ်အရေးကိုခပ်ဖြည်းဖြည်းလေး တွားသွားနေရလေသည်။

ဟိုးအရင်တစ်ခါလို အယ်ဒီတာဘဝ ရပြန်ရင်လည်း ကောင်းပါရဲ့။ ဖိတ်ဖိတ်မဖိတ်ဖိတ်၊ ဧည့်ခံပွဲတိုင်း ကျွေးသမျှတက်ကြိတ်၊ ယမကာလေးများ တိုက်ပြန်လျှင်လည်း 'ဇက်ကျိုးလျှင် လက်ထိုးအန်မည်'ဟူသောထုံး နှလုံးမူပြီးသကာလ မထနိုင်အောင် မြိန်မြိန်ကြီးသောက်သုံးသမှုပြုပြီးအပြင် အနီးနားခစားလျက်ရှိသော စာနယ်ဇင်းညီငယ်များမှ လက်စလက်နရှိသူများကို လက်တို့

"ဟဲ့ ရွှေကြိမ်လုံး နှစ်လုံးပါဆယ်ဆွဲခဲ့ကွ။ မောင်နန်းမိုးကအမြည်းဖိုးရှာ၊ နက်ဖြန်မှ ပန်းဆိုးတန်းက အေမီဂါမှာ ပြန်ဆုံမယ်"

ဩော်. . မိုးကောင်းတုန်းကရှာခဲ့တာ။ အယ်ဒီတာစားပွဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မြိန့်မြိန့်ကြီးထိုင်ပြီး ဘာအလုပ်မှမလုပ်၊ အမြဲတမ်းမူးရူးပြီး ကိုယ်ကိုင်ရမည့် စာအုပ်တစ်အုပ်လုံး လက်သင့်ရာလူရွေးထည့်၊ နေ့စဉ်ပသနေပါက စာရေးတတ်၊ မရေးတတ် အခန်းဆက်ပေး။ သရုပ်ဖော်ပုံဖိုး ဘယ်သူ့မှမပေးဘဲ ဘုံးလာခဲ့သမျှ ထုတ်ဝေသူသိပြီး ကန်ထုတ်လိုက်မှ

"အယ်ဒီတာဆိုတာ စာရေးဆရာရဲ့သချိုင်းကွ။ စာရေးချင်လို့ အယ်ဒီတာအလုပ်က သိက္ခာရှိရှိထွက်ခဲ့တာ"

ဘယ်သူ့မှမသိတာလည်း မဟုတ်ဘူး။ ကျောလှန်ကြည့်ရင် ထုတ်ဝေသူခြေရာပါရှိသေး။ အဲသဟာကိုတောင် ပါးစပ်ပုပ်ပုပ်ကြီးနဲ့ ဝါကြွားပြီး စာရေးစားမဟဲ့ဆိုပြီး ပြောခဲ့တာ။

ဩော် စာကလေးကတော့ ရေးနိုင်ပါရဲ့။ ဒါပေမယ့် အယ်ဒီတာဆိုတဲ့ ဆရာသမားများကရွေးဦးမှ ပါရမယ့် စာရေးဆရာဘဝ။ ငိုချင်းတောင်ချမိတော့မယ်။

စာပေတိုက်များရှိရာ ခြေတိုအောင်သွား၊ ရေးထားသမျှစာမူကလေးများကို တစ်တိုက်ဝင် တစ်တိုက်ထွက်နှင့်. .

"ဆံပင်ရှည်ရှည်၊ မှုန်တေတေ၊ ဖုန်ပေပေ ပန်းဆိုးတန်းတစ္ဆေ"

ဟူ၍ပင် ပြက်ရယ်ပြုခြင်းခံရသော်လည်း စီးပွားကမဖြစ်ရုံမက စားဝတ်နေရေးပင် မဖူလုံသည့်ဘဝဖြင့် ခရီးဆက်နေရလေသည်။

မည်သို့ပင်ဆိုစေ၊ ကံဆိုးခြင်းချည်းပဲ အမြဲမရှိနိုင်၊ ကံကောင်းခြင်းဆိုသည်ကလည်း မမြင်နိုင်သောအရပ်မှ ရောက်လာတတ်သည်သာ မဟုတ်ပါလား။

ထိုနေ့ကလည်း ကျွန်ုပ်အတွက် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား မသိသောထူးဆန်းမှုမျိုး ယူဆောင်ခဲ့လေပြီ။ ယူဆောင်လာသူကား. .





"ဟယ်လို ပန်းဆိုးတန်းတစ္ဆေ အဘကိုကိုကြီး ခါတိုင်းလိုပဲ မွဲနေတုန်းပါလား"

သို့ကလို ချိုသာဖွယ်နှုတ်ဆက်သံကြားရ၍ လှည့်ကြည့်လိုက်တော့

"စိန်အုံး"

ဒရဝမ်၊ ဒရိုင်ဘာမှ ဒါရိုက်တာအထိ အစုံလုပ်သည်ဟူ၍ ကြွေးကြော်ထားသော ကျွန်ုပ်၏အချစ်ဆုံးမိတ်ဆွေ ရန်သူတော်ကြီး စိန်အုံး။ သူ့ကိုမြင်ကတည်းက ပြဿနာတစ်ခုကို သယ်ဆောင်လာပြီဖြစ်ကြောင်းသိရ၍ စိတ်နောက်ကျိသွားရ၏။

"မင်းဘာသာမင်း ပျောက်နေတာပဲ ကောင်းပါတယ် စိန်အုံးရာ။ ဘာလာလုပ်သေးတာတုံး"

ကျွန်ုပ်၏စကားကို စိန်အုံးမှ သူနှင့်မတော်မရော် ဖြစ်နေသောဘောင်းဘီကြီးကို ရင်ခေါင်းဆွဲတင်ကာ

"မသေနိုင်သေးတဲ့ စာရေးဆရာအိုကြီးကို တအံ့တသြလာကြည့်တာပေါ့ဗျာ။ ဘယ့်နှယ်ဗျာ မဟုတ်တာတွေရေးပြီး အသက်ရှည်နေတဲ့သူ ဒီတစ်ယောက်တွေ့ဖူးတာ။ အမှန် ဒီအရွယ်နဲ့ ဒီလောက်မကောင်းမှုလုပ်တဲ့လူ ရှာမှရှားပါပဲ"

"တော်. . တော်ပါကွာ။ ငါ့ဘာသာငါ သေသင့်တဲ့အချိန်သေမှာပါ။ ငါသေရင်တောင် မင်း ငါ့ဆီ လာစရာမလိုပါဘူး။ ဒါပဲနော် သွားတော့"

ကျွန်ုပ်၏ဆတ်ဆတ်ထိမခံစကားကို စတီးဖလားထက်တောင် အခွက်ပြောင်သော အနိုင်တိက လဲကျလုနီးနီး ကျွန်ုပ်အိမ်ဝါးလုံးတိုင်ဆွေးကို ခပ်ဖြည်းဖြည်းမှီပြီးသကာလ. .

"ဘယ့်နှယ်လဲ မဂ္ဂဇင်းတွေမှာ အတိုအစတွေရေးပြီး ဝင်နေပြတ်နေတုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



သူမထိတရီစကားကြောင့် ကျွန်ုပ်ဒေါသထွက်သွားရပြီး

"ဟေ့ကောင်. . မင်းငါ့ကို စော်ကားချင်စော်ကား၊ ငါ့အနုပညာတော့ လာမစော်ကားနဲ့ကွ။ မင်းမနာချင်ရင် အခုချက်ချင်း ငါ့ရှေ့ကထွက်သွား၊ ချက်ချင်းနော် ချက်ချင်း"

ကျွန်ုပ်၏စကားကို ငတိက သက်ပြင်းချပြီး

"အဲဒါပြောတာပေါ့ တလွဲမာနဆိုတာ။ စာသာ ကောင်းကောင်းမရေးနိုင်တာ။ ပန်းဆိုးတန်းက အေမီဂါမှာတော့ ညနေတိုင်းတွေ့ရဲ့၊ စားကောင်းသောက်ကောင်းတုန်းထင်ပ့ါ"

"ဒါကတော့ မာဂျေတို့ သျှီသူအောင်တို့ ဂါရဝပြုတာပါကွယ်"

"ကပ်သောက်တယ်ဆို ကပ်သောက်တယ် ပြောစမ်းပါ။ ခင်ဗျားကြီးမှာလည်း တစ်သက်လုံးစာရေးစားနေပြီး အခုချိန်ထိ သူများဆီ ကပ်စားကပ်သောက်နေရတုန်းပါလား"

"ဟေ့ကောင်. . ငါ့ဘာသာငါ ဘယ်လိုနေနေ မင်းအပူမပါဘူးကွ မှတ်ထား"

ကျွန်ုပ်၏စကားကို ငတိက သေးညောင်လှသော ခန္ဓာကိုယ်ကို တစ်ပတ်ပြည့်ပြည့်လှည့်၍

"အဲဒါပြောတာပေါ့၊ သူများတွေဆို စာရေးပြီး စီးပွားဖြစ်နေပြီ။ ကိုယ့်မှာအိုသေတော့မယ်၊ ငတ်နေပြတ်နေတုန်း"

စာရေး၍ စီးပွားဖြစ်နေကြပြီဟူသော စကားကြားတော့ ကျွန်ုပ်စိတ်ဝင်စားသွားသည်။ မည်သူမဆို စီးပွားလေးတော့ဖြစ်ချင်ကြသည် မဟုတ်ပါလား။

"ဘယ်. . ဘယ်သူတွေက စီးပွားဖြစ်နေကြပြီလဲ"

ကျွန်ုပ်၏အမေးကို ငတိက ယောင်ယောင်လေးပြုံးလိုက်ပြီး

"အဲဒါပေါ့၊ ဒီခေတ်ထဲနေပြီး မျက်ခြည်ပြတ်နေတော့လည်း





ငတ်သေတာကောင်းပါတယ်"

"ပြောစရာရှိတာသာ ပြောပါကွာ"

ကျွန်ုပ်မှာ စိတ်မရှည်နိုင်တော့ဘဲ ဖြတ်ပြော၏။ ဒါကို ငတိက

"လုံးချင်းဝတ္ထုရေးတဲ့သူတွေလေ"

"ဟင်"

ကျွန်ုပ်မှာ တစ်ခါမှ မစဉ်းစားဘူးသော အကြောင်းအရာဖြစ်နေ၍ အံ့အားသင့်သွားရ၏။

"လုံးချင်းဝတ္ထုရေးသူတွေ"

"ဟုတ်ပ့ါဗျာ၊ တချို့ဆို ကလောင်တစ်မျိုးတည်းနဲ့ စီးပွားဖြစ်တာကိုတောင် မကျေနပ်နိုင်လို့ ကလောင်တွေ မနည်းခွဲရေးနေကြတာ"

"ဟင် အဲသည်လိုတောင် လုပ်နေကြပြီ"

"ဟုတ်ပ့ါ၊ အခုဘက်ဆဲလားဆိုတဲ့ စာရေးဆရာတွေ အနည်းဆုံး ကလောင်ဆယ်မျိုးလောက်တောင်ရှိတာ"

"အဲ"

သူ့စကားကြောင့် စာပေကိုတစ်သက်လုံး ရေးစားနေသော ကျွန်ုပ်ပင် ကြောင်သွား၏။ နောက်မှ

"ဟင်. . အဲသည်လောက်တောင်

"အယ်ဒီတာဆိုတာ စာရေးဆရာရဲ့ သင်္ချိုင်းကွ။ စာရေးချင်လို့ အယ်ဒီတာအလုပ်က သိက္ခာချပြီး ထွက်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ရေးနိုင်ကြလို့လား"

"ဝယ်ရောင်းပေါ့ဗျာ"

"ဝယ်ရောင်း"

"ဟုတ်တယ်လေ. . လုံးချင်းဝတ္ထုလေးထုတ်ပြီးလို့ နာမည်ရလာရင် လက်သင်ကလေးတွေ ရေးထားတဲ့ဝတ္ထုကို ဈေးပေါပေါနဲ့ဝယ်ပြီးရင် ကိုယ့်နာမည်နဲ့ ဈေးကြီးကြီးနဲ့ပြန်ရောင်း၊ ပြီးရောပေါ့"

"လွယ်လှချည်လား"

"အဲဒါကြောင့်ပြောတာ၊ အဘရော လုံးချင်းရေးမလား"

"ဘယ်လို"

ငတိ၏ အားတက်သရောစကားကြောင့် ကျွန်ုပ် ဇဝေဇဝါ ဖြစ်သွားရ၏။ နောက်မှ ခေါင်းကုတ်ပြီး

"အေး. . ရေးတော့ရေးချင်သကွ။ ဒါပေမယ့် ငါ့စာအုပ်ကို ဘယ်သူက ထုတ်ပေးမှာလဲ"

"ကျွန်တော်ထုတ်မယ်လေဗျာ၊ ကျွန်တော်ထုတ်မှာ"

စိန်အုံးက သူ့ရင်ဘတ်ပြားပြားကို တဗုန်းဗုန်းထုရင်းပြော၏။ သူ့စကားကြောင့် ကျွန်ုပ်ပင် အားရသွားပြီး

"မင်း. . မင်းတကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ဗျ။ အဲ ဒါပေမယ့် ဒီကလောင်နာမည် ရိုးရိုးကြီးနဲ့တော့ မဖြစ်ဘူးဗျ။ ကလောင်နာမည်ကိုက နုရမယ်၊ နွဲ့ရမယ်၊ လှနေရမယ်၊ ဆွဲဆောင်မှုရှိရမယ်"

"ဘာဆိုင်လို့လဲကွ ကလောင်နာမည်က စာကောင်းရင်ပြီးရော မဟုတ်လား"

စိန်အုံးက ကျွတ်ခနဲစုတ်သပ်လိုက်ပြီး

"အဲဒါကြောင့် ဆင်းရဲနေတာ။ အတွေးကိုက ခေါင်တာကိုး"

ဟုဆိုကာ ကျွန်ုပ်နားကပ်၍





"ဒီမယ် မှတ်ထား။ စာဖတ်သူက စာကိုနောက်မှဖတ်ရတာဗျ။ ကလောင်နာမည်အရင်ကြည့်ရတာ။ ကလောင်နာမည်က ဆွဲဆောင်မှုမရှိရင် ဘယ်သူကစာအုပ်ကို ကိုင်ကြည့်မှာလဲ"

သူ့စကားကြောင့် ကျွန်ုပ်ပင် ခေါင်းကုတ်သွားရသည်။

"မင်းပြောတော့လည်း ဟုတ်သလိုပဲကွ"

"ဟုတ်သလိုပဲမလုပ်နဲ့၊ ဟုတ်ကိုဟုတ်တယ်။ ကဲ အဲဒီတော့ အဘအနေနဲ့ ကလောင်နာမည်ကို အလှဆုံးရွေးပြီးတော့ အမြန်ဆုံး ရေးပေတော့။ အဲ ရေးတဲ့နေရာမှာလည်း ဟုတ်သည်ရှို မဟုတ်သည်ရှို မင်းသား၊ မင်းသမီးနာမည်ကို လူမမှည့်တတ်တဲ့နာမည်မျိုးပေး။ ဥပမာ တိမ်ပန်းပုတို့၊ ဝေလပန်းတို့လိုမျိုးပေါ့"

"ဟင်. . လိုလို့လား"

"ဟ. . လိုတာပေါ့ဗျ။ အဓိက လုံးချင်းဝတ္ထုညွှန်းတမ်းမှာကို အဲဒါပါတယ်။ နာမည်ဆန်းရမယ်။ မင်းသား၊ မင်းသမီးမာနကြီးရမယ်။ သူမတူအောင် ချောရမယ်။ မိဘနှလုံးရောဂါရှိရမယ်။ ချစ်ရင်မညားရဘူး။ ညားရင်မချစ်ရဘူး။ အဲဒါတွေ သိထားရမယ်"

"ဒီလိုလား"

"ကဲ. . ဒီလောက်ဆို အဘလည်း လုံးချင်းဝတ္ထုညွှန်းတမ်း သိပြီမို့ စသာရေးပေတော့။ ရှေ့အပတ် ကျုပ်ပြန်လာမယ်"

ဟုဆိုကာ ကော့ကော့ကော့ကော့နဲ့ ထွက်ချသွားလေ၏။ သူထွက်သွားတော့မှ ကျွန်ုပ်လည်း စဉ်းစားကြည့်သည်။

လုံးချင်းဝတ္ထုရေးဖို့အတွက် လိုအပ်ချက်များ။ အဓိက ကလောင်နာမည်လှလှရွေးချယ်ဖို့။ မည်သို့သော ကလောင်နာမည်မျိုးကို ရွေးချယ်ရမည်နည်း။ ဆွဲဆောင်မှု၊ အနုအရွ၊ နောက်ဆုံး ကလောင်နာမည်တစ်ခုကို အပြီးသတ် ရွေးချယ်လိုက်သည်။

"မင်းထက်ယစ်မှူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ဗျာ။ မှန်တယ်ဗျာ။ ပြီးပြီဗျာ။ ဘာတဲ့. . မင်းထက်ယစ်မူး"

"အဓိပ္ပာယ်လည်းရှိ၊ နာမည်လည်းလှဆိုတော့ အောင်မြင်မှာ သေချာသလောက်ရှိနေပြီ။ ဒါနဲ့ မင်းသားနဲ့မင်းသမီးက မာနကြီးရဲ့နော်"

"မိုးပေါ်ကကို မဆင်းပါဘူးကွယ်"

"နာမည်တွေက"

"ဗိမာန်ထိပ်တန်းနဲ့ မိုးပေါ်ထိပ်သီး"

"ပြီးပြီ. . ပြီးပြီ၊ အကြီးကြီးကိုပြီးပြီ။ ကဲ ကျွန်တော် စာအုပ်ထုတ်ဖို့ သွားလုပ်လိုက်ဦးမယ်"

ဟုဆိုကာ ကျွန်ုပ်ရေးသားထားသော မင်းထက်ယစ်မူး ကလောင်အမည်ပါ စာအုပ်ကိုပိုက်၍ သုတ်ခြေတင်သွားတော့၏။

သိပ်မကြာပါ။ 'မင်းထက်ယစ်မူး'ဟူသော ကလောင်အမည်မှာ လုံးချင်းလောကတွင် ပေါက်ကလောင်တစ်ချောင်း ဖြစ်လာတော့၏။

"ကဲ. . အဘရေ၊ မင်းထက်ယစ်မူးကလောင်ကတော့ အငှားတန်းမှာ ဆရာဖြစ်နေပြီ။ နှစ်ပတ်တစ်အုပ်နှုန်းသာ ရေးပေတော့"

"ဟင် နှစ်ပတ် တစ်အုပ်၊ အဘ အဲသည်လောက်အထိတော့ လက်မမြန်ပါဘူးကွယ် မလုပ်ပါနဲ့"

ကျွန်ုပ်၏ ငြင်းဆန်စကားကို စိန်အုံးကပြုံးလိုက်ပြီး ပါလာသောအထုပ်ကို ကျွန်ုပ်ရှေ့ ဒုန်းခနဲပစ်ချကာ

"အဲဒါသိလို့ ဟောဒီမှာ မော်တာဝယ်လာတယ်။ လက်ကို မော်တာတပ်ပြီးတော့သာ ရေးတော့"

"ဟင် လက်မော်တာတပ်ပြီးတောင် ရေးရမယ်"

"ဒီလိုအဘရဲ့ လက်ရှိလုံးချင်းလောကမှာ ခေတ်စားနေတာက





အငှားဆိုင်မှာ ကိုယ့်စာအုပ်များများရှိနေဖို့ပဲ"

"အဲလိုရှိနေရင်"

"အဲသည်လိုရှိနေမှ ငှားဖတ်တဲ့သူတွေက ဒီစာရေးဆရာ စာအုပ်အများကြီးထွက်ထားပြီ။ ဘာကောင်းလို့ပါလိမ့်ဆိုပြီး ကိုယ့်စာအုပ်ကို ယောင်တောင်ပေါင်တောင်နဲ့ ငှားဖတ်ကြတာ"

"ယောင်တောင်ပေါင်တောင်နဲ့ ဖတ်တာ"

"ဘယ်လိုပဲဖတ်ဖတ်လေ၊ ကိုယ့်စာအုပ် အငှားသွက်နေဖို့ပဲလိုတာ။ ကဲ ပြောနေကြာတယ်။ မင်းထက်ယစ်မူးကို သုံးပတ်တစ်အုပ်ရေးပြီးရင် ကလောင်ခွဲဖို့ နာမည်အသစ်တစ်လုံးသာ ရှာထားပေတော့"

"ဟင်. . ကလောင်ခွဲမယ်"

"ခွဲရမယ်ဗျ။ ဒါမှ လူတွေက ဒီဆရာ ကလောင်ခွဲတောင်ထွက်နေပြီဆိုပြီး အထင်ကြီးမှာ။ ကိုင်း ပြောနေကြာတယ်။ လက်ကို မော်တာတပ်ပြီး ရေးပေတော့"

ဟုဆိုကာ သုတ်ခြေတင်သွားတော့၏။ ထိုမှစ၍ ကျွန်ုပ်မှာလည်း အားမနေနိုင်တော့၊ မင်းထက်ယစ်မူးကလောင်ကို သုံးပတ်တစ်အုပ် တရစပ်ရေးနေရသည့်အပြင် နောက်ထပ်ကလောင်သစ်အတွက်ပါ ရေးနေရလေတော့သည် မဟုတ်ပါလား။ သို့သော် သိပ်မကြာခင်ကာလအတွင်း

"မင်းထက်ယစ်မူးစင်တင်သည့် ကလောင်သစ် ယစ်မူးထုံဝေထွက်ပြီ"

ဟူသော ကြော်ငြာကို အများပြည်သူ ထင်ထင်ရှားရှားမြင်လာရလေတော့၏။

"ယစ်မူးထုံဝေကလောင်က မဆိုးဘူးအဘရ၊ အခုဆိုရင် စာအုပ်တွေအားလုံးက အလုပ်ဖြစ်နေတော့ အဘကိုတစ်အုပ်ရှစ်ထုလင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်”

“ဘာလဲဟ ရှစ်ပုလင်းဆိုတာ အရက်လား”

စိန်အုံး မဲ့ပြုံးပြုံးသည်။

“ခေါင်းထဲမှာ ဒါချည်းပဲရှိနေပါလား။ ရှစ်ပုလင်းဆိုတာ ရှစ်သောင်းကို ပြောတာ”

“ဟေ. . တကယ်လား”

ကျွန်ုပ်၏ဝမ်းသာအားရအသံ။ ဒါကိုစိန်အုံးက

“တကယ်ပေါ့ဗျ။ အဘများများရေးနိုင်လေ၊ အဘအတွက် အကျိုးရှိလေပဲ”

“ဒါ. . ဒါဆို ငါ့အတွက် မော်တာလေးတစ်လုံး ထပ်ဝယ်ခဲ့ပေးစမ်းပါ”

“ဘာလုပ်ဖို့လဲ”

“လက်နှစ်ဖက် ဘယ်ညာမော်တာတပ်ပြီး စက်နဲ့လှည့်ထုတ်သလို လှည့်ထုတ်မလို့”

ကျွန်ုပ်၏စကားကို စိန်အုံးသဘောကျသွားပြီး

“ဟား ဟား ကြိုက်ပဟေ့။ မော်တာနောက်တစ်လုံး မဟုတ်ဘူး၊ သုံးလုံးဝယ်ပြီး လက်နှစ်ဖက်၊ ခြေနှစ်ဖက် မော်တာတပ်ပြီး ကားရားကြီးသာ မှောက်ရေးပေတော့ဗျို့။ အဲ. . နောက်ပြီး အခု ယစ်မူးထုံဝေက အလုပ်ဖြစ်နေတော့ ကလောင်လေး ထပ်ခွဲပါဦး”

ဟုဆိုကာ ထွက်ချသွားလေတော့၏။ ထိုမှစ၍ ကျွန်ုပ်ခမျာ လက်နှစ်ဖက်၊ ခြေနှစ်ဖက် မော်တာတပ်ထားရ၍ ထမင်းကိုပင် ခွေးလိုဟပ်စားနေရသည့်ဘဝကို ရောက်ရလေပြီ။ ကြည့်လေ

စာအုပ်တစ်အုပ်ကို ရှစ်သောင်း၊ တစ်ပတ်တစ်အုပ်ရေးပြီးပါက တစ်ရက်တစ်သောင်း၊ မည်သူ မလိုချင်ရှိအံ့နည်း။ ထို့ကြောင့် စာအုပ်များကို အမြန်ပြီးစေရန် ရေးရသည့်အပြင် တွေ့သမျှ စာအုပ်





ခိုးချ၊ ကိုယ်ရေးပြီးသမျှကို ဇာတ်ကောင်နာမည်ပြန်ပြောင်း၊ ဒီတစ်အုပ်မှာ မင်းသားမာနကြီးလျှင် နောက်တစ်အုပ်မှာ မင်းသမီးမာနကြီး၊ နောက်တစ်အုပ်မှာ ဖခင်မာနကြီး၊ နောက်တစ်အုပ်မှာ ယောက္ခမမာနကြီး စသည်ဖြင့် ပြီးပြီးရောသာ လုပ်နေရလေတော့၏။ ထို့အပြင် ငွေကလည်း လိုသည်ထက်ပိုလိုချင်၍ ယစ်မူးထုံဝေကလောင်ကိုပင် ထပ်ပွားကလောင်အဖြစ် ဆက်လက်တင်ပို့ရလေတော့၏။

“ယစ်မူးထုံဝေ၏ ကလောင်ခွဲစစ်စစ်၊ ထုံဝေယစ်မူး အချစ်စစ်စစ်ဟာသများ ထွက်ပြီ”

“ထုံဝေယစ်မူးကတော့ ဟုတ်သလိုလို ဖြစ်နေပြီ အဘရေ၊ ရေးသမျှ ရှင်ရှင်လေးဖြစ်နေတော့ လူကပိုကြိုက်ကြသဗျ။ ဒါကြောင့်”

“ဟားဟား. . ငါစဉ်းစားပြီးပါပြီကွ။ ထုံဝေယစ်မူး၏ ကလောင်ခွဲ”

“ဘာတဲ့လဲ အဘ”

စိန်အုံးမှ စိတ်ဝင်တစားမေး၏။

“ညဉ့်နက်ယစ်မူး”

“ကြိုက်ပြီဗျာ၊ ကျွန်တော်ကြော်ငြာလိုက်တော့မယ်။ ထုံဝေယစ်မူးရဲ့ကလောင်ခွဲ ညဉ့်နက်ယစ်မူး” ဆိုပြီးသကာလ

“မင်းထက်ယစ်မူး” ဟူသော ကလောင် အမည်မှာ လုံးချင်းလောကတွင် ပေါက်ကလောင် တစ်ချောင်း ဖြစ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်း ကျွန်ုပ်မှာ အားသည့်အချိန်ကို မရှိတော့ချေ။ ရှိသည့် ကလောင်များကို မဖြစ်ဖြစ်အောင် လုပ်နေရသည့်အပြင် ကျွန်ုပ်၏ကလောင်ခွဲ ညဦးနက်ယစ်မူးမှာ မတော်တဆလူကြိုက်များ ကြ၍ ကလောင်ထပ်ခွဲရပြန်ပေတော့၏။

ညဦးနက်ယစ်မူး တည်းဖြတ်သည့် ကလောင်သစ်'နေကျော် ယစ်မူး'ထွက်ပြီ။

သို့ကလိုဖြင့် ကျွန်ုပ်၏အိမ်အထက် မော်တာသံတရစပ်နှင့် ခေတ်မီကွန်မြူတာ၊ ဆိုဖာ၊ တီဗီအပေါ် အောက်နှင့် အော်ငေါက်စရာ တပည့်တပန်းကလေးများပင် ရှိနေချေပြီ။

တပည့်ကလေးများမှာ ကျွန်ုပ်ထံ ပညာရင်နို့သောက်စို့ရန် လာရောက်သူများဖြစ်သည့်အလျောက် သူတို့ရေးသမျှ ပေါက်ကရ စာများကို ကျွန်ုပ်ထံ သိပ်သွင်းရင်း ခပ်တင်းတင်း နေရလေတော့၏။

ကျွန်ုပ်နည်းတူပင် ကျွန်ုပ်၏ထုတ်ဝေသူ မောင်စိန်အုံးမှာ လည်း ယခင်ကထက် ပြောင်သမျှပြောင်၊ ရောင်သမျှရောင်ပြီး သိန်း ကျော်တန်မျက်မှန်၊ အကောင်းစားကားနှင့် လူတကာကြား တောက် ကြွားနေလေပြီ။

ထိုမျှမက ရလေလိုလေ အိုတဏှာမျိုးမို့ ကလောင်ခွဲမြောက် မြားစွာက ငွေနှင့်မတင်းတိမ်နိုင်ဘဲ ကလောင်ခွဲများကို ထပ်မံဖန်ဆင်း ရပြန်လေတော့၏။

နေကျော်ယစ်မူး တည်းဖြတ်စီစဉ်တင်ဆက်သည့် ဆယ် ကျော်သက်အသည်းစွဲ'ပုံမှန်ယစ်မူး'ခံစားချက်အသစ်နှင့်ထွက်ပြီ။

အငှားဆိုင်စာအုပ်စင်၌ စာအုပ်များလာသည်နှင့်အမျှ ယောင်တောင်ပေါင်တောင်နှင့် ကိုင်ကြည့်သောပရိသတ်အမာခံရှိ သည့်အလျောက် ပုံမှန်ယစ်မူးမှာ စာအုပ်လောကအလယ် တင့်တယ် လာ၍ ကလောင်ထပ်ခွဲရပြန်လေတော့၏။





"ပုံမှန်ယစ်မူး၏ ရဲရဲကြီးစင်တင်မှု စာရေးဆရာမလေး စော စောယစ်မူး"

ထိုမျှမက စောစောယစ်မူးကလောင်မှ အရှယ်မရောက် သေးခင်မှာပင်

"စောစောယစ်မူး၏ မောင်အငယ်ဆုံး မောနင်းယစ်မူး ထွက် ပြီ"

စသည်ဖြင့် ကလောင်ထပ်ခွဲရလေသည်။

ကြာလာသည်ရှိသော် သူ့ဘာသာသူ အပတ်လည်သလိုရှိလာ ၏။ ကိုယ့်ဘာသာကိုယ်ရေး၍ နည်းနည်းကောင်းသွားလျှင် ပင်မက လောင်ကြီး၊ ကိုယ့်ဘာသာကိုယ် သတ်မှတ်ထားသော ဆရာကြီးမင်း ထက်ယစ်မူး၏စာ။ မတိမ်းမယိမ်းဖြစ်သွားလျှင် ထုံဝေယစ်မူးနှင့်ယစ် မူးထုံဝေအတွက်။ ရေးရင်း ရေးရင်းနှင့်'အလိုတော်. . တဟွင်းဟွင်း၊ အဟွန်းဟွန်း၊ ခစ်ခစ်ခစ်'စသည့်အသံများသွားလျှင် ညဦးနက်ယစ်မူး။ ထိုထက်နည်းနည်းလျော့လျှင် နေကျော်ယစ်မူးယူ။ ရေးသမျှသာမန် ဖြစ်သွား၍ ဘာမှမထူးခြားလျှင် ပုံမှန်ယစ်မူးကလောင်။ ကလေးက လားနှင့် အလှအပများသွားလျှင် စာရေးဆရာမလေးစောစောယစ် မူး။ လုံးဝသုံးမရဘဲ အချိတ်အဆက်ပင် မမိတော့လျှင် ကလောင်သစ် ကလေး မောနင်းယစ်မူးရေးတာ စသည်ဖြင့် ကိုယ့်ဘာသာကိုယ် အတန်းအစားခွဲ၍ ခပ်တည်တည်နေနေရလေသည်။

ထိုမျှမက ချိုကြွလှသောမောင်စိန်အုံး ကုန်းကုန်း ကုန်းကုန်း ဖြင့် ရောက်လာကာ

"အခုခေတ်က ဂမ္ဘီရဘက်လှည့်နေကြပြီ အဘရဲ့"

"ကျွန်ုပ်သိပြီးသား။ ဟောဒီမှာ ရေးပြီးသားတောင်ရှိပြီ။ ရော့ ယူသွားပေရော့"

ကျွန်ုပ်စကားကြားသည်နှင့် စိန်အုံး ထခုန်မတတ်ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး

"ဟ အဘက မြန်လှချည်လား။ မှန်း ကလောင်နာမည်က"

"ဆာဒူးကြီးယစ်မူး၊ ကြိုက်ပြီဗျာ ဒါနဲ့"

"လာပြီလေ။ ဟောဒီမှာ ကလောင်ခွဲ"

"ဂန်ဒူးကြီးယစ်မူး"

"ပြီးရင်"

"ရှိသေးပါ့။ ဟောမှာကြည့်"

"နှာဘူးကြီးယစ်မူး"

"ဆတ်စလူးကြီး ယစ်မူး"

"ချက်ပြူးကြီးယစ်မူး"

"လှို့ဝှက်ဆန်းကြယ်အတွက်ဆို. ."

"ရှိပါ့။ နာမည်တွေကြည့်လိုက်"

"တြိဂံ"

"တြဂံ"

"တြုဂံ"

"တြာဂံ"

"တြိဂံ"

"ကြောက်မက်ဖွယ်ဝတ္ထုဆိုရင်ရော"

ဟောဒီမှာရွေးထားပြီးသား

"ဒုက္ခိတမောင်စိန်"

"ဒွတ္တမောင်စိန်"

"ဒွကျွောမောင်စိန်"

"ဒုသမောင်စိန်"

"စုံပေ့ဗျာ စုံပေ့။ တစ်နိုင်ငံလုံး တစ်ယောက်တည်းရေးနေတာမှတ်ရတာ"





"ကဲ ဒီလောက်တောင်အများကြီး ဖန်တီးထားမှတော့ ကျုပ်ဘက်ကလည်း တာဝန်ကျေရမပေါ့။ ကဲ ဒီကလောင်ပေါင်း တစ်သောင်းနှစ်ဆယ်ကို နေ့ချင်းညချင်းကျော်ကြားအောင် ဖန်တီးဖို့က ကျုပ်တာဝန်ဗျ။ ကဲ သွားပြီဗျို့"

ဟုဆိုကာ ဝမ်းသာအားရ ထွက်ချသွားလေတော့၏။ သိပ်မကြာခင်အချိန်အတွင်း အနှစ်နှစ်အလလက စုထားသော ကျွန်ုပ်၏ စာပေဘဏ္ဍာတိုက်သဖွယ် ဦးနှောက်စွမ်းကြောင့် ထွက်ရှိသမျှ ကလောင်မျိုးစုံမှာ စာဖတ်သူများကြား ရေပန်းစားနေတော့၏။

လျှို့ဝှက်ဆန်းကြယ်၌လည်း မူလစာရေးဆရာတြိဂံ၏ စင်တင်မြှောက်စားမှုတြဂံ၊ တြုဂံတို့မှာ စာပေပညာရှင်များက နှာခေါင်းရှုံ့သော်ငြား ဝယ်လိုအားများလွန်း၍ တိုက်ပေါင်းသုံးတိုက်နှင့် စာချုပ်ပတ်ချုပ်ရသည်ဟူ၏။ ကြောက်မက်ဖွယ်လိုင်း၌ကား ဒုက္ခိတမောင်စိန်၏ နာနာဘာဝထိပ်ခေါင် မယ်ကုဝန်မှာ နာမည်နှင့်ပင်ရောင်းမလောက်ဖြစ်ရ၍ ဒုက္ခိတမောင်စိန်၏ လက်ရင်းကလောင်ခွဲ ဒွတ္တမောင်စိန်နှင့်ဒုကျွောမောင်စိန်တို့မှာ အတန်အသင့် စာပေစင်မြင့်ပေါ်၌ တင့်တယ်နေပေပြီ။

စာပေပညာရှင်များက လောက်လောက်လားလားမရှိငြား၊ စားပေါက်ချောင်ပြီးရောဟူသော ကြီးမားသော စာပေခံယူချက်ဖြင့် ခြေတိုလက်တိုအောင် ရေးသားလာခဲ့ပြီးသကာလ၊ တစ်နေ့အခါသမယ၌ ကျွန်ုပ်၏ကျေးဇူးရှင် မောင်စိန်အုံးမှာ အိမ်သို့ပေါက်ချလာပြန်လေ၏။

"အဘရေ စာအုပ်တွေက ထွက်တိုင်းပေါက်သလောက်ကို ရှိနေပြီဗျ။ ကလောင်လည်း ထပ်ခွဲဦးဗျ။ လုပ်စားရအောင်"

"ဟဲ့ အခုတောင် ငါခွဲထားတဲ့ကလောင် ငါပြန်မမှတ်မိလောက်အောင် များနေပြီမင့်ပဲ။ ဘယ့်နှယ်ကြောင့် ကလောင်ကထပ်



www.burmeseclassic.com

www.burmeseclassic.com



ခွဲရဦးမှာတုံး”

ကျွန့်ပ်၏စကားကို စိန်အုံးမှ မွမွလေးပြုံးကာ

“ကလောင်များတော့ ကိုယ့်အတွက် ကာဘာရတာပေါ့အဘရယ်။ မိုးကောင်းတုန်းရွာထားဦး အဘရေ။ ဩော် ဟောသည်မှာ ဖိတ်စာလေးလည်း ယူပါဦး”

ဟုဆို၍ ကျွန့်ပ်လက်ထဲဖိတ်စာတစ်စောင်ထိုးပေး၍ ကျွန့်ပ်လည်း ယောင်နနနှင့်လှမ်းယူကာ

“ဟင် ဖိတ်စာ၊ ဘာဖိတ်စာတုံး”

“စာနယ်ဇင်းရှင်းလင်းပွဲလုပ်မှာလေ”

“ဘယ်သူလုပ်မှာတုံး”

“ကျွန်တော်လုပ်မှာလေ”

“ဟင်”

သို့ကလိုစကားကြား၍ ကျွန့်ပ်လည်းကြောင်သွားကာ. .

“ဟင် မောင်ရင်က စာနယ်ဇင်းရှင်းလင်းပွဲလုပ်မယ်။ ဘာရှင်းမှာတုံး”

ကျွန့်ပ်၏အမေးကို ငတိက ဝမ်းသွားပြီးစ ဘဲမလို တင်ပါးကို ခပ်ကြမ်းကြမ်းယမ်းခါပြီး


“သိချင် မနက်ဖြန် ဖိတ်စာပါနေရာလာခဲ့”

ဆိုကာ ကော့ပက်ကော့ပက်နှင့် ငှက်သမွန်ခတ်သလို ထွက်ချသွားလေရာ ကျွန့်ပ်မှာလည်း ကြည့်ကွက်၊ ကြည့်ကွက်နှင့်ယောင်နန ကျန်ခဲ့ရလေ၏။

● ● ●







နောက်တစ်နေ့ စိန်အုံးချိန်းရာ ကျွန့်ပ်ရောက်ရှိချိန်ဝယ် ခန်းမထဲ အတော်များများ ရောက်ရှိနေပေပြီ။

နောက်တက် လက်သစ် စာနယ်ဇင်းဆရာ၊ ဆရာမများ အများအပြားမို့ ကျွန့်ပ်လည်း စိမ်းသယောင်ယောင် ဖြစ်နေသည်မို့ ဘယ်နားထိုင်ရမှန်းမသိ။ စင်ပေါ်ကြည့်တော့ ‘စိန်အုံး’အသားမည်းရသည့်ကြားထဲ စတစ်ကော်လံအဖြူကြီးဝတ်ကာ မျက်မှန်ကြီးပါတပ်ထားသည်မို့ ကျီးကန်းကိုထုံးသုတ်၍ ဘဲဥကပ်ထားသလိုပင် ဖြစ်နေ၏။

အာပေါင်အာရင်းသန်သန်နှင့် ဘာတွေပြောနေမှန်းမသိ။ ကျွန့်ပ်မှာ ထိုင်စရာနေရာ မရသေးသည်မို့ သူပြောတာ စိတ်မဝင်စားအားသေး။

www.burmeseclassic.com



နောက်မှ ချောင်တစ်ခုဝယ် တွေ့သမျှအလစ်သုတ်ရန် ချောင်းနေသော ဝါရင့်စာနယ်ဇင်းဆရာ လက်မရွံ့ရွှေကြိမ်လုံးတွေ့မှ ဝမ်းသာသွားရ၏။

ကျွန်ုပ်ရောက်သွားချိန်ဝယ် စားပွဲပေါ်မှ မုန့်ဖက်ထုပ်နှစ်ထုပ်ကို ရင်ဘတ်နှစ်ဖက်ကြား ဘရာစီယာသဖွယ် ထိုးသွင်းနေချိန်မို့ ရွှေကြိမ်လုံးလန့်သွား၏။

"အောင်မလေး ကလူ ကလူ"

"ဟော့ကောင် လန့်မနေနဲ့ ငါမြင်တယ်နော်"

ရွှေကြိမ်လုံးကဖွက်ထားသော မုန့်ဖက်ထုပ်ပြုတ်မကျစေရန် ရင်ကော့ပြီး

"မြင်တော့ဘာဖြစ်လဲ။ ဖင်ထဲထည့်ထားတာ နှစ်ထုပ်ရှိသေးတယ်"

ရိုက်တောင်မစစ်ရသေး၊ ပေါ်ပြီ။ နောက် သူက ကျွန်ုပ်အား စိန်းစိန်းကြီးကြည့်ပြီး

"ဘယ့်နှယ်လဲ ဘာလုပ်နေလဲ။ ကြားရတဲ့သတင်းကတော့ ရှဲ(ရှဲဒိုး)တွေရေးပြီး အဆင်ပြေနေတယ်ဆို"

သူ့စကားကြောင့် ကျွန်ုပ်လည်း'အ'ရန်ကောဟူသောအတွေးဖြင့် ဒေါသထွက်သွားကာ ရင်ဘတ်ကိုတဗုန်းဗုန်းပုတ်၍

"ဘယ့်နှယ် ရှဲရေးရမှာလဲကွ၊ အမှန်အကန် ရေးစားနေတာ။ ဒါနဲ့ နေပါဦး၊ စင်ပေါ်မှာ ဟိုကောင် ဘာတွေပြောနေတာလဲ"

ရွှေကြိမ်လုံးကလည်း ကျွန်ုပ်အား ဒီအဘိုးကြီး အူကြောင်ကြောင်နဲ့ဟု အဓိပ္ပာယ်ရသော အကြည့်နှင့်ပြန်ကြည့်ကာ

"အာ အဘကလည်း ခေတ်နောက်ကျနေပြန်ပြီ"

"ဟေ ဘာဖြစ်လို့တုံး"

"အခုတလော လုံးချင်းလောကမှာ နာမည်ကြီးနေတဲ့ မင်းထက်ယစ်မူးဆိုတာ သူပေါ့"





"ဟေ. . ဘယ်. . ဘယ်လို"

အနီးသူငယ်စကားကြောင့် ကျွန်ုပ် မျက်လုံးပြူးသွားရသည်။

"အဘက ဘယ်ချောင်ကပ်နေလို့ ဒါလေးတောင်မသိရတာတုံး၊ အခုလုံးချင်းလောကရဲ့ လျှမ်းလျှမ်းတောက် စာရေးဆရာ မင်းထက်ယစ်မူးတို့၊ ယစ်မူးထုံဝေ၊ စောစောယစ်မူးတို့ရဲ့ဖခင်အပြင် တြိဂံ၊ တြဂံ၊ တြုဂံတို့ရဲ့ ပထွေး၊ ဒုက္ခိတ မောင်စိန်၊ ဒွတ္တာမောင်စိန်၊ ဒုက္ခောမောင်စိန်တို့ရဲ့ အမေလင် မင်းထက်ယစ်မူးဆိုတာသူပဲ၊ မယုံရင်ကြည့်ထား။ ကျုပ်နဲ့မောင်နန်းမိုးတောင် ပွဲပြီးရင် စာပေအင်တာဗျူးလုပ်ဖို့ အရက်ဆိုင်ချိန်းထားတာ။ ဒါကြောင့် ဆိုင်မှာမြည်းဖို့ မုန့်ဖက်ထုပ်အလစ်သုတ်နေတာ၊ ကိုင်း ရှင်းပလား"

"ဟင် ဒါ ဒါ"

အနီးရွှေကြိမ်လုံးစကားကြောင့် ကျွန်ုပ် ဘာပြန်ပြောလို့ပြောရမှန်း မသိတော့။ ရေးတာက ကျွန်ုပ်။ နာမည်ခံတော့ သူ့အမည်။ ကမ္ဘာကြီးပါ ချာချာလည်နေလေတော့၏။ ဝေခွဲမရနိုင်တော့။

ထိုအချိန်မှာပင် ကြားလိုက်ရသော စိန်အိုးအသံပီပီသသကြီးက

"အားလုံးက ကျွန်တော့်ကို ရှဲဒိုး

အားလုံးက
ကျွန်တော့်ကို
ရှဲဒိုးအပါပြီး
စာအုပ်ထုတ်တယ်
လို့ပြောကြပါ
တယ်။ မသိနားမလည်လို့ပြော
တဲ့အတွက်

www.burmeseclassic.com



အပ်ပြီး စာအုပ်ထုတ်တယ်လို့ ပြောကြပါတယ်။ မသိနားမလည်လို့ ပြောတဲ့အတွက် ကျွန်တော် သနားကြင်နာစွာနဲ့ပဲ ပြန်ကြည့်ခဲ့ပါတယ်။ အမှန်တော့ မင်းထက်ယစ်မူးဆိုတဲ့ ကလောင်ဟာ ကျွန်တော့်ရင် ဘတ်ထဲက အန်ကျလာတဲ့ ကျွန်တော့်ရဲ့ ရင်တွင်းဖြစ်ကဗျာတစ်ပုဒ်ပါ။ ကျွန်တော်ကိုယ်တိုင် နှလုံးသားနဲ့ရင်းပြီး ဖန်ဆင်းခဲ့တာပါ"

ထိုအသံကြားတော့ ကျွန်ုပ်လည်း သည်းမခံနိုင်တော့

"ဟော့ကောင် အဲဒါတွေ ငါရေးတာကွ"

ကျွန်ုပ်၏ ကျယ်လောင်သော အော်သံကြားတော့ စာနယ်ဇင်းဆရာ၊ ဆရာမများ၏အာရုံ ကျွန်ုပ်ဆီသို့စုပြုံလာ၏။ စိန်အုံးမှာ မျက်နှာပင်ပျက်မသွားဘဲ ထီမထင်ဟန်နှင့်ပြုံးကာ

"အဲသည်လိုမျိုး ကျွန်တော့်ရဲ့အောင်မြင်မှုကို မနာလိုလို့ ပြောင်ကျကျ တိုက်ခိုက်နေသူလည်းရှိပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ သဘောထားကြီးသူပီပီ ခွင့်လွှတ်ခဲ့ပါတယ်"

"ဟော့ကောင် မင်းဘာမှ အာချောင်မနေနဲ့။ မင်းထက်ယစ်မူးရော၊ ဒုက္ခိတမောင်စိန်ရော၊ တြိဂံရော၊ ကလောင်ခွဲမြောက်မြားစွာရော ငါရေးခဲ့တာကွ"

"ဒါဆို အဲဒီကလောင်တွေ ဘယ်သူနာမည်နဲ့ မှတ်ပုံတင်ထားလဲ သွားကြည့်လိုက်လေ ဟီးဟီး"

"အမ်"

သူ၏ တစ်လုံးတည်းသော စကားကြောင့် ကျွန်ုပ်မှာဘာပြန်ပြောလို့ပြောရမှန်းမသိတော့။ ကိုယ်လက်တိုအောင် ရေးခဲ့သမျှ ကိုယ်မပိုင်သည့်ဘဝရောက်ရပြီ။ ထိုစဉ်မှာပင် စိန်အုံး၏ ပီသကြည်မြသော အသံက. .

"ကဲ ဆရာရွှေကြိမ်လုံးတို့၊ ဆရာမောင်နန်းမိုးတို့ ဒီအဘိုးကြီး အရက်ကြောင် ကြောင်လာပြန်ပြီထင်တယ်။ သူ့ကိုလေးဆယ့်သုံးလမ်းခေါ်သွားပြီး ဘီအီးတစ်ပိုင်းတိုက်ထားလိုက်ပါဦး။ ကျွန်တော်လာရင် ရှင်းမယ်"





ထိုအသံလည်းကြားရော အရက်သာပါမည်ဆိုပါက ဟိုစာနယ်ဇင်းဆရာမ မည်းမည်းတူးတူးကိုပင် ရည်းစားစကားပြောရန် ဝန်မလေးသော အနိုင်တိနှစ်ကောင်မှာ ကျွန်ုပ်ကို ကုပ်မှပင်ဆွဲမ၍၊

"ကဲ လာပါအဘရယ်။ အဖြစ်လည်းရှိတာ မဟုတ်ဘဲနဲ့၊ ပွဲမဖျက်ပါနဲ့"

"ဟုတ်သားဗျာ၊ လူကသေခါနီးပြီ။ အခုထိ အမြင်မှန်မရသေးဘူး"

ဟူသော စကားသံများနှင့်အတူ ကျွန်ုပ်၏

"ဟော့ကောင် အဲဒီကလောင်တွေ ငါရေးတာ။ စောစောယစ်မူးဆိုတာငါ၊ မောနင်းယစ်မူးဆိုတာ ငါ"

ဟူသောအသံများ ပျံ့လွင့်ဆဲ။ ထို့နောက်. . မိတ်ဆွေတို့ဗျာ တွေ့မိပါသေးလား။

တောင်ဒဂုံနယ်တစ်ရိုး၌ အမူးလွန်နေသော အဘိုးကြီးတစ်ယောက် ဗွက်အိုင်များကို ခုန်ကျော်ကာ

"မင်းထက်ယစ်မူးဆိုတာငါ၊ စောစောယစ်မူးတာငါ၊ မောနင်းယစ်မူးတာငါ"

ဟူသော စကားများကို ရေရွတ်ရင်း မော်တာလေးလက်နှင့် တရစပ်မွှေ့ယမ်းနေလေတော့၏။ သူဆိုလိုသည့် အဓိပ္ပာယ်ကိုတော့ မည်သူမှမသိ။ သို့သော် လူများက သူ့ကိုမြင်တိုင်း

"သေခါနီးထိ ယစ်မူးနေတုန်းပါလား" ဟု. .

တိုက်ဆိုင်မှုရှိက နာတတ်ပါစေ။

● ● ●




www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



# ခုန်

ကျွန်တော်ဗျာ. . ဒီအကြောင်းတွေကို လျှောက်ပြောဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့မိဘူး။ ဖြစ်ခဲ့တာလည်းကြာပြီဆိုတော့ ကိုယ့်ဘာသာတောင် ကိုယ်မေ့တော့တော့။ တစ်နေ့ကမှ ညီအစ်ကိုမောင်နှမတွေဆုံတုန်း ဒီအကြောင်းပြန်ပြောမှ ပြန်ပေါ်လာတော့တယ်။

မဟုတ်သေးဘူးဗျာ။ အဲဒီတုန်းကအကြောင်း ပြန်ပြောရရင် သိပ်တော့ကောင်းမယ်မထင်ဘူး။ ကိုယ့်မှာရှက်လွန်းလို့ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး။ အခုမှ လူစုံလို့ရှင်းပြတာ။

ပြောပြရမှာတောင် ရှက်တယ်။ အခုဒီစာရေးတာတောင် ရှက်လွန်းလို့ လုံချည်ခြုံရေးတာ၊ မျက်နှာပူလွန်းလို့ ဖုံးထားတာလေ၊ ကျန်တာဘာဖြစ်ဖြစ် အေးရော။

× × × × ×







ကျွန်တော်ဗျာ ငယ်စဉ်ကတည်းကပဲ ဆိုပါတော့။ ဘော်လီဘောကို ကစားခဲ့တာ။ ကိုးနှစ်အရွယ်မှာ လူကြီးတွေနဲ့ တန်းတူကစားခဲ့ပြီးပြီ။ ဆယ့်သုံးနှစ်အရွယ်မှာ ကျွန်တော် မြို့နယ်လက်ရွေးစင်ဖြစ်ပြီး ဌာနဆိုင်ရာတစ်ခုမှာ ယာယီခန့်နဲ့ လစာရနေပြီ။

အဲဒီအရွယ်မှာတင် ကျွန်တော် ဘော်လီဘောကို တိုင်းနဲ့ ပြည်နယ်ပတ်ပြီး လိုက်ကစားနေပြီ။ အင်တာနေရှင်နယ်ပြိုင်ပွဲကို ရန်ကုန်၊မန္တလေး နှစ်စဉ်တက်ကစားခဲ့ရသလို ပြိုင်ပွဲနားတဲ့အချိန်တွေဆို မြို့ပတ်ပြီး စီးပွားရေးကစားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးကစားတယ်ဆိုတာ ဒီလိုပါ။ သူက တစ်ယောက်ချင်းကနေစပြီး လေးငါးယောက်ချင်းကို ကစားကြတယ်။ လက်မမှုရင် တစ်ယောက် သုံးယောက်တို့ သုံးယောက်လေးယောက်တို့ စသည်ဖြင့် သဘောတူညီမှုရှိရင် ရှိသလို ကစားခွင့်ရှိတယ်။

နောက်ပြီး သူက အင်တာနေရှင်နယ်ကစားသလို စည်းကမ်းချက် မများဘူး။ အင်တာနေရှင်နယ် ကစားတဲ့အခါမှာ ဘောလုံးကို နှစ်ချက်မထိရဘူး၊ ဘောလုံးကို နှစ်ဆင့်မကိုင်ရဘူး၊ ပိုက်ပေါ်မှာ ဆွဲပစ်လို့မရဘူး၊ လက်ဖဝါးနဲ့ပင့်မတင်ရဘူး စသည်ဖြင့် စည်းကမ်းချက်တွေ အများကြီးရှိတယ်။

ဥပမာ နောက်တန်းရောက်နေတဲ့သူက ဆယ်ပေစည်းထဲဝင်ပြီး တစ်ဘက်ကွင်းထဲခုန်ပြီးရိုက်လို့မရဘူး။ စပေးဘောကို လေထဲမှာ မြှောက်ပြီးမှ ပေးရမယ်။ လက်ဖျားတောက်လို့ နှစ်ချက်ထိသွားတာနဲ့ဖောင်း၊ ကိုယ့်လက်က ပိုက်ပေါ်ကျော်လို့မရဘူး စသည်ဖြင့်ပေါ့။

စီးပွားရေးကတော့ အဲသည်လိုမဟုတ်ဘူး။ လွတ်လပ်တယ်။ လေပေါ်မှာဆို ဘောလုံးအိမ်ပြန်ယူသွားလို့ရတယ်။ ဘောလုံးကို ပိုက်မဖမ်းထားရင်ရပြီ။ သဘောတူညီချက်ရရင် လက်နှစ်ဖက်နဲ့ပါ ပက်ယူလို့ရတယ်။

အဲ. . ဒါပေမယ့် စီးပွားရေးကို အင်တာနေရှင်နယ် ကစားချင်လည်းရတယ်။ အဲဒီလိုနယ်မှာ သိပ်မထူးချွန်ပေမယ့် စီးပွားရေးကစားရာမှာတော့ နာမည်ကြီးတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကျွန်တော်တို့မကစားဖူးတဲ့သူ မရှိဘူး။ နွေရာသီကျောင်းပိတ်ပြီဆိုမှဖြင့် အိမ်မပြန်တမ်းကို ခရီးထွက်ပြီး ဘော်လီဘောလှည့်ပတ်ကစားခဲ့တာ။ (အဲဒီထဲက ပျက်စီးချင်နေတာလေ)

ဘယ်လောက်ထိလည်းဆို ကရင်ပြည်နယ်ဘားအံမြို့မှာဆို ညမှောင်တဲ့အထိ ကျွန်တော်တို့ကို ကွင်းထဲကပေးမထွက်ဘူး။ ထွက်





■ မကစားတတ်သလိုလုပ်ပြီး
သူတို့ကို
အမှတ်ကျောတွေပေးပြီး
ပွဲပြီးခါနီးမှ
ကပ်ကျော်ပြီး
အနိုင်ယူလိုက်တယ် ■

ရင် ရိုက်မယ်ဆိုပြီး ဝိုင်းထားကြတာ။

ဟုတ်လည်း ဟုတ်တယ်။ ကိုယ်က အချဉ်သွားဖမ်းပြီး ကစားတာကိုး။

မနက်မိုးလင်းကတည်းက ဘော်လီဘောကွင်းဘေးမှာ ကျွန်တော်တို့လေးယောက်(ကစားတာက သုံးယောက်တည်းပါ။ တစ်ယောက်က အလောင်းအစားလုပ်ရတာ) ကလေးလိုလို ခွေးလိုလိုနဲ့ ကွင်းဘေးယောင်ပေယောင်ပေသွားထိုင်ပြီး အညံ့ဆုံးအဖွဲ့ကို ကျွန်တော်တို့ ကစားပါရစေဆိုပြီး မျက်ပေတုံးလေးတွေနဲ့ သွားပြောတယ်။

ဟိုကလည်း ကျွန်တော်တို့ကိုကြည့်ပြီး ကလေးတွေပဲ အချဉ်ဖမ်းပြီး မုန့်ဖိုးလေးတွေ ချူယူဦးမှပဲဆိုပြီး ကစားတာ။

စဉ်းစားကြည့်လေ။ သူတို့ကသာ ကိုယ့်ကိုကလေးထင်နေတာ ကိုယ်က အဲဒီအရွယ်ကတည်းက ဌာနဆိုင်ရာရဲ့ လစာတောင် စားနေပြီ။ နယ်လှည့်ကစားနေပြီလေ။ တကယ်ကစားတော့ လက်ကအရမ်းကွာနေတယ်။ ဒီအဆင့်နဲ့ဒီအဆင့် ဆယ့်လေးပွတ်ကျော်လို့ရတယ်။

ဒါနဲ့ပဲ ကိုယ်တွေလည်း ကလေးဟန်ဆောင်ပြီး မကစားတတ်သလိုလုပ်ပြီး သူတို့ကို အမှတ်ကျောတွေပေးပြီး ပွဲပြီးခါနီးမှ



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကျော်ပြီး အနိုင်ယူလိုက်တယ်။

စဉ်းစားကြည့်လေ။ ကျွန်တော်တို့က ဘော်လီဘောကစားဖို့နယ်ထွက်ပြီဆို ကိုယ်ပိုင်ဘောလုံးနဲ့ ကိုယ်ပိုင်ပိုက်နဲ့ ထွက်တဲ့ကလေးတွေ။ ကစားချင်တဲ့သူရှိရင် ရောက်လေရာ ချက်ချင်းကွင်းထောင်ပြီး ကစားခဲ့ကြတာ။ ဒီဘာမှ မကစားတတ်တဲ့ လူကြီးတွေနဲ့တွေ့တော့ အချဉ်ပေါ့။

ဒီလိုနဲ့ တစ်ပွဲပြီးသွားတော့ ဟိုလူကြီးတွေက ဘယ်ကျေနပ်မလဲ နောက်တစ်ပွဲပေါ့။

ချလေရတယ်။ ဘာမှမဖြစ်ဘူး။ အဲလိုပဲ ကျွန်တော်တို့နိုင်ပြန်ရော။ ဒါနဲ့ပဲ လူကြီးတွေလည်း ကလေးတွေကို ရှုံးရကောင်းလားဆိုပြီး တင်းလာတယ်။

သူတို့ဘက်က နည်းနည်းကောင်းတဲ့ လူတစ်ယောက်လဲမယ်တဲ့။

အမှန်တကယ်လဲရင်လည်း ဒီလက်ရေမျိုးနဲ့ ဆယ့်လေးမှတ်ကျောလို့ရတယ်။ ဒါပေမယ့် သိတယ်မဟုတ်လား။ ကျွန်တော်တို့ဘက်က လောင်းဖို့ခေါ်ထားတဲ့ကောင်က သိပ်လည်တယ်။ လူကသာ ကလေး။ ကျွန်တော်တို့နဲ့လိုက်ပြီး နယ်ပတ်လောင်းလာတာဆိုတော့ အလောင်းအစား သိပ်ကျွမ်းကျင်တယ်။

"အစ်ကိုကြီး အစ်ကိုကြီးနဲ့ဆို မရဘူးလေ။ လက်မှမမျှတာ နှစ်ဆတော့ ကျောပေး"

ဟိုကလည်း အဟုတ်မှတ်လို့ ကျောပေးတယ်။ ကစားပွဲက အစကတည်းက နှစ်လေးတစ်လေးဖြစ်နေတဲ့အပြင် ကျွန်တော်တို့က အစပိုင်းမှာ ဖျက်ကစားပေးနေတော့ လောင်းကြေးက လေးဆတစ်ဆတို့ ဘာတို့ဖြစ်သွားတယ်။ ဟိုကောင်ကလည်း ရသမျှအကုန်ဆွဲပြီး ကစားတော့ဆိုတာနဲ့ ကျွန်တော်တို့နိုင်ပြန်ပြီ။





ဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက်လဲ၊ တစ်ပွဲပြီးတစ်ပွဲ ကစားလာတာ ထမင်းစားချိန် ခဏပဲ နားတယ်။ ပြီးတော့ ပြန်ကစားတာပဲ။ လူကလည်းငယ်သေးတော့ ဘာမှမဖြစ်ဘူး။ ရတနာသိုက်ကြီးကလည်း တွေ့နေတော့ ဘယ်လက်လွှတ်ချင်မှာလဲ။ ရသလောက်တော့ သိမ်းကြုံးယူမယ်ဆိုပြီးချတာ။

ဟိုဘက်ကလည်း တစ်ယောက်ပြီးတစ်ယောက်သာ ပြောင်းသွားတာ။ ဒီကလေးတွေကို တစ်ပွဲမှမနိုင်သေးဘူးဆိုပြီး မွန်ထူနေပြီ။ ဒါကြောင့် ထမင်းစားပြီးတာနဲ့ ဆက်ကစားမယ်ဆိုပြီး ထမင်းဆိုင်မှာပါ လာစောင့်ပြီး ကစားတာဗျ။ ကျွန်တော်တို့လည်း ပျော်တာပေါ့။ ဒီအဆင့် ဒီအဆင့်ဟာ "ဟေ့. . လူမျက်နှာ"ဆိုကွင်းထဲကကို ထွက်ပြေးနေရမှာကိုး။

ဒီလိုနဲ့ ကစားလာလိုက်တာ ညနေပါစောင်းသွားတယ်။ မြို့ပေါ်မှာရှိတဲ့ ကစားသမားလည်း ကုန်သလောက်ရှိပြီ။ လောင်းကြေးထပ်တဲ့လူတွေက လက်ဖွပ်တွေ ကျွတ်ကုန်ပြီ။ ကျွန်တော်တို့ဘက်က လောင်းတဲ့ကောင်က ပိုက်ဆံကိုပါ လုံချည်နဲ့ထုပ်ယူရတယ်။

နောက်ဆုံးတော့ သူတို့မြို့မှာ အကောင်းဆုံးပြည်နယ်နဲ့တိုင်း လက်ရွေးစင် မြန်မာ့လက်ရွေးစင်ပဏာမပါထားတဲ့ ဘော်လီဘောသမားတွေ သွားခေါ်ချလာတယ်။

အဲဒီလူတွေ ကျွန်တော်တို့ကိုမြင်မှ. .

"အာ. . ကြည်ဖြူတို့ပဲ မင်းတို့ဒီမှာ အချဉ်လာဖမ်းနေတယ်ဟုတ်လား"

ဆိုပြီး သူတို့နဲ့တည်ပေးတယ်။ သူတို့နဲ့ကျတော့ ဌာနဆိုင်ရာပွဲတွေမှာ တွေ့နေတော့ သိတာပေါ့။

အဲဒီလူတွေကျတော့ ကျွန်တော်တို့က မနိုင်လောက်ဘူး။ စဉ်းစားကြည့်လေ တစ်နေ့လုံးလည်း မနားတမ်းကစားထားပြီးပြီ။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးအဆင့်ကစားရမှာလည်း လက်ရွေးစင်ပဏာမအဆင့်တွေ၊ ဘယ်လိုနိုင်လောက်တော့မှာလဲ။

မကစားတော့ဘူးဆိုလည်း မရဘူး၊ ပရိသတ်ကလည်း တင်းနေပြီကိုး။

"မင်းတို့ဒီလောက်ကောင်းတဲ့ကောင်တွေ လက်ရွေးစင်တွေနဲ့ကစား"

ဆိုပြီး လွှတ်ပေးတာ။ မတတ်သာတဲ့အဆုံး ကျွန်တော်တို့ တစ်ပွဲကစားပေးရတယ်။ အဲဒီတုန်းက ငါးထောင်ကြေး။

စဉ်းစားကြည့် ငါးထောင်ဆိုတဲ့ငွေက နည်းလား။

ကစားလိုက်တာနဲ့ သိတယ်၊ ဟိုလူက အင်တာနေရှင်နယ်သမား။ စီးပွားရေးကျတော့မသိဘူး။ ဘောလုံးထောင်တာနဲ့ ရိုက်မယ်ဆိုတာချည်းပဲ။ ကျွန်တော်တို့က စီးပွားရေးသမားစစ်စစ်တွေ။ အကွက်ကလေးပစ်လိုက် ဆွဲချလိုက်နဲ့ဆိုတော့ ကြည့်ရတာ သူတို့လောက်မပြင်းထန်ဘူး။ အမှတ်ကျတော့ အတူတူရနေတာပဲ။

ကြည့်လိုက်ရင်တော့ ဟိုလူရိုက်ချလိုက်ရင် ဘောလုံးပါပျောက်တယ်။ (တကယ်လည်းပျောက်တယ်)ကိုယ့်ဘက်က ပြန်လုပ်လိုက်ရင် ကမျောက်ကချောက်နဲ့ သူတို့ဘက်ပြန်ကျနေတာကိုး။

ဒီလိုနဲ့ ကစားရင်းလေးငါးမှတ်ကျတော့ ကျွန်တော်တို့ဘက်ဒိုင်ခံလောင်းနေတဲ့ကောင်က ကျွန်တော်တို့နားကပ်ပြီး. .

"ဟေ့ကောင်တွေ ဆယ်မှတ်ထိပဲကစားပြီးရင် အရှုံးပေးလိုက်"

ဆိုပြီး လာကပ်ပြောတယ်။ ဟုတ်လည်း ဟုတ်တယ်။ ဒီပွဲမှာလည်း ဆက်အနိုင်ယူလို့ မဖြစ်တော့ဘူး။ ဆက်အနိုင်ယူရင် ကျွန်တော်တို့ကို ပေးပြန်ကြတော့မှာ မဟုတ်ဘူး။ နောက်ဆယ်မှတ်ထိပဲကစားတော့ဆိုတာ ဒီကောင်ကအပြင်မှာ ကျွန်တော်တို့အဖွဲ့ကို





ဆယ်မှတ်ဂိမ်းနဲ့ လောင်းထားပြီးပြီကိုး။ ကျွန်တော်တို့ ဆယ်မှတ်ရရင် အပြင်ကြေးနိုင်ပြီလေ။

ဒီလိုနဲ့ကစားလိုက်တာ ဟိုဘက်ကနိုင်သွားတယ်။ ဒါပေမယ့် အပြင်လောင်းကြေးကျတော့ ကျွန်တော်တို့တစ်သောင်းလောက်ထပ်မြတ်တယ်။ ကျွန်တော်တို့က ဆယ်မှတ်ရသွားတာကိုး။


× × × × ×



www.burmeseclassic.com

www.burmeseclassic.com





ပွဲပြီးလို့ ပြန်မယ်လုပ်မှ. .

"ဟာ ဒီကောင်တွေ သက်သက်လူလည်ကျတာ၊ လောင်းကြေးကို နည်းနည်းပဲထည့်ပြီး အပြင်ပေါက်ကြေးကို အများကြီး သိမ်းကြုံးယူသွားတာ။ ပေးမပြန်နဲ့ ဟေ့ကောင်တွေ၊ ဒီကောင်တွေကို လောင်းကြေးတိုးပြီး ကစားခိုင်း"

စသည်ဖြင့် ဖြစ်ကုန်ကြရော. . အဲဒီတော့မှ လူတွေလည်း ကျွန်တော်တို့လုပ်ပေါက်ကို ရိပ်မိတော့တယ်။ ဟုတ်တယ်လေ။ ပွဲကကိုယ်ရှုံးပေမယ့် လောင်းကြေးကနိုင်တာကိုး။





အဲဒါနဲ့ပဲ အတင်းဆက်ပြီး ကစားခိုင်းတာ။ ကျွန်တော်တို့ကလည်း ပိုက်ဆံရပေမယ့် မပျော်တော့ဘူး။ စဉ်းစားကြည့်လေ။ တစ်နေကုန်အောင်လည်း ကစားထားရတဲ့အပြင် ရေလည်းမချိုးရ၊ အနားလည်းမယူရဆိုတော့ ဘယ်လိုမှ ဆက်ကစားချင်စိတ်မရှိတော့ဘူး။ မြို့ခံလူတွေကလည်း သူတို့ပိုက်ဆံပြန်လိုချင်တာနဲ့စာရင် ကျွန်တော်တို့ ပိုးစိုးပက်စက်ရှုံးတာကို မြင်ချင်ကြတယ်။ အဲဒါနဲ့ပဲ မှောင်နေပြီဆိုတာကိုတောင် ကွင်းဘေးမီးတိုင်တွေထွန်း၊ လမ်းတွေပိတ် လုပ်ကြတယ်။ အဲဒီအချိန်မှာပဲ ကံကောင်းချင်တော့. .

"ဟေ့ ဘာဖြစ်နေကြတာလဲကွ၊ လမ်းတွေဘာလို့ ပိတ်တာလဲ"

ဆိုတဲ့ အော်သံနဲ့အတူ ယာဉ်ထိန်းရဲတွေရောက်လာတယ်။ အဲဒီတော့မှ ကျွန်တော်တို့ကလည်း ကလေးဟန်ဆောင်ပြီး. .

"လုပ်ကြပါဦး ဦးရယ်၊ ဒီလူတွေက သားသားတို့ကို ပေးမပြန်လို့ အဟင့်"

ဘာညာနဲ့ ပတ်ချွဲနပ်ချွဲလုပ်တော့မှ ယာဉ်ထိန်းရဲကြီးကလည်း ကျွန်တော်တို့ကိုကြည့်တော့ ကလေးလေးတွေဖြစ်နေလို့ထင်တယ်။ သနားပြီး. .

"မင်းတို့ ကလေးတွေကို အဲလိုတော့ အနိုင်မကျင့်ကြနဲ့ကွာ၊ ကဲ. . သားတို့ လာလာ"

ဆိုပြီး မြင်းလှည်းတစ်စီးပေါ် တွန်းတင်ပြီး သူကိုယ်တိုင် စောင့်ကြပ်ပြီး တည်းတဲ့အိမ်ဆီ ပြန်ခေါ်ပေးခဲ့ရတယ်။

နောက်တစ်နေ့မနက် အစောဆုံးသင်္ဘောနဲ့မှ ဘီလူးကျွန်းကို ခိုးကြောင်ခိုးဝှက်ပြန်ခဲ့ရတယ်။

ဆိုလိုချင်တာကဗျာ။

ငယ်ငယ်ကတည်းက ဘော်လီဘောကို မြန်မာ့လက်ရွေးစင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ခဲ့တယ်။ အဲဒီအတတ်ပညာနဲ့ အသက်မွေးဝမ်းကြောင်းပြုဖို့ အထိကို လေ့ကျင့်ခဲ့တယ်။

အိမ်ရှေ့မှာ လေးပေနက်တဲ့ကျင်းတစ်ခုတူးပြီး နေ့စဉ်အခါ နှစ်ရာ ခုန်တက်ခုန်ဆင်းလုပ်ခဲ့တယ်။ ဒူးနဲ့ရင်ဘတ်ထိအောင် တစ်နေ့အကြိမ်နှစ်ရာ ပုံမှန်ခုန်ခဲ့တယ်။ မြင်းမိုရ်တောင် ဘုရားလှေကားတွေကို မနက်တစ်ခါ ညနေတစ်ခါ ပြေးတက်ခဲ့တယ်။ မိုးလုံလေလုံ ခန်းမထဲမှာရှိတဲ့ ဆယ်ပေအမြင့် ဘတ်စကတ်ဘောကွင်းကို နေ့စဉ် ခုန်တွယ်ခဲ့တယ်။ ရှစ်ပေအမြင့်ရှိတဲ့ ဘော်လီဘောပိုက်ကို ခေါင်းထွက်နိုင်အောင်ခုန်ခဲ့တယ်။

အဓိက ကျွန်တော်တို့ကျင့်ကြတာက လေပေါ်မှာခန္ဓာကိုယ်ကို တန့်နိုင်အောင်လုပ်ခဲ့တယ်။ ဘော်လီဘောသမားရဲ့ အဓိကအားက ခါးမှာရှိတယ်။ ခုန်တက်လိုက်ပြီဆို လေပေါ်မှာ ခါးနဲ့ပဲအဓိက,ကစားရတယ်။ လေပေါ်ရောက်မှ ခါးကိုကော့ပြီး ခြေထောက်ကိုပြန်ဆန့်ပြီး ရပ်နေရတယ်။ လေပေါ်မှာမှ ခန္ဓာကိုယ်ကို ရပ်တန့်လို့မရရင် ဘော်လီဘောသမားကောင်းမဖြစ်ဘူး။ အတူတူခုန်တာပဲ။ ဒါပေမယ့် တစ်ဖက်သူက ကျသွားလိမ့်မယ်။ ကိုယ်ကလေပေါ်မှာ တစ်ဖက်လူက ကိုယ်ခုန်တာစောလို့ လိုက်ခုန်လိမ့်မယ်။ ဒါပေမယ့် သူကကျသွားပြီ ကိုယ်က မကျသေးဘူး။ အဲဒီတော့မှ ဘောလုံးကို ကိုယ်လုပ်ချင်သလို လုပ်မယ်။ အဲဒီလို. .

ကံကြမ္မာက အဲဒီဘက်မှမကောင်းဘူးဗျာ။ အဲဒီနောက် အိမ်ကထွက်ပြေး ဟိုရောက်ဒီရောက်နဲ့ နောက်ဆုံး ရန်ကုန်ရောက်လာတယ်။ ရန်ကုန်ရောက်တော့ ဘော်လီဘောနည်းနည်းပြန်ကစားဖြစ်တယ်။ ရန်ကုန်က နာမည်ကြီးတချို့ ကျွန်တော့်ကို လာကစားကြတယ်။ အဲဒီနောက်ကမှ ကျွန်တော့်အစ်ကို ကိုမိုးက ဆောက်လုပ်ရေးတစ်ခုမှာ အလုပ်လုပ်နေတော့ ကျွန်တော့်ကိုသူ့ဆီလာပြန်လုပ်ဖို့ခေါ်





တာနဲ့ ကျွန်တော် သူနဲ့သွားပြန်လုပ်ဖြစ်တယ်။

လှအိုးကွဲဝတ္ထုဖတ်ဖူးရင်တော့ သိမှာပေါ့။ ကျွန်တော် တံတားဆောက်တဲ့ နေရာရောက်သွားတာ။ အမှန်တကယ်က ကျွန်တော်တို့အတ္တရုံတံတားဆောက်ခဲ့ဖူးတာ။ အဲဒီမှာ ကျွန်တော်က စာရေး။ ကျောက်တွေ၊ သဲတွေ တံတားတစ်စင်းလုံးအတွက် လက်ခံပေးရတာ။ အင်ဂျင်နီယာတွေနောက်လိုက်ပြီး သီအိုဒိုလိုက်(စ်)တို့ လယ်ဘယ်တို့ လိုက်ချိန်ပေးရသေးတယ်။ ပြီးရင်

အလုပ်သမားက အားလုံးပေါင်း လေးဆယ်ကျော်လောက်ရှိတာ။ ကျောက်သဲ ဘိလပ်မြေကို စက်ထဲထည့်ပြီး ဖျော်ရတယ်လေ။ အဲဒီနေရာမှာလည်း အချိုးက မှားလို့မဖြစ်ဘူး။ ဘယ်လောက်ထိအချိုးကို စိတ်ထဲစွဲနေလည်းဆိုရင် ကိုယ်ကြိုက်တဲ့ကောင်မလေးကို

သဲလေးလို့ခေါ်ရင်တောင်

“သဲလေး ကျောက်ရှစ်၊ ဘိလပ်မြေနှစ်” ဆိုပြီးပေါ်နေတော့တာ။

သဲလေးဆ၊ ကျောက်ရှစ်ဆ၊ ဘိလပ်မြေနှစ်ဆလေ အဲဒါ စံအချိုးပဲ။

ထားဦး. .

အဲဒီတုန်းကဗျာ၊ ပြောကိုမပြောချင်ဘူး။ တံတားကိုတက်တဲ့လမ်း ကွန်ကရစ်လောင်းနေတာ။ အလုပ်လုပ်ကောင်းနေတဲ့အချိန်ကျမှ ဘိလပ်မြေဖျော်စက်ကြီး ထိုးရပ်သွားတာ။ အလုပ်က ဘာမှဆက်လုပ်လို့မရတော့ဘူး။ အလုပ်သမားလေးဆယ်လောက်ကလည်း အလုပ်မရှိတော့ ကွန်ကရစ်လောင်းရင် အပြင်မထွက်အောင် ကာထားတဲ့ သစ်သားဘောင် တစ်တောင်လောက်အပေါ်မှာ ဝိုင်းထိုင်နေကြတာ။ ကျောက်သဲရွက်ရတာဆိုတော့ မိန်းမတွေချည်းပဲ။ ယောကျ်ား ဆိုလို့ တူတူတန်တန် ကျွန်တော်နဲ့ နောက်ကွန်ကရစ်ဖြန့်တဲ့ နှစ်

www.burmeseclassic.com



ယောက်လားပဲရှိတယ်။

အလုပ်သမားကောင်မလေးတွေထဲမှာလည်း ကျွန်တော် မိုးတိမ်ပုံပြင်ဝတ္ထုထဲမှာ ထည့်ရေးတဲ့ စန္ဒာဦးဆိုတဲ့ ကောင်မလေးလည်း ပါတယ်။

အဲဒီကောင်မလေးက စိတ်အရမ်းဆတ်တယ်။ ဒေါသလည်း ကြီးတယ်။ ဒါပေမယ့် မေ့လွယ်ပျောက်လွယ် သိတယ်မဟုတ်လား။

ဒါပေမယ့် သူဒေါသထွက်ပြီဆို ဘာမှသတိမရတော့ဘူး။ တွေ့ကရာ နီးစပ်ရာနဲ့ကို ကောက်ချတော့တာပါပဲ။

ဒါကြောင့်သူ့ကို ခဲလုံးတစ်လုံးနဲ့ချပြီးရင် လွတ်အောင်သာ ပြေးပေတော့ပဲ။ သူ့ဇက်ပိုးတစ်ချက်လောက်အုပ်ပြီးရင် နောက်လှည့်ကြည့်မနေနဲ့တော့၊ မလွတ်လို့က နာဖို့သာပြင်။

ကျွန်တော်တို့ဆို ပျင်းနေရင် သူ့ကိုပဲ သွားသွားစတယ်။ သူ လိုက်ရင်ပြေးတယ်။ ပြီးရင်သူ့နားကိုပြန်ကပ်တယ်။ ပြန်စတယ်။ ပြန်ပြေးတယ်။ အဲသည်လိုပဲ လုပ်နေကျ။

အဲဒီနေ့မှာလည်း ပျင်းပျင်းရှိတာနဲ့ သူ့ကိုသွားစနေတယ်။

"ဟဲ့. . စန္ဒာဦး ဗိုက်ပူမ. . ."

"ဘာဗိုက်ပူမလဲ"

"နင့်ဗိုက်ပူလို့ ဗိုက်ပူမလို့ခေါ်တာပေါ့။ ကြည့်ပါဦး၊ ခေါင်းကလည်းကြီး၊ ခြေကျင်းဝတ်ကသေးနဲ့ ဆီကတော့ကြီး ထောင်ထားတဲ့ အတိုင်းပဲ။ နင့်ရုပ်က ကတော်ရုပ်မဟုတ်ဘူး။ ကတော့ရုပ်"

သူကျွန်တော့်စကားကို စိတ်ဆိုးပြီး အရှေ့ကခဲနဲ့ လှမ်းပစ်တယ်။ သူ့ခဲက ခြေသလုံးကို ကတောင်ခနဲ လာမှန်တယ်။

"အားလား"

လုံချည်လှန်ကြည့်တော့ ညို့သကြီးက သွေးတောင်စို့သွားတယ်။ ကိုယ်လည်း ရုတ်တရက်ခံလိုက်ရတာကြောင့် ဒေါသထွက်





မြို့ခံလူတွေကလည်း
သူတို့ပိုက်ဆံ ပြန်လို
ချင်တာနဲ့စာရင် ကျွန်တော်တို့
ပိုးစိုးပက်စက်ရှုံးတာကို
မြင်ချင်ကြတယ်။

သွားပြီး. .

ဟင်. . ကောင်မ နင်တကယ်လုပ်တာပေါ့ ဟုတ်လား။ အေး ငါလာပြီဆိုပြီး သူ့ဆီလျှောက်သွားတာ၊ သူမလှုပ်နိုင်အောင် သူ့လည်ဂုတ်ကို လက်နှစ်ဖက်နဲ့ ဖိညှစ်လိုက်တယ်။ ပြီးတော့ ပါးစပ်ကလည်း

"ဟင်. . နင်ငါ့ကိုကြောက်ပြီလား ပြောစမ်း ကြောက်ပြီလား"

ဆိုပြီးမေးတယ်။ ငတိမက ခေါင်းဘောင်မပေါ်နိုင်ဘဲ

"မကြောက်ဘူး၊ မကြောက်ဘူး"

ဆိုပြီး ပြန်အော်တယ်။ ဘေးနားက ကြည့်နေတဲ့ အလုပ်သမားမိန်းကလေးတွေကလည်း ကျွန်တော်တို့နှစ်ယောက်အဖြစ်ကို ကြည့်ပြီးရယ်ကြတယ်။ ဟုတ်တယ်လေ၊ ပုံစံက ကိုးရိုးကားရားကြီးဖြစ်နေတဲ့ဟာကို။ ကျွန်တော်လည်း သူ့ဂုတ်ကို ညှစ်ထားရာကမလွှတ်ဘဲ

"စန္ဒာဦး ကြောက်ပြီလား ပြောစမ်း၊ မပြောရင် ငါမလွှတ်ဘူး" ဆိုတာကို ငတိမက



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ဘူး မကြောက်ဘူး၊ အေး. . ကိုကို ငါလွတ်ရင် နင်သေပြီမှတ်တော့"

ဆိုပြီးအော်တယ်။ ကျွန်တော်ကလည်း သူ့အကြောင်းသိတော့ မလွှတ်ရဲဘူး။ လွှတ်လိုက်တာနဲ့ လွတ်အောင်ပြေးရမှာလေ။ နောက်မဟုတ်ရင် စန္ဒာဦးလက်နဲ့က လွယ်မှာမဟုတ်ဘူး။ ဒါကြောင့် ပြေးပေါက်ကို ချောင်းရင်းမှ ဂုတ်ကိုနာအောင်ဖိပြီး. .

"ဟင် နင်ဒီလောက်တောင် မကြောက်သေးဘူး ဟုတ်လား ကဲဟာ ကဲဟာ"

ဆိုပြီး သူ့ဇက်ပိုးကို နှစ်ချက်လောက်အုပ်ပြီး သူ့လက်က လွတ်အောင် ဘော်လီဘောနည်းစနစ်အပြည့်နဲ့ ခုန်ထွက်လိုက်တော့. .

"ဟာ. ."

ခြေထောက်တစ်ချောင်းလုံးက အေးခနဲအထိအတွေ့. .

"အား. . ဘာကြီးလဲဟ"

"ဟင် ဖြူဖြူကြီး ဖြူဖြူကြီး"

"အောင်မလေး လုပ်ကြပါဦး"

ဆိုတဲ့အော်သံတွေ မိန်းမတွေဆီက စီညံသွားတယ်။ ကိုယ်လည်း မသကာလို့ ကြည့်လိုက်တော့. .

"ဟာ"

ကျွန်တော်ခုန်ထွက်လိုက်တာ လုံချည်ပါမလာဘူး။ ခုန စန္ဒာဦးက ကျွန်တော် သူ့ဂုတ်ကိုနှိပ်ထားတုန်းက ကျွန်တော့်လုံချည် အောက်နားကို ကျွန်တော်မသိအောင် ဆွဲထားတာ။

"အောင်မလေး လုပ်ကြပါဦး"

ကျွန်တော်ကလည်းဗျာ ကိုးနှစ်သားကတည်းက ဘော်လီဘော လေ့ကျင့်လာတာ။ ဆယ်ပေအမြင့် ဘတ်စကတ်ဘောကွင်းကိုမီအောင်





ခုန်ဆွဲလာတာ။ နောက်ပြီး လေပေါ်မှာ ရှုတ်တရက်တန့်နေအောင် ခါးကိုကော့ပြီး ပုံစံပြည့်ခုန်တတ်တဲ့သူ။ ဘယ်လိုခုန်ခုန် ဒီပုံစံခွက်ထဲ ကျိုးနေသူ။ နောက် ကိုယ်က ရာသက်ပန်အရှင်းသမား။

ခန္ဓာကိုယ်က ခါးကော့ပြီး လေမှာခဏငြိမ်နေတယ်။ ဘော်လီဘောကို မြန်မာ့လက်ရွေးစင်ဖြစ်အောင် လေ့ကျင့်လာတဲ့ အကျိုးတွေလေ။ ခန္ဓာကိုယ်က အားလုံးရဲ့အပေါ် လေထဲမှာငြိမ်နေတယ်။ အဲဒီအချိန်ကျမှ မြေကြီးပေါ် မြန်မြန်ကျဖို့ ဘယ်လိုယက်ဆင်းရမှန်း မလေ့ကျင့်ခဲ့မိတော့ မသိဖြစ်နေတယ်။ အတော်ကြာမှ. .

"အား"

အကျကတော့လှတယ်။ ဘယ်က ဘယ်လိုဖြစ်တယ်မသိဘူး။ တင်ပလ္လင်ခွေလျက်ကလေးကိုကျတာ။ လုံချည်က စန္ဒာဦးလက်ထဲမှာရှိတုန်း။

"အား ပြန်ပေးပါ၊ ပြန်ပေးပါ၊ ငါ့လုံချည်"

အကျီကလည်း တိုနေတော့ဗျာ ဘယ်လိုဖုံးရမှန်းမသိဘူး။ အဲဒီတော့မှ စန္ဒာဦးလည်း သတိရပြီး ကျွန်တော့်လုံချည်ကို ပြန်ပစ်ပေးတယ်။

"ရော့. . ရော့. . မြန်မြန်ယူ. . မြန်မြန်ယူ"

သူလုံချည်ပြန်ပေးတာ မှန်ပေမယ့် ကိုယ်ကတင်ပလ္လင်ခွေလျက်ကြီးကျတာဆိုတော့ လုံချည်ကိုခြေထောက်ထဲဝင်အောင် ဘယ်လိုပြန်သွင်းရမှန်းမသိဘူး။ ခဏနေမှ လုံချည်က ခြေထောက်နှစ်ချောင်းထဲ စွပ်ဆိုပြန်ရောက်သွားတယ်။

ပြီးတာနဲ့ ချက်ချင်းရုံးခန်းထဲ ပြန်ပြေးဝင်ပြီး ပုန်းနေရတယ်။

အဲဒီနေ့ အလုပ်တွေအားလုံး ပျက်ကုန်တယ်။ အလုပ်သမားတွေအားလုံး အလုပ်ခိုင်းလို့ မရတော့ဘူး။ အကုန်လုံး တအောင့်အေးတအန်အန်နဲ့ ဘာဖြစ်သွားကြတာလဲ မသိဘူး။ အကုန်လုံး ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုချက်မှမရဘဲ အိမ်ပြန်ကုန်ကြလို့လေ။

ရှက်လိုက်တာ သေမတတ်ပဲဗျာ။ အဲဒါကြောင့် အဲဒီအဖြစ်အပျက်တွေ ဘယ်သူ့မှမပြောပြဘူး။ အခုလူစုံမှ ရှင်းပြတာ။ အခုဒီစာရေးတာတောင် ရှက်လွန်းလို့ လုံချည်ခေါင်းမြီးခြုံပြီး ရေးတာ။ မျက်နှာလုံပြီးရော ကျန်တာဘာဖြစ်ဖြစ် အေးရော။

နောက်နေ့ကျတော့ အလုပ်မဆင်းရဲတော့ဘူး။ ကိုယ့်မျက်စိထဲမှာလည်း ဖြစ်ခဲ့တဲ့ပုံစံကို ပြန်မြင်ယောင်နေတယ်။

ဒါပေမယ့် သိပ်မကြာလိုက်ပါဘူး။ အလုပ်သမားတွေ တစ်ယောက်ပြီးတစ်ယောက် ကျွန်တော့်အိမ်ရောက်လာပြီး လာရှင်းပြကြတယ်။

"ကိုကို. . အဲဒီနေ့ကလေ သမီးကအလုပ်နားတုန်း ဖျိုင်းပုံ့လာလို့ မော့ကြည့်နေတာ ကိုကို့တင်ပါးဆုံဖြူဖြူကြီးမြင်မိပေါင်"

ဒါကတစ်ယောက်. .

"အဲဒီတုန်းက ညီမကလေ အလုပ်နားတုန်း ခေါင်းခုပြင်ခုနေတာ။ ဖြစ်ချင်တော့ ခေါင်းခုက မျက်လုံးလာကွယ်နေတော့ ကိုကို့ဖင်ဖြူဖြူကြီး မမြင်လိုက်ပါဘူး"

အားလုံးပေါင်း အယောက်လေးဆယ်ကျော်ဗျာ။ တစ်ယောက်ပြီးတစ်ယောက် သူတို့မမြင်မိကြောင်းကို လာလာရှင်းပြနေကြတယ်။ အမှန်တော့ မမြင်ရင်လည်း လာရှင်းပြမနေနဲ့ပေါ့။ မမြင်ဖူးသာဆိုတယ်။ ဟိုဖြူဖြူကြီးက ပြောလိုက်တိုင်းပါနေသေး။ သူတို့မကြည့်ရင် ဒီWhite Colourကြီး ဘယ်လိုမြင်မှာလဲ။ ခုတော့ တစ်ယောက်ပြီးတစ်ယောက် လာရှင်းပြနေတာ ကိုယ့်အရှက်ကို တခွမ်းခွမ်းနဲ့ လာရိုက်နေသလိုပဲ။

ကျွန်တော်လည်း သိပါတယ်ဗျာ။ ရှစ်ပေပိုက်ကို ခေါင်းကျော်လာတဲ့ ခုန်အားနဲ့ တံတားထိပ်မှာ သွားခုန်မိတာ။ ဟိုဘက်ကမ်းက





လူတွေပါ မြင်တယ်။

ထားလိုက်ပါတော့။ ရှက်လို့မပြောတော့ဘဲ အခုလူစုံလို့ ရှင်းပြတာ။

စန္ဒာဦးခမျာလည်း အဲဒီထဲက သီလရှင်ပဲဝတ်တော့မလို။ ယောဂီပဲလုပ်တော့မလိုဖြစ်နေလို့ ကျွန်တော်ကိုယ်တိုင်ပဲ သွားပြန်ချော့ခေါ်ရတယ်။

"ညီမရယ် ဘာမှမဖြစ်ပါဘူး။ အစ်ကို ပစ္စည်းနဲ့လူတန်းစားဖြစ်ကြောင်း ကြော်ငြာတယ်လို့သာ သဘောထားလိုက်ပါ။ လူတိုင်းကပ်ပါနေတဲ့ကိစ္စပဲ ညီမရယ်။ ကိုယ့်အလုပ်သမားနဲ့ကိုယ် ညီညွတ်ပြီးကပ်ပါနေတာပြောပါတယ်"

စသည်ဖြင့်ဗျာ ဘာတွေမှန်းလည်းမသိဘူး။ ညဘက်မှောင်မှောင်စမ်းစမ်းကြီးမှာ စန္ဒာဦးအိမ်တက် တောင်းပန်ရတာ။


မကြာပါဘူး။ စန္ဒာဦးခမျာ သီလရှင်ဖက်မလှည့်ဘဲ မြို့တက်သွားတယ်ဆိုတဲ့ သတင်းကြားရတယ်။ သိပ်မကြာဘူး ယောက်ျားလည်းယူလိုက်တယ်။ ဘယ်ကနေဘယ်လို စိတ်လည်သွားတယ် မပြောတတ်ပါဘူး။

ကျွန်တော်လည်း အဲဒီကတည်းက ဘော်လီဘောမြင်ရင်ယောင်လို့တောင် မကြည့်တော့တာ ဒီနေ့ထိ။

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# နာရေး

"သွားတော့ သားရေ သွားတော့ လောကမှာ ကိုယ်လိုချင်တဲ့မိန်းမလည်းရပြီး ကိုယ်အင်မတန်ကြိုက်တဲ့ အရက်လည်းတဝကြီးသောက်ပြီး စောစောစီးစီး သေပစ်လိုက်တာ။ နင့်ဘဝနလေးပဲ အေးချမ်းပါတယ် သားရေ"

အဘွားကြီးမြ လောလောလတ်လတ် သေသွားသော သူ့သားတင်မောင်ရဲ့ အလောင်းနားထိုင်ပြီး ဆေးပေ့ါလိပ်ကြီး ရဲနေအောင်ဖွာပြီးရေရွတ်နေသည်။ သူ့ပုံက ဝမ်းနည်းပုံမရ။ သူငယ်ချင်းတစ်ယောက်ကို အေးအေးဆေးဆေး ထိုင်ပြောပြနေဟန်နှင့် ပါးစပ်က တတွတ်တွတ်ရွတ်နေသည်။





"မင်းဘဝလေးကပဲ ကောင်းပါတယ် မောင်တင်မောင်ရယ်၊ လူ့လောကမှာ နှစ်သုံးလေးဆယ်နေသွား တော်ရောပေ့ါ။ ကြာကြာနေရင်လည်း မင်းကိုဆန်ကုန်မြေလေးလို့ အများကပြောကြဦးမယ်။ စောစောကြီး သေပစ်လိုက်တာ အေးပါတယ်။ အခုပဲကြည့်လေ၊ နင်သေလို့ အမေလည်း မငိုဘူး၊ နင့်အစ်မလည်း မငိုဘူး၊ နင့်အစ်ကိုလည်း မငိုဘူး၊ နင့်မိန်းမ ဟိုကောင်မသာ ငိုချင်ယောင်လာဆောင်နေတာ၊ ကြည့်လို့ကိုမရဘူး"

သူ့နံဘေးမှာ တရှုံ့ရှုံ့ငိုကြွေးနေသော တင်မောင့်မိန်းမ မလှအေးကို မဲ့ရွဲ့ကြည့်ရင်းပြောသည်။

မသေခင်ကတော့ တင်မောင်နှိပ်စက်လွန်းလို့ ကွဲပါရစေ၊ ကွာပါရစေဆိုပြီး ကလေးနှစ်ကောင်ပစ်ပြီး အိမ်ပေါ်ကဆင်းသွားတဲ့ဟာမလေ။ အခု သေပြီးတော့မှ ဘာင်မောင်ကောင်းခဲ့တာလေး ရှိပါတယ်တဲ့။ ဘာကောင်းခဲ့သလဲဆိုရင် သူတို့နှစ်ယောက်ပဲ သိမှာပေ့ါ။

ဘေးနားက တရှုံ့ရှုံ့ငိုကြွေးနေသော တင်မောင့်မိန်းမ မလှအေး ချုံးပွဲချငိုချလိုက်ပြီး

"ဟီး ကိုတင်မောင်က ကောင်းပါတယ်တော့ ဟီး"

ဆိုပြီး ငိုသံကြီးနှင့် ပြော၏။ ဒါကို ဘွားမြကရှုံ့ရင်း၊

"ဟေ့ တင်မောင်ကြားလား၊ နင့်မိန်းမလှအေးက ကောင်းလို့တဲ့။ ငါဖြင့် လူရှေ့ သူရှေ့ တင်မောင်ကောင်းတာ တစ်ခါမှမမြင်ဖူးဘူး၊ ခြင်ထောင်ထဲ တင်မောင် နင်းပေးနှိပ်ပေး ကောင်းရင်တော့ မသိပေါင်"

အဘွားမြ လက်ထဲကိုင်ထားသော ဆေးပေ့ါလိပ်ကို ပြာချွေရင်း ပြောသည်။ နောက် သူမှပင်ဆက်၍

"ဩော်. . . တင်မောင် တင်မောင် နင်သေတာသိတော့ နင့်သူငယ်ချင်းတွေက လာကြတယ်၊ နင်သောက်သောက်နေကျ အရက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



> ထွန်းစိန်က ဖဲဝိုင်းပြန်ထိုင်ပြီး အကောက်ပဲကောက်ပေးသလိုလို၊ သူပဲဖဲရိုက်သလိုနဲ့လုပ်ပြီး မနက်ကျတော့ အကောက်ငွေထဲက ငွေငါးရာ ခါးလိမ်သွားတာ။

ကလူ ပါပေ့။ နင်သေပစ်လိုက်တာသိလို့ ဝမ်းမနည်းတဲ့အပြင် ပျော်တောင်ပျော်နေသေး။ ဘာဖြစ်လို့ပျော်သလဲမေးတော့ ဖဲမရိုက်ရတာကြာလို့တဲ့အေ။ အခုနင်သေတော့မှ သူတို့ဖဲတစ်ဝရိုက်ရတော့မှာမို့တဲ့။ ဟဲ့ ဟိုကောင်မတိုးတိုးဝိုင်စမ်း။ နင့်ဝိုင်သံက မသာအိမ်ကျနေတာပဲ"

"အီး မသာအိမ်ပဲ ငိုမှာပေါ့"

ဘွားမြစကားကို သူချွေးမ မလှအေးက ငိုရင်း ပက်ခနဲပြန်ပြောသည်။ ထိုတော့မှ ဘွားမြ သတိရသွားသလိုဖြင့်

"အေး၊ ဟုတ်သား ဆက်ငိုဆက်ငို နည်းနည်းတော့အသံလျှော့ငို။ ငါစကားပြောရတာ စိတ်ဖြောင့်ဘူး"

ဆိုကာ ဆက်၍

"အဲဒါနဲ့ ပြောရဦးမယ် တင်မောင်ရေ နင့်သူငယ်ချင်း အရက်သမားတွေလေ။ ညကျတော့ပဲ ဝိုင်းမှာရန်ထသတ်ကြလို့ဟေ့။ ငါ့မှာအဘွားအိုကြီးနဲ့ ထဆွဲရတာ။ မဆွဲရင်လည်း မဖြစ်ဘူး။ ထွန်းစိန်လက်ထဲက ဓားမြှောင်နဲ့၊ အောင်ကြီးလက်မှာက တုတ်ပိုင်းကြီးနဲ့ဟဲ့။ ငါ့မှာနောက်ထပ် မသာမမြင်ချင်သေးတာနဲ့ ဝင်ဆွဲလိုက်ရတာ။ ဟဲ့ မိသောင်း နောက်ဖေးမှာဟင်းအိုးတူးပြီလား မသိဘူး။ ငါတူးနံ့ရနေ





တယ်"

ဘွားမြ ပြောလည်းပြော သူ့သမီးကိုလည်း လှမ်းအော်လိုက်သည်။ သူ့သမီး မိသောင်းက မီးဖိုချောင်ထဲ လှမ်းဝင်သွားပြီး

"မတူးပါဘူး အမေရဲ့။ ဒညင်းသီး မီးဖုတ်ထားတာပါ"

ဟူ၍ ပြန်အော်သည်။ ဒါကို ဘွားမြက

"အေးအေး ဒါဆိုလည်းပြီးရော။ အဲဒါနဲ့ တင်မောင်ရေ နင့်သူငယ်ချင်း အောင်ကြီးကတော့ ပြန်သွားပါရဲ့။ ထွန်းစိန်က ဖဲဝိုင်းပြန်ထိုင်ပြီး အကောက်ပဲ ကောက်ပေးသလိုလို၊ သူပဲ ဖဲရိုက်သလိုနဲ့လုပ်ပြီး မနက်ကျတော့ အကောက်ငွေထဲက ငွေငါးရာ ခါးလိမ်သွားတာ။ ငါလည်းမပြောတော့ပါဘူး။ နင့်သူငယ်ချင်း နင့်လိုပဲနေမှာသိနေတာပဲ"

"ဟဲ့ ပြောရဦးမယ် တင်မောင်ရေ နင့်သမီး အငယ်မပုစူးမလေး လူကသာလေးနှစ်"

"သုံးနှစ်ခွဲပါ အမေရဲ့"

သူ့စကားမဆုံးခင် တရှုံ့ရှုံ့ငိုနေသော တင်မောင့်မိန်းမ မလှအေးက ဝင်ထောက်ပေး၏။ ဒါကို ဘွားမြက

"အေး အေး သုံးနှစ်ခွဲ သူက ညကနင့်ကို တွေ့သတဲ့"

ဘွားမြစကားကြောင့် မလှအေး ကြက်သီးထသွားသလိုနှင့် အငိုရပ်ပြီး ဘေးဘီဝဲ့ကြည့်တော့၊ သူ့ပုံက သရဲကြောက်တတ်ပုံ၊ ဘွားမြကတော့ ဆေးပေါ့လိပ်ကို အားရပါးရဖွာရင်း

"ငါတော့မထင်ပေါင်။ အသက်ရှင်တုန်းမှာတောင် အိမ်မကပ်တဲ့သူက သေမှအိမ်ပြန်လာပါ့မလား"

သူ့စကားကို မီးဖိုချောင်ထဲ ဟင်းအိုးတည်နေသော မိသောင်းက "အို အမေကလည်း သူ့သားသမီးတွေ ရှိနေတာပဲ။ လာကြည့်ရင်ကြည့်မှာပေါ့"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



> ဘွားမြတို့က နေ့ကျော့လို့ ခြေမကာလိထိုးပြီး နှစ်ပြည်ဖိုးလောက် ရယ်လိုက်ချင်သေး။ ဒီလို ပုံမျိုးနဲ့ မင်းသမီးလုပ်ရင် အကယ်ဒမီဆိုတိုင်း လှအေးချည်းရမှာဟု

မိသောင်းစကားကြောင့် မိလှအေး ငိုနေရာမှ မျက်လုံးကြီး ပြူးကျယ်ကာအနောက်ကိုအနည်း ငယ်ဆုတ်သွား၏။ ဘွားမြကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ့ဘာသာ သူဆက်ပြောနေပြန်သည်။

"မနက်ကလည်း နင့်အတွက် အမျှဝေဖို့ ဟာကို ဘုန်းကြီးငါးပါး ပင့်ခိုင်းလိုက်တာ မိသောင်းရဲ့မောင်ထူးလေ။ သုံးပါးပဲပင့်လာတာတော့။ အမျှဝေတော့လည်း ကြည့်ဦး နင့်မိန်းမ မလှအေးလေ ဘုန်းကြီးရှေ့တက်ပြနေတာ လူတွေသနားမလားဆိုပြီး"

သူ့စကားကို အနားမှာရှိသည့် မလှအေးက မျက်ရည်သုတ်ပြီး

"တကယ်တက်တာပါ အမေရဲ့"

"အောင်မလေး မောင်တင်မောင်ရေ နင်သာရှိရင် ပြလိုက်ချင်သေး။ ဟင်း အသက်ရှင်တုန်းက မျက်နှာချင်းဆိုင်ရင် ရန်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ကလေးမွေးဖို့လောက် ကြံစည်နေကြတဲ့ ဟာတွေကများ၊ တကယ်တက်သလေး ဘာလေးနဲ့၊ ဒါမျိုး ဘွားမြတို့က နေ့ကျော့လို့ ခြေမကာလိထိုးပြီး နှစ်ပြည်ဖိုးလောက် ရယ်လိုက်ချင်သေး။ ဒီလိုပုံမျိုးနဲ့ မင်းသမီးလုပ်ရင် အကယ်ဒမီဆိုတိုင်း လှအေးချည်းရမှာ"ဟု ငေါ ပြောရင်းနှင့်မှ

"အဲ ငါ့ကို ဆေးပေါ့လိပ်တစ်လိပ်ပေးစမ်း"





ဆိုပြီး ဆေးပေါ့လိပ်တစ်လိပ် လှမ်းတောင်း၏။ ဒါကို အနားရှိနေသော မလှအေးက ဘွားမြလက်ထဲ ဗြည့်လာလျှင် တည်ခင်းဗြည့်ခံရန်ထားသော ဆေးပေါ့လိပ်တစ်လိပ် ဆောင့်ကြီးအောင့်ကြီးနှင့် ထည့်ပေးလိုက်သည်။ ဘွားမြကတော့ ဘာကိုမှအမှုမထားဘဲ ဆေးပေါ့လိပ်ကို အပြင်ကာပလပ်စတစ်ခွာရင်း စကားကို ဆက်ပြန်သည်။

"ဟဲ့ ဝမ်းသာစရာ စကားပြောရဦးမယ်။ နင်သေမှလေ နင့်အစ်ကို မောင်ထူးတို့အလုပ်က အလုပ်ရှင်က သူ့ကားကြီးနဲ့ရောက်လာတယ်။ ကားကြီးက နီနီလုံးလုံးကြီးကြီး ပြောင်လက်နေတာ။ ကားကလည်း အမြင့်ကြီး၊ ကားနောက်မှာလည်း ဘီးတစ်လုံး အပိုပါတယ်။ ဒီဟာမျိုး ရုပ်ကွက်ထဲလာတာ ငါတစ်ခါမှ မမြင်ဖူးဘူး။ နင်သေလို့သာ ငါတို့အဲဒီကားကို တွေ့ရတာ ဟီ ဟီ။ ပြီး လာတဲ့ လူကြီးကတော့ ဖြူဖြူသန့်သန့်ကြီးပါပဲ။ အဲ အကူငွေထည့်မှ ငါးရာတဲ့။ သူ့ကားမှ သူ့အားမနာ။ ဘာပဲဖြစ်ဖြစ်ပေါ့ တင်မောင်ရယ်။ နင်မသေခင်တုန်းက နင့်မိန်းမလှအေးက နင့်ကိုအလကားကောင် အလကားကောင်လို့ ပြောခဲ့တာမဟုတ်လား။ အခု နင့်အတွက် အလှူငွေတွေရနေပြီ"

ဘွားမြက အသင့်ရှိနေသော ဆေးပေါ့လိပ်ကိုမီးညှိလိုက်သည်။ နောက် မီးခိုးထွက်အောင် တစ်ချက်နှစ်ချက်ဖွာရင်း

"အခုတော့ တင်မောင် အလကားကောင် မဟုတ်တော့ဘူး။ နင့်အတွက် အလှူငွေ ခြောက်ထောင်ကျော်ရတဲ့အတွက်၊ ငါ့သား တင်မောင် ခြောက်ထောင်အောက်ထစ်တော့ တန်သွားပြီ။ ဟုတ်တယ်မဟုတ်လား လှအေး"

ဘွားမြကပြောရင်း သူ့ချွေးမ မလှအေးကို လှည့်ပြော၏။ ဒါကို မလှအေးကလည်း ပြန်ချေမည့်ဟန်ဖြင့် နှုတ်ခမ်းကိုမဲ့ရင်း

"ခြောက်ထောင်နဲ့ ရှစ်ရာကိုများ"

ဆိုတာကို ဘွားမြက



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် နင်ယူမှာမဟုတ်လား။ ဟောဟော ကြေးစည်သံကြားတယ်"

ဘွားမြ စကားမဆက်ဘဲ ကြေးစည်သံကို နားစွင့်သည်။ နောက် မီးဖိုချောင်တွင်ရှိနေသော သူ့သမီး မိသောင်းဘက် လှည့်ကာ

"ဟဲ့ မိသောင်း၊ အသုဘပို့တော့မှာလား" ဆိုတော့

မီးဖိုထဲမှ မိသောင်းက အပြင်သို့ ခေါင်းထောင်ကြည့်ရင်း

"ဟုတ်တယ် အမေရဲ့ အခုထွက်တော့မှာလေ"

မိသောင်း အဖြေလည်းကြားပြီးရော ဘွားမြ အိမ်ရှေ့ဝေ့ကြည့်ရင်း

"ဟဲ့ ငါတို့က ဘယ်ကားနဲ့ လိုက်ရမှာလဲ"

"အမေက ကိုထူးရဲ့အလုပ်ရှင်ကားနီနီကြီးနဲ့လိုက်လေ"

ကားနီကြီးဆိုသည်နှင့် ဘွားမြသဘောကျသွားပြီး

"ကြားတဲ့အတိုင်းပဲ တင်မောင်ရေ ငါက ဟိုကားနီနီကြီးနဲ့ လိုက်ရမှာတဲ့။ နင်ကတော့ ဟိုကားနက်ကြီးနဲ့ပေါ့။ အင်း နင် စီးသွားရမယ့်ကားကလည်း ကောင်းပါတယ်။ အဲဒီကားကိုလည်း ငါတို့တွေ တစ်နေ့ မလွဲမသွေစီးကြရမှာ။ အဲဒီတော့မှ အဲဒီကားနက်ကြီးနဲ့ နင် ဘယ်လောက်ငြိမ့်ခဲ့သလဲ ငါတို့လည်း သိရမှာ"

"ဟဲ့ မိသောင်း ငါ့တဘက်ရော"

သူ့အမေးကို သူ့သမီးမိသောင်းက

"ဘုရားစင်မှာ အမေပဲ ချိတ်ထားရဲ့သားနဲ့ ဆိုတော့မှ"

"အေး ဟုတ်သား ဟဲ့ လှအေး လှမ်းယူလိုက်စမ်း"

မလှအေးက ဘုရားစင်မှ တဘက်လှမ်းယူပြီး၊ ဘွားမြကို ကမ်းပေးသည်။ ဘွားမြ တဘက်တိုကို ခြုံပြီးမှ၊

"သွားတော့ တင်မောင်ရေ သွားတော့ နင်က ရှေ့ကသွား၊ ငါတို့က နောက်ကလိုက်ခဲ့မယ်။ နင်လည်း ကားအကောင်းစား၊ ငါ





လည်း ကားအကောင်းစားနဲ့ပဲဟဲ့။ ဒါပေမယ့် ငါကတော့ နင့်လို အိပ်မလိုက်ရတာတော့ နာတယ်။ ဘယ်သူမဆို ပက်လက်ကလေး အိပ်လိုက်ရတာတော့ အညောင်းပြေတာပေါ့နော်။ အေး အေး ကောင်းလိုက်တာ ဟဲ့ လှအေးတို့ မိသောင်းတို့ကရော ဘာနဲ့လိုက်ကြမှာလဲ"

ဘွားမြက လှည့်မေးပြန်သည်။ ဒါကို မလှအေးက၊

"သမီးတို့က ကလေးတွေနဲ့မို့ နောက်ကားနဲ့မှ လိုက်မယ်"

"အေးအေး ကောင်းတယ်၊ ကောင်းတယ်"

ဟုဆိုရင်း မ,ချသွားသော တင်မောင် ရုပ်ကလာပ်ကိုကြည့်ရင်း၊

"သွားတော့ တင်မောင်ရေ သွားတော့ နင့်ဘဝမှာ လိုချင်တဲ့မိန်းမလည်းရပြီ၊ နင်ကြိုက်တဲ့အရက်လည်း တစ်ဝသောက်ပြီးပြီ၊ စောစောကြီးသေပစ်လိုက်တာ မြိန်လိုက်တော့ တင်မောင်ရေ့၊ နင့်ကလေးတွေအတွက်ကတော့ မပူနဲ့၊ နင့်မိန်းမလှအေး နောက်လင်ယူရင် သူယူတဲ့ယောက်ျား ပြန်လုပ်ကျွေးလိမ့်မယ်။ နင့်ဘဝလေးပဲ အေးချမ်းပါတယ် သားရယ်။ သွားတော့ သားရေ့ သွားတော့၊ အမေတို့က နောက်ကလိုက်ခဲ့ကြမယ်။ ဟဲ့ မိသောင်း ပူစူးတို့မောင်နီတို့ကိုခေါ်ဦး လှအေးရော"

■



www.burmeseclassic.com